
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏

အမှတ်တရ
အစ်အစဉ်

သို့

မင်္ဂလာပါ မမဘုံ...

မမဆီ စာမရေးဖြစ်တာ ကြာပြီ၊
နေကောင်းပါစေလို့ ဆုတောင်းပေးပါတယ်၊
တောက်ပစွာမုန်းမည်ကို ဖတ်ပြီးသွားပါပြီ။
အရေးအသားတွေလည်း ကောင်းတယ်၊
ဇာတ်လမ်းလည်း good တယ်၊ ကျောက်ဆည်ကို
ဖြတ်သွားဖူးပေမယ့် ရွှေသိမ်တော်ကို မရောက်ဖြစ်သေးဘူး။
fb မှာ လာအပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျ။
ဆရာမ မယ်မင်းဘုံ ဒီထက်မက အောင်မြင်မှုတွေ ရှိပါစေ။

မင်းမြတ်ခြိုရဲ့
အိမ်အမှတ်(၅၈)၊ ညောင်ပင်သာ
မိတ္ထီလာမြို့
မန္တလေးတိုင်း။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရ အစီအစဉ်

ဘုံဘုံရေ ..

နေကောင်းရဲ့လား၊ fb မှာ လက်ခံပေးတာ ကျေးဇူးပါ။

ရောက်ပစ္စာမုန်းမည်ကို အရမ်းကြိုက်ပါတယ်။ ဘုံဘုံ အရမ်းပဲ အောင်မြင်မှုတွေ ရရှိပါစေ။ စာအုပ်တွေကိုလည်း မြန်မြန်လေး ထွက်ပေးပါလား ဘုံဘုံ။

ဘုံဘုံကို အမြဲအားပေးနေတာ ယုံပါနော်။

**နှင်းသူ**
ထန်းတောရပ်၊ အမှတ်(၇)
မလှိုင်မြို့
မန္တလေးတိုင်း။



## စေတနာစာပေ၏

### အမှတ်တရ အစီအစဉ်

သို့

မမ မယ်မင်းဘုံ...

ညီမလေးက မမရဲ့ပရိသတ်တစ်ယောက်ပါ။ မိတ်ဆက်စာရေးတာလည်း ပထမဦးဆုံးအကြိမ်မို့ အမှားပါရင် ခွင့်လွှတ်ပါနော် မမ။ မမရဲ့ဝတ္ထုတွေကို အမြဲတမ်း ဖတ်ဖြစ်ပါတယ်။ ကြိုက်လွန်းလို့ တခြားဝတ္ထုတွေတောင် မဖတ်ဖြစ်ဘူး။

မမရဲ့"သံယောဇဉ်မျက်စောင်းထိုး"၊ "ဆေးကျောင်းသားနဲ့အိကိုကွင်း"ထဲက ကြက်သွန်နီကဗျာလေးကို ကြိုက်လွန်းလို့ ကူးပြီး fb ပေါ်တောင် တင်မလို့ပါ။

မမကို အမြဲအားပေးနေမှာပါ။ အခုဝတ္ထုတွေထဲမှာ မမရဲ့ဝတ္ထုတွေကိုပဲ ကြိုက်တော့တယ်။ မမဝတ္ထုတိုင်း ဖတ်ကား ဘတ်တယ်နော်၊ ဇာတ်လမ်းအသစ်အဆန်းတွေ ဖန်တီးနိုင်ပြီး တာကို လုပ်ကျွေးနိုင်ပါစေ မမ။ မမရဲ့နောက်ထွက်မယ့် ဝတ္ထုတိုင်းကို စောင့်မျှော်နေမယ်နော်။

မမရဲ့ပရိသတ်...

**ညီမလေး/ နီဝေါ်အောင်**
အကွက်(၄၄၇) ဗိုလ်အိမ်လမ်း
မဟာမြတ်မုနိဘုရားကြီးအနီး
မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရ အစီအစဉ်

ဘုံလေးရေ…

တောက်ပစ္စာမှန်းမည်ကို ဖတ်ပြီးပါပြီ။

ဘုံလေးစာအုပ်ထဲမှာပါတဲ့ ကျောက်ဆည်မြို့ကို လည်း သေချာရောက်ဖူးတော့ သိနေပါတယ် ဘုံလေးရေ…

ရွှေသိမ်တော်ဘုရားကြီးကိုလည်း ဖူးမြော်ရပါတယ်၊ နန်းတို့ ဘုရားစုံဖူးတုန်းကပါ။

ဘုံလေးရဲ့စာအုပ် ဘယ်တော့လောက် ထွက်မှာလဲ၊ မျှော်နေမယ်။

ဘုံလေးရဲ့ပရိသတ်…

**နန်း**
နန်းခွန်ရွာ (အကွက်) ၆
အောင်ပန်းမြို့၊
Ph 0926…………
ရှမ်းပြည်နယ်။



## စေတနာစာပေ၏

### အမှတ်တရ အစီအစဉ်

သို့

မမယ်မင်းရေ…

အစ်မစာအုပ်တွေ ဖတ်လို့အရမ်းကောင်းပါတယ်။
စာအုပ်တိုင်းကိုလည်း ဖတ်ချင်ပါတယ်။
ဆိုင်မှာ စာအုပ်အကုန်လုံး မရှိဘူး။
တောက်ပစ္စာ မှန်းမည်ကိုတော့ ဖတ်ရတယ်။
မန္တလေးကို အလည်သွားတုန်းပေါ့။
ဘယ်လောက်ဖတ်ဖတ် ရိုးသွားတယ် မရှိဘူး။

အောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေ။

ညီမလေး
**နိုင်**
ရှမ်းပြည်မြောက်ပိုင်း
သီပေါမြို့
လမ်းမတော်လမ်း။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ၏
အမှတ်တရ
အစီအစဉ်

ဘုံဘုံရေ...

လတိုင်း လတိုင်း စာတိုလမ်းကောင်းတွေ များများစာ ရေးသားနိုင်ပါစေ။

တောက်ပစွာမုန်းမည် ဆိုတဲ့ စာအုပ်လေးကို အခု မှပဲ ဖတ်ရပါတယ်။

ဖတ်လို့ကောင်းပါတယ်၊ အရမ်းပဲလည်း ကြိုက် တယ်။ ဘုံဘုံရေ စာအုပ်လေးတွေ ခပ်စိပ်စိပ် ထွက်ပေးပါလား။ ဘုံဘုံ့ကို fb မှာလည်း အမြဲအားပေးပါတယ်။

ဆန္ဒမွန်ဖြင့်

**ဆွေးဆွေး**
(361) လမ်းရှည်လမ်း
ရေရှုရပ်
ပြည်။



စေတနာစာပေ၏
အမှတ်တရ
အစီအစဉ်

အစ်မမယ်မင်းဘုံ...

အစ်မရဲ့စာအုပ်တွေကို သိပ်ကြိုက်ပါတယ်။

အစ်မစာအုပ်တွေကို အရမ်းမျှော်နေပါတယ်။

တောက်ပစွာ နောက်မှာ မထွက်ဖြစ်သေးတာလား၊ ကြာပြီနော်။

စာအုပ်ဆိုင်ကို မေးတော့ မထွက်သေးတာပါလို့ ပြောပါတယ်။

အစ်မရေ... ဘယ်တော့လောက် ထွက်မှာလဲ။

အစ်မကိုချစ်ခင်တဲ့...

**ဖူးဖူးချစ်**
နဝဒေးဥယျာဉ်အိမ်ရာ
လှိုင်သာယာမြို့နယ်
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

အမှတ်တရ
အစီအစဉ်

ဆရာမရေ...

ဆရာမရဲ့ဝတ္ထု မြားနတ်မောင်ဝိုင်းနိုင်းကြိဳနေသည် ဗီဒီယိုကားလေးကို ကြည့်ပြီးပါပြီ။ ညီမတို့ကတော့ ဆရာမဝတ္ထုကို မမီဘူးလို့ပဲ ပြောရမှာ။

ဝတ္ထုက ပိုကောင်းတယ်။ ညီမတို့က ဆရာမရဲ့ ဝတ္ထုကို ပြန်ရိုက်တဲ့ ဇာတ်ကားတိုင်းကို အမြဲကြည့်ပြီး အားပေးနေတာပါ။

ဆရာမ အောင်မြင်မှုသရဖူ ဇွိ၍ ဇွိ၍ ဆောင်းနိုင်ပါစေ။

ညီမလေး
မြို့မလမ်း
အမှတ်(၇)ရပ်
ပခုက္ကူမြို့။



စေတနာစာပေ

အမှတ်တရ
အစီအစဉ်

ဘုံဘုံ...

အမြဲတမ်း အောင်မြင်နိုင်ပါစေ။

ချမ်းမြေ့မှုအပေါင်းနဲ့လည်း ပြည့်စုံပါစေ။

ဘုံဘုံရဲ့ "နတ်သားအိပ်ဆေးခပ်ထားတဲ့ညနေခင်း" ဗီဒီယိုအခွေလေး ဘယ်တော့ထွက်မှာလဲ။ ဝတ္ထုက အရမ်းကောင်းတယ်။ ဘယ်သူတွေနဲ့ ရိုက်ထားပါသလဲ။

မဘုံဘုံရေ... အိဖြူ ဖုန်းဆက်တာကို လက်ခံစကားပြောပေးတဲ့အတွက် Thank ပါ။

မဘုံဘုံ စာပေရေးမှာ အောင်မြင်ပါစေ။

အိဖြူ
၆–ရေစ်
ရတနာလမ်း
ထားဝယ်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

## အမှတ်တရ
## အစီအစဉ်

သို့

မမရေ…

စာအုပ်တွေ မထွက်တာကြာနေလို့ စာရေးလိုက်တာပါ။

မမ စာအုပ်တွေကို အမြဲတမ်း မလွတ်တမ်း အားပေးနေတဲ့ ပရိသတ်ပါ မမ။

မမဆီကို တစ်ခါမှ မရေးဘူးပါ။

တောက်ပစွာမှန်းမည် စာအုပ်လေးကလည်း သိပ်ကောင်းပါတယ် မမ။ ဘာစာအုပ် ထပ်ထွက်မှာလဲလို့ စောင့်မျှော်နေပါတယ်။

သတိရအားပေးနေတဲ့

**ဗိုးယောသာဦး**

ကျွန်းချောင်းကြီး

ရေနံချောင်းမြို့နယ်

မကွေးတိုင်းဒေသကြီး။



## စေတနာစာပေ၏

## အမှတ်တရ
## အစီအစဉ်

သို့

မင်္ဂလာပါ မမယ်မင်းဘုံ…

တောက်ပစွာမှန်းမည် ဝတ္ထုလေးက ကျွန်တော်တို့ ကျောက်ဆည်မြို့ရဲ့ သမိုင်းဝင်ဘုရားတွေကို ရေးထားပေးတဲ့အတွက် ဂုဏ်ယူပါတယ်။

မမယ်မင်းဘုံကို ကျေးဇူးပါ။

**မောင်မင်းခန့်**

1st year (Phy)

ကျောက်ဆည်တက္ကသိုလ်

စေတနာစာပေ၏

အမှတ်တရ
အစီအစဉ်

မမရေ...

မင်္ဂလာပါရှင်...

မမရဲ့ တောက်ပစွာမှုန်းမည့် စာအုပ်လေး ဖတ်ရတာ အရမ်းကောင်းပါတယ်။

တခြား မမထွက်ထားတဲ့ စာအုပ်တွေနဲ့မတူ ကွဲထွက်တယ်လို့ ဖတ်ပြီး ထင်ရတယ်။

ဇာတ်လမ်းကောင်းလေးတွေ ရေးပြီး ထွက်ပေးပါဦးနော်။

အမြဲတမ်း အားပေးမှာပါ။

ချစ်ခင်စွာဖြင့်...

**ပေါက်**
အောင်သုခရပ်
ဘုရင့်နောင်လမ်း
မုံရွာမြို့။



# မယ်မင်းဘုံ

## ကျွန်တော်မှန်းနေသော အမျိုးသမီး



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## မယ်မင်းဘုံ၏ ထွက်ပြီးစာအုပ်များ

၁။ အချစ်ဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် (အောင်သီရိစာပေ)
၂။ ချစ်ရင် ... နှစ်မိနှစ်စေ (ရွှေစင်ဦးစာပေ)
၃။ ငွေတောင်ပြည်ကမြို့သူ (အောင်သီရိစာပေ)
၄။ ချစ်သူလိမ်းဖို့ဆေးကရင်မ် (အောင်သီရိစာပေ)
၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည် (ရွှေစင်ဦးစာပေ)
၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန်ငါသေပါရစေ (အောင်သီရိစာပေ)
၇။ ဆယ်ကျော်သက်ဂိမ်း (အောင်သီရိစာပေ)
၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စပွန်ဆာပေးခဲ့သည် (အောင်သီရိစာပေ)
၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင် (အောင်သီရိစာပေ)
၁၀။ နမ္မူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိစာပေ)
၁၁။ အနမ်းမြို့ကသတ္တိသား (မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေး)
၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ မိုးလင်းခဲ့တယ် (အောင်သီရိစာပေ)
၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန်အသိပါ (အောင်သီရိစာပေ)
၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ညနေခင်း(အောင်သီရိစာပေ)
၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည် (အောင်သီရိစာပေ)
၁၆။ ဘာညာသာရကာ (အောင်သီရိစာပေ)
၁၇။ ပျားရည်ဆမ်းဒြပ်ဟ (အောင်သီရိစာပေ)
၁၈။ အနမ်း Equation (အောင်သီရိစာပေ)
၁၉။ တဆိတ်လောက်ခင်ဗျာ ချစ်သူကို ... ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ (အောင်သီရိစာပေ)
၂၀။ အငြိုးကွန်ယက်နတ်သမီး (အောင်သီရိစာပေ)
၂၁။ မိုးလေးရည်းစားမြို့ကြီးသား (အောင်သီရိစာပေ)
၂၂။ အမုန်းပြယ်ဝိုင် (အောင်သီရိစာပေ)
၂၃။ နှလုံးသား Hacker (အောင်သီရိစာပေ)
၂၄။ ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ (အောင်သီရိစာပေ)
၂၅။ သူစိတ်နာတဲ့ကြားဖြတ်အစီအစဉ် (အောင်သီရိစာပေ)
၂၆။ 4 In 1 (အောင်သီရိစာပေ)
၂၇။ လရောင်စစ်စစ်သမီးရည်းစား (အောင်သီရိစာပေ)
၂၈။ ကိုယ့်နှလုံးသားတွင် သတို့သမီးပုန်းနေသည် (အောင်သီရိစာပေ)
၂၉။ နေမထိအလွမ်း (အောင်သီရိစာပေ)
၃၀။ မိုးလုံလေလုံအိမ်ထောင်ပြုသည် (အောင်သီရိစာပေ)
၃၁။ နောက်ကျောကချစ်သူ (အောင်သီရိစာပေ)
၃၂။ ရိုးမြေကျခေါင်းခါသည် (စိမ်းဝါနီစာပေ)
၃၃။ သံယောဇဉ်မျက်စောင်းထိုး (အောင်သီရိစာပေ)
၃၄။ မြားနတ်မောင်ဝုန်းဒိုင်းကြဲနေသည် (အောင်သီရိစာပေ)
၃၅။ ဆေးကျောင်းသားနှင့်အီကိုကွင်း (အောင်သီရိစာပေ)
၃၆။ အခန့်မသင့်မုန်တိုင်း (အောင်သီရိစာပေ)
၃၇။ ချေလို့နေလို့ ချစ်လေသည် (အောင်သီရိစာပေ)
၃၈။ သဝန်တို မင်္ဂလာကကြိုး (အောင်သီရိစာပေ)
၃၉။ သကြားဖျန်းတဲ့သကြိန် (အောင်သီရိစာပေ)
၄၀။ လုံးကြီးတင်ဆန်ခတ် အမျိုးသား(အောင်သီရိစာပေ)
၄၁။ တောက်ပစွာမုန်းမည် (အောင်သီရိစာပေ)

ယခုလ

၄၂။ ကျွန်တော်မုန်းနေသောအမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com


မယ်မင်းဘုံ

ကျွန်တော်မုန်းနေသောအမျိုးသမီး

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်

**တန်ဖိုး**

၁၀၀ ကျပ်

**အုပ်ရေ**

၅၀၀

**ထုတ်ဝေသူ**

ဦးကျော်လှိုင် (၀၀၆၅၁) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

**ပုံနှိပ်သူ**

ဦးကျော်လှိုင် (၀၀၄၇၇)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

မယ်မင်းဘုံ ၈၉၅.၈၃

ကျွန်တော်မုန်းနေသောအမျိုးသမီး မယ်မင်းဘုံ၊ (ရန်ကုန်)

စေတနာစာပေ။ ၂၀၁၆

၂၅၆-စာ၊ ၅ x ၇ လက်မ။

(၁) ကျွန်တော်မုန်းနေသောအမျိုးသမီး






တကယ်ဆိုရင်

အချစ်ဆိုတဲ့ တန်ဖိုးတရားတစ်ခုက

သူ့ဘက်က မတောင်းဘဲ အလိုလိုရသွားတဲ့အခါ

သိပ်ပေါလွန်းရာ ကျသွားလိမ့်မယ်လို့

မတွေးမိခဲ့တာ

ကိုယ့်ဘက်က စတင်မှားယွင်းခဲ့တာပဲ။

○❤○

www.burmeseclassic.com

www.burmeseclassic.com







(၁)

စာချုပ်တစ်ခုပေါ်မှာ ထိုးလိုက်တဲ့ လက်မှတ်သေးသေးလေးတစ်ခုရဲ့ အတိုင်းအတာဟာ နှစ်ယောက်တစ်ဘဝလုံး အတူတူနေကြဖို့ ကန့်သတ်ထားတဲ့ စည်းဘောင်နိမိတ်တစ်ခုဆိုတာ သူဟာ သိပ်ပါရက်နဲ့ ယူကျုံးမရသောစိတ်ဖြင့် မျက်လုံးစုံမှိတ်ထိုးလိုက်မိတာပဲ ဖြစ်သည်။ လက်မှတ်ထိုးပြီး အစဉ်အလာအရ လူကြီးမိဘတွေ ကန်တော့သော အခါတွင်တော့ ဖေဖေ့ဆီက လေသံတစ်ခုက ခပ်အေးအေး ထွက်လို့လာတာပဲ ဖြစ်သည်။

"အေးကွယ်... ဒီလင် ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆုတောင်းအတွက် သူဟာ ကြည့်ဖူးနေကြ ရုပ်ရှင်ကားထဲကလို မိန့်မိန့်ကြီး ခေါင်းကြီးငုံ့ကျ၍ ဟုတ်ကဲ့ပါ တော့ မလုပ်ဖြစ်ဘဲ ဝတ္တရားတစ်ခုအရသာ ခေါင်းညိတ်ပြီး ဟုတ်ကဲ့ လိုက်ရချိန်မှာ ခပ်ငုတ်ငုတ် အသံတစ်ခုက ထပ်မံထွက် ပေါ်လာတာပဲဖြစ်သည်။

"အခုပွဲလေးလည်း အောင်အောင်မြင်မြင်လေးနဲ့ ပြီးသွား ပြီဆိုတော့ အစ်ကိုကြီးလည်း ဒီနေ့ပဲ နယ်ပြန်တော့မယ် ညီမလေး"

"ရှင်… အစ်ကိုကြီးက ချက်ချင်းကြီး ပြန်တော့မလို့လား"

ထွက်လာတဲ့အသံဟာ သိသိသာသာ လှုပ်ခတ်တုန် ယင်နေကာ အားငယ်ဟန်တွေ ပါနေတာကြောင့် သူ့မျက်နှာက အလိုလို မဲ့ပြုံးတစ်ခု ထွက်လို့သွားသလို ခံစားလိုက်ရလေသည်။

"အေးလေ… ညီမလေးရဲ့။ အိမ်မှာက ဘယ်သူမှ ရှိတာ လဲ မဟုတ်ဘူးလေ။ ပစ်ထားခဲ့လို့ ဘယ်ရမလဲ။ ငါ့ညီမ မင်္ဂလာပွဲလေးလည်း အောင်အောင်မြင်မြင်နဲ့ ပြီးသွားပြီဆို





တော့ ဒီမှာ စိတ်ချမ်းချမ်းသာသာနဲ့ အားလုံးနဲ့ အဆင်ပြေ အောင် နေရမယ်နော်။ ဒီက ဦးနဲ့အဒေါ်ကိုလည်း ကျွန် တော့်ညီမလေးကို အပ်ပါတယ်နော်။ အမြင်မတော်တာရှိ ရင် ဆုံးမပဲ့ပြင်ပေးကြပါ"

တစ်ဖက်မှ ဘာမှစကားသံ ထွက်မလာတာကြောင့် ဘာသဘောဆိုတာ အလိုလို ရိပ်မိသိရှိတာကြောင့် ညီမအလိမ္မာ ဖြစ်သူက ခေါင်းညိတ်ပြကာ…

"ဟုတ်ကဲ့ပါ၊ အစ်ကိုကြီး ဘာမှစိတ်မပူနဲ့နော်။ အကြည် ဒီမှာ အားလုံးနဲ့ အဆင်ပြေအောင် နေပါ့မယ်။ အစ်ကို ကြီးလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်"

"အေးပါ ညီမလေးရယ်။ အစ်ကိုကြီး အတွက်တော့ ဘာမှ အထူးတလည် ပူမနေနဲ့။ ဆ… ဆရာလေး… ကျုပ်ညီမကို စိတ်ချပါရစေနော်"

မဝံ့မရဲ ထပ်မံအပ်တဲ့ စကားကြောင့် သူဟာ အဲဒီ လောက်အထိလည်း ရိုင်းပျဖို့ရာ မသင့်လျော်တာကြောင့် ခေါင်း ညိတ်ပြကာ တာဝန်ယူစကား ထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ၊ ဘာမှ စိတ်ပူဖို့ မလိုပါဘူး"

"ကျေးဇူးတင်ပါတယ်"

"ကို… ကိုမိုးကြီးက အခု ကားဂိတ်ကို တန်းဆင်းတော့မှာလား။ အဲဒါဆို ကျွန်တော့်ဒရိုင်ဘာ လိုက်ပို့ပေးလိမ့်မယ်။ ကားလက်မှတ်ကို သူ့ကိုပဲ ဝယ်ခိုင်းလိုက်မယ်"

"ဪ… နေပါစေ… နေပါစေ။ ကျွန်တော် တခြားဝင်စရာလေးလည်း ရှိသေးလို့ ကိုယ့်ဘာသာကိုယ်ပဲ သွားလိုက်ပါ့မယ်။ ညီမလေး အဲဒါဆို အစ်ကိုကြီး သွားမယ်နော်။ လိမ်လိမ်မာမာနေ ကြားလား"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး။ အကြည် အိမ်ရှေ့ထိ လိုက်ပို့ပေးမယ်နော်။ အိတ်ပေး"

"သွားလိုက်ပါဦးမယ်နော်"

သူ့ဖေဖေကသာ ကိုမိုးကြီးရဲ့ နှုတ်ဆက်စကားအတွက် အလိုက်အထိုက် ပြန်ပြောပေးလေသည်။

"တစ်ခါတည်း ပြန်တော့မလို့လား။ ထမင်းစားသောက်ပြီးမှ ပြန်တာမဟုတ်ဘူး"





"ကျေးဇူးတင်ပါတယ်ခင်ဗျ။ ကျွန်တော် ဝင်စရာလေးလည်း ရှိသေးလို့ပါ။ သွားလိုက်ပါဦးမယ်နော်"

ရိုရိုကျိုးကျိုး နှုတ်ဆက်မှုနှင့်အတူ ကိုမိုးကြီး ထွက်သွားလျှင်တော့ သူက အထူးတလည် ထိပ်ဝအထိ လိုက်ပို့မနေတော့ပါ။ အောက်မှာ ပဆစ်တုပ်ထိုင်လျက်သား အနေအထားမှ ထလိုက်လျှင် ဖေဖေတို့ကပါ အနားယူတော့မည့် ဟန်ပြင်ကာ…

"ဖေဖေတို့လည်း နားတော့မယ်။ သားသူငယ်ချင်းတွေကို သေချာလေး ဧည့်ခံလိုက်ပါဦး"

"ဟုတ်ကဲ့… ဖေဖေ"

ဖေဖေတို့ အပေါ်တက်သွားလျှင် သူက သူ့ရဲ့လက်ထပ်ပွဲ အခမ်းအနားကို တကူးတက တက်ပေးလေသော လင်းတို့အနားကို ရောက်သွားလေလျှင် လင်းက တည်ကြည်အေးချမ်းသော အပြုံးနှင့်အတူ သူ့ကို ခေါင်းညိတ်ပြကာ…

"သတို့သမီးလေးက တကယ်ကိုပဲ ချစ်စရာကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းရဲ့ ရှိုးကျူးစကားအတွက် သူက သက်ပြင်းရှည်ကြီးတစ်ခုချကာ ခေါင်းညိတ်ပြသည်ဟု ထင်ရသော ခေါင်းငိုက်စိုက်ချမှုနှင့်အတူ စကားသံတို့က တိတ်ဆိတ်သွားသည်။ အခုသူ ဒီအနားမှာ ရပ်နေတဲ့ အခိုက်အတန့်မှာ ကမ္ဘာလောကကြီး၌ ဘာမှပျော်ရွှင်မှုရယ် အတိ မရှိတော့သလို ဆိတ်သုဉ်းသွားသော နေရာကြီးကို ရောက်ရှိသွားသလိုမျိုး ခြောက်သွေ့တိတ်ဆိတ်လွန်းလှပါသည်။

သူ့ဘက်ကလည်း အသံတိတ် ကြေကွဲနေသလို တစ်ဖက်မှာလည်း ဘယ်လောက်အထိတောင် ခံစားနေရမလဲဆိုတာ သူက သဘောပေါက်စွာ ငြိမ်နေတာကို သိနေတဲ့ သူငယ်ချင်းတွေက စကားလွှဲတဲ့ အနေဖြင့် သူ့ပခုံးကို လာဖက်ရင်း…

“ကဲ… ကဲ… သတို့သားကြီးရဲ့ ဘတ်ချလာနိုက် ( bachelor Night အတွက် ငါတို့ကို တစ်ဝိုင်းတော့ လုပ်လိုက်။ ကဲ… ပြော… ဘာလုပ်မှာလဲ”

“အေးပါကွာ… သွားကြတာပေါ့”





“ဟိတ်… ငါလည်း လိုက်မှာနော်။ နင်တို့ချည်းပဲသွားဖို့ မကြိုးစားနဲ့”

“အမယ်လေး… လိုက်ပါ။ လိုက်ပါ။ မထားခဲ့ရပါဘူး”

လင်းနှင့် သားထူးတို့က အတိုင်အဖောက်ညီစွာ ပြောနေကြတဲ့ စကားမှာ သူဟာ တကယ်ကိုပဲ အံ့အားတသင့် မျက်ဝန်းတွေနှင့် လင်းကို ကြည့်မိသွားတာ ဖြစ်သည်။ တကယ်ကိုပဲ သူငယ်ချင်းရဲ့မင်္ဂလာပွဲအတွက် ဂုဏ်ယူဝမ်းမြောက်နေသော အပြုံးသည် သိပ်ပီပြင်လွန်းနေတာကြောင့် သူ့ရင်ထဲက အနာက တဆစ်ဆစ် ကိုက်လာသလို ခံစားရလေသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com









သျှောင်နောက် ဆံထုံးပါရတယ်ဆိုတဲ့ ဖြစ်စဉ်မှာ
နူးညံ့ကြင်နာခြင်း၊ စာနာသဘောပေါက်ခြင်းဆိုတဲ့
အကြောင်းတရားကို
သျှောင်ဖြစ်တဲ့ အမျိုးသားဖြစ်သူ သိတတ်ခဲ့ရင်
ဆံထုံးဖြစ်သူ အမျိုးသမီး ပျော်ရွှင်မိမယ်ဆိုတာ
ရင်ဖွင့်ချင်တယ်။

○❤○

www.burmeseclassic.com

www.burmeseclassic.com





(၂)

"ဟော့… ကားပေါ်ကဆင်းလေ။ ဘာလုပ်နေတာလဲ"

"ရှင်… ဟုတ်… ဟုတ်ကဲ့"

ကြည်က ရိုးရိုးကုပ်ကုပ်ဖြင့် ခေါင်းလေးညိတ်ပြကာ ကားပေါ်က ဆင်းလိုက်သည် ဆိုသည်နှင့် သူက တံခါးကို ဝုန်းခနဲပိတ်ကာ သော့မှ ရီမုခလုတ်လေးကို နှိပ်လိုက်သည်။ "တွီ… တွီ"ဆိုတဲ့ မြည်သံမြည်ပြီးတာနဲ့ သူက ရှေ့မှဦးဆောင်ကာ ထွက်သွားသည်မို့ ကြည်ကပါ ခပ်သုတ်သုတ်လေး လိုက်လာရလျှင် ဆိုင်ထဲမှာ မနက်ကတွေ့သည့် ဟိုအစ်မက အရင်ရောက်နေတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လင်းက အရင်တောင် ရောက်နှင့်နေတာကိုး။ ဟိုကောင်တွေရော မလာသေးဘူးလား"

"ရောက်ခါနီးနေပါပြီ။ ကားပိတ်နေလို့တဲ့။ ညီမလေး… ထိုင်လေ"

မနက်ကတွေ့တဲ့ အစ်မက ဖော်ရွေစွာဖြင့် ကြည့်ကို ခေါ်တာကြောင့် ကြည်က နည်းနည်းတော့ အားတက်သွားရတာပဲ ဖြစ်သည်။ ကြည်က အပြုံးတစ်စုနဲ့အတူ ဟုတ်ကဲ့ဟု ခေါင်းညိတ်ပြလျှင် ဒေါက်တာက မိတ်ဆက်ပေးလေသည်။

"ဩော်… လင်းနဲ့ သေချာမိတ်မဆက်ရသေးဘူးနော်။ ဖြူဖြူကြည်… ဒါက ဒေါက်တာလင်းနှင်းဆီတဲ့။ ငါနဲ့ လက်ထပ်ဖို့ ရည်ရွယ်ထားခဲ့တဲ့ ငါ့ချစ်သူ"

"ဟဲ့… မဟော်"

အဲဒီအစ်မက ဒေါက်တာ့ရဲ့ ချစ်သူတဲ့။ ကြည်က မျက်နှာလေးငယ်ကာ ခေါင်းညိတ်ပြရုံကလွဲ၍ ဘာမှမတတ်နိုင်သည်မို့ ဒီအတိုင်းပဲ ရှိနေရတာဖြစ်သည်။





"ဟာ… သတို့သားကြီး ရောက်လာပြီလား"

"ဟာ… ဟောကောင်တွေ လာကြ"

အားလုံးက ပျော်ရွှင်မြူးတူးစွာ သောက်ကြစားကြ ရှိနေကြချိန်မှာ ကြည်ဟာ တကယ့်ကိုပဲ ငူငူငေါင်ငေါင် ရှိနေရတာဖြစ်သည်။ ဒီလို အခြေအနေမျိုးကို ရင်ဆိုင်ရမယ်ဆိုတာ သိထားနေတာကြောင့်လည်း စိတ်ခတ်ကို အားအပြည့် ထည့်ခဲ့တာပဲ မဟုတ်လား။

အကြည့်ရဲ့ခင်ပွန်းဖြစ်သူ ဒေါက်တာ့ရဲ့ ဆရာဝန် အသိုင်းအဝိုင်းက ပြောနေကြတဲ့ ဆေးပညာစကားတွေကိုလည်း ကြည် တစ်ခုမှ နားမလည်သလို သူတို့ပြောပြီး ရယ်နေကြတဲ့ ဟာသတွေဟာလည်း ကြည့်အတွက်တော့ ရယ်စရာ မကောင်းပေ။ စားနေရတဲ့ ဒင်နာဆိုတာဟာလည်း အရသာမရှိသလို ဘယ်အရာတစ်ခုမှလဲ အမိပ္ပာယ်မရှိချေ။ ဘယ်နည်းနဲ့မှကို အသွင်မတူ အလွှာမတူသော မိသားစုတွင်းသို့ စေတနာမေတ္တာတရားကြီးမားလှစွာ ပို့ပေးလေသော အစ်ကိုကြီးကတော့ ဒီအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ညီမကောင်းစားလှချည်ရဲ့ ဆိုပြီး လက်မထောင် ဂုဏ်ယူနေမှာပဲဖြစ်သည်။

ကြည်ဟာ သက်ပြင်းတွေ တချချဖြင့် အိမ်ပြန်ရောက်မှသာ စိတ်ကို ဒုန်းဒုန်းချနိုင်ခဲ့တာပဲ ဖြစ်သည်။ တစ်နေ့လုံးလည်း တရားရုံးလက်မှတ်ထိုးကိစ္စ အစ်ကိုကြီးတို့ ဒေါက်တာမိဘတွေ ကန်တော့တာနှင့် ဘာနှင့် ဆိုတော့ လူက အင်မတန်မှ နုံးချိပင်ပန်းနေတာပဲ ဖြစ်သော်လည်း မနက်ကဇာည်းက ပြင်ဆင်ထားသည်ဆိုသော မင်္ဂလာအခန်းထဲကို မဝင်ဖြစ်သေးချေ။ မဝင်ဖြစ်တာထက် မဝင်ရဲဘူးဆိုတဲ့ စကားအသုံးနှုန်းက ပိုပြီးမှန်ကန်ပေလိမ့်မည် ဖြစ်သည်။

ဒီအချိန်ထိကို ဟုတ်တိပတ်တိ စကားအသေအချာ မပြောရသေးတဲ့ ကိုယ်လက်ထပ်ထားသော ခင်ပွန်းသည်ရဲ့အေးစက်စက် "လိုက်ခဲ့"ဆိုသော စကားနောက်မှာ ကြည်ဟာ ခေါင်းတစ်ချက်ညိတ်ပြကာ ခပ်ကုပ်ကုပ် လိုက်သွားလေလျှင်တော့ မင်္ဂလာအခန်းဆိုသည့် နေရာကို ရောက်လေ၏။





ဟင်။

ကြည်က တွေ့ရတဲ့ ခုတင်အနေအထားကြောင့် တအံ့တသြ ဖြစ်သွားရတာပဲ ဖြစ်သည်။ ဘယ်လိုဖြစ်လို့။

ကြည်တွေမြင်နေရတဲ့ အခြေအနေကို ပြောပြပါမည်။ အင်မတန်မှ မွေးပျံ့နေသော အခန်းကြီးဟာ အိပ်ခန်းဆိုသော်ငြား ဒီအိပ်ခန်းဆိုတာဟာ ကြည်နေတဲ့ အိမ်တစ်လုံးထက်တော့ ပိုကျယ်သည့် ဧရိယာအနေအထားပဲ ဖြစ်သည်။ အခန်းတွင်းဟာ အိပ်ခန်းပြောသော်ငြား ရေချိုးခန်း၊ အိမ်သာ၊ TV ၊ ရေခဲသေတ္တာ နောက်ပြီး ကွန်ပျူတာ၊ အင်မတန်မှ လှပလေသော ကျွန်းဗီရိုကြီးနှစ်လုံး၊ နောက် ဆိုဖာဆက်တီတစ်စုံဖြင့် အိမ်တစ်အိမ်နှင့် အလားသဏ္ဍာန်တူ ပြင်ဆင်ထားသည်ဖြစ်ရာ အစစအပြည့်အစုံ ဖြစ်ပေမယ့် အိပ်ရာအခင်းအကျင်းကတော့ ထိရက်စရာမရှိ ကြည့်လိုက်တာနှင့် ဘယ်လောက်တော့ အိစက်ငြိမ့်ညောင်းနေမည်ဆိုတာ ခန့်မှန်းလို့ရသော ဒန်းလော့မွေ့ရာကြီး တင်ထားသော အင်မတန် ထည်ဝါလှသော ခုတင်ဟာ တစ်ယောက်အိပ်



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်၍ အဲဒီတစ်ယောက်အိပ်ခုတင် တစ်လုံးစီရဲ့ ကြားထဲမှာ အလှမီးအိမ်တို့ စာအုပ်တို့ တင်ထားသော စားပွဲတစ်လုံးက ခြားထားလေ၏။ မင်္ဂလာဦးအခန်းရဲ့ ပြင်ဆင်မှုဟာ ကြည့်အတွက် ဆန်းကြယ်လွန်းလှတာကြောင့် ကြည်ဟာ အခန်းကို ငေးမောကြည့်တုံးမှာ ကြည့်နံ့ဘေးက အသစ်စက်စက် ခင်ပွန်းဆီမှ စကားသံထွက်လာလေသည်။

"ဒီကနေ့ကစပြီးတော့ မင်းဟာ ဒီအိမ်မှာ စိတ်ချမ်းချမ်းသာသာနဲ့ ငါ့ရဲ့ဇနီးအဖြစ် နေရမယ်။ ဒီအခန်းထဲမှာ မင်းနဲ့အဆင်ပြေမယ့် အရာတော်တော်များများ ထည့်ပေးထားတယ်။ အဝတ်အစား ဘာညာကတော့ မင်းဘာသာမင်းဝယ်ပါ။ ဆရာဝန်တစ်ယောက်ရဲ့ဇနီး ဖြစ်လာပြီဆိုတော့ အဲဒီဂုဏ်နဲ့ လိုက်ဖက်သင့်လျော်တာမျိုးကို ဝတ်ဆင်ပါ။ ဒီဘက်ဗီရိုထဲမှာ ပိုက်ဆံတွေရှိတယ်။ လိုသလောက်ယူသုံးလို့ရတယ်။ မင်းအတွက် ကိုယ်ပိုင်ပိုက်ဆံလည်း ငါထပ်ပေးပါ့မယ်။ မင်းအိပ်ဖို့အတွက် ဒီဘက်မှာ သီးသန့်စီစဉ်ပေးထားတယ်...





ငါတို့က စာချုပ်ထဲမှာသာ လင်မယား ဖြစ်ကြပေမယ့် အပြင်မှာကတော့ မင်းနဲ့ငါ သီးသန့်နေတာက ပိုအဆင်ပြေလိမ့်မယ်။ မင်းအတွက် အခန်းသီးသန့် မစီစဉ်ပေးဘူးဆိုတာ ဘေးလူအမြင်မှာ အခန်းခွဲအိပ်တာမျိုးကို မမြင်စေချင်လို့။ စိတ်ချမ်းချမ်းသာသာနေပါ ဖြူဖြူကြည်။ နားတော့"

ဩော်...။ ကြည်က သိပ်ကို အမိန့်ဆန် ပြတ်သားလွန်းတဲ့ လေသံတွေအောက်မှာ ပြန်စကားမပြောရဲပေ။ ဒေါက်တာပြောသမျှကို ငြိမ်သက်စွာ နားခံနေရတဲ့ အမျိုးသမီးတစ်ယောက်အဖြစ် အားလုံးဟာ ရေငုံနှုတ်ပိတ် အနေအထားဖြင့် နားတော့ဆိုတဲ့ စကားအဆုံးမှာ ကြည်က ခေါင်းညိတ်ပြလေလျှင် သူက ကြည့်ကို နောက်ထပ် စကားထပ်ဆိုလေသည်။

"ဖြူဖြူကြည်"

"ရှင်"

"မင်း ငါ့ကို ဘာများပြောစရာရှိသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မရှိ... မရှိတော့ပါဘူး"

"အဲဒါဆိုလည်း ကောင်းပြီကွာ။ ငါလည်း ပင်ပန်းနေပြီဆို တော့ ခြေလက်ဆေးပြီး အိပ်တော့မယ်။ မင်းလည်း နားတော့"

ဒေါက်တာက သွက်လက်စွာပင် ဗီရိုထဲမှ တဘက်ကြီးတစ်ထည် ထုတ်သွားကာ ရေချိုးခန်းတွင်း ဝင်သွားလေသည်။ ဩော်...။ အဲဒါဟာ ကြည် ကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ မင်္ဂလာဦးညတဲ့လေ။

○❤○







မပြောဘဲ အလိုလို သိတတ်နေရမယ့်
အနေထားဆိုတာ
အလိုက်သိနေတတ်ခြင်းပဲ။

○❤○

www.burmeseclassic.com

www.burmeseclassic.com







(၃)

ဖြူဖြူကြည် ဆိုသော သာမန်မိန်းကလေး တစ်ယောက်ရဲ့ အိမ်ထောင်သည်ဘဝ ဒုတိယရက်ဟာ ခင်ပွန်းဖြစ်သူ ဒေါက်တာက အရေးပေါ်လူနာရှိတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ မနက်လင်းကတည်းက ထွက်သွားလျှင် ကြည့်မှာ ဘာဆက်လုပ်ရမှန်းမသိ သူ့စိမ်းတို့ရဲ့အလယ်မှာ မျက်နှာငယ်ကာ ကျန်ခဲ့ရတာပဲဖြစ်သည်။ ဒေါက်တာရဲ့အဖေကတော့ ဒေါက်တာနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ကုမ္ပဏီကို ထွက်သွားကာ အိမ်မှာကျန်နေတာကတော့ ဒေါက်တာ့အမေနဲ့ အစ်မပဲ ဖြစ်သည်။ အဲဒီအတွက် ကြည့်မှာ ဒီအခန်းထဲ နေ,နေဖို့ရာလည်း မသင့်လျော်သလို အပြင်ထွက်

www.burmeseclassic.com



နေဖို့ရာလည်း ကြည့်ကို မကြည်ဖြူတဲ့ မိသားစုကို ရင်မဆိုင်ရဲပေ။ ကြည်ဟာ အပြင်ဘဲ ထွက်ရမလား၊ ဒီမှာပဲ နေရမလား ချီတုံချတုံ ဖြစ်နေတုန်းမှာ အခန်းတံခါး လာခေါက်တာမို့ အဲဒီတံခါးခေါက်သံမှာဟင် လူက တုန်သွားကာ ကတုန်ကယင်တွေဖြစ်လာသော်လည်း စိတ်ကိုတင်းကာ တံခါးသွားဖွင့်လိုက်သည်။

"မမလေး… မေမေကြီးက မမလေးနဲ့ စကားပြောချင်လို့ အောက်ဆင်းလာခဲ့ပါတဲ့"

"ရှင်… ဟုတ်ကဲ့… ဟုတ်ကဲ့ရှင့်"

မမလေးရယ်လို့ တရိုတသေခေါ်လေတဲ့ အမည်နာမကြောင့် ကြည်က မဝံ့မရဲ ဖြစ်ရကာ ခေါင်းညိတ်ပြ၍ အဲဒီကောင်မလေးနှင့် အတူတူပဲ အောက်ကိုဆင်းလိုက်လာလျှင်တော့ ဧည့်ခန်းထဲမှာ တကယ့်ကိုပဲ ခမ်းနားထည်ဝါစွာ ဘုရင်မကြီးအလားခြေချိတ်ထိုင်နေလေသော ဒေါက်တာ့အမေနဲ့ အစ်မကို မြင်ရလျှင်ကြည်ဟာ စိတ်တွေ အတော်မွန်းကျပ်လာတာပဲဖြစ်သည်။ ကိုယ့်ရဲ့အားငယ်ကြောက်ရွံ့စိတ်ကို ကိုယ့်ကိုယ်ကိုယ်သာ နှစ်သိမ့်အားပေးရင်းဖြင့် ကြည်က ဧည့်ခန်းတွင်းသို့ ဝင်လိုက်လေသည်။





"ကြည် ရောက်ပါပြီ မေမေ"

"ငါ့ကို မေမေလို့ ခေါ်စရာမလိုပါဘူး။ ထိုင်… ဖြူဖြူကြည်"

လေသံဟာ အင်မတန်မှ ပြတ်သားကာ မာထန်နေတာမို့ ကြည်က လက်ဖျားတွေတောင် အေးစက်လာရကာ သူတို့က ထိုင်ဆိုသော အခြေအနေမှာတောင် မထိုင်ရဲဖြစ်နေတာကြောင့် အစ်မဆီက အသံတစ်ခုက စီခနဲ ထွက်လာလေ၏။

"ဟဲ့… ထိုင်လို့ ပြောနေတာ မကြားဘူးလား"

"ဟုတ်… ဟုတ်ကဲ့ မမ"

ကြည်က မျက်နှာချင်းဆိုင် အနေအထားမှာ မရဲတရဲ အရင်ဆုံး ဝင်ထိုင်လိုက်လေသည်။ ဒူးနှစ်ဖက်ပေါ် တင်ထားတဲ့ ကြည့်ရဲ့လက်နှစ်ဖက်ဟာ စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေကာ မျက်လွှာအသာချထားမိသည်။ ဒေါက်တော့အမေက ကြည့်ကို စူးစူးစိုက်စိုက် ကြည့်နေတာကြောင့် စိတ်က ပိုလှုပ်ရှားနေတာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့သား လက်ထပ်ယူထားတဲ့ မိန်းမဆိုတော့ ပုံမှန်အားဖြင့်တော့ ငါရွေးမပေါ့။ ငါ့ဘက်က မင်းကို အခုတွေ့ပြီးတော့ စကားပြောတယ်ဆိုတာ မင် မဖြစ်မနေ သိရမဲ့ အကြောင်းတွေကို ပြောဖို့ပဲ"

"ဟုတ်... ဟုတ်ကဲ့"

"အရင်ဆုံး မင်း သိထားရမှာက မနေ့က မင်္ဂလာပွဲဟာ မင်းကို ငါ့သားရဲ့ဂုဏ်သိက္ခာအတွက် မဖြစ်မနေ လက်ထပ်လိုက်ရတာ ဆိုတာကိုပဲ။ သားနဲ့မင်း တရားဝင်လက်ထပ်ထားတယ် ဆိုပေမယ့် ငါတို့ဘက်က မင်းကို ချွေးမ တစ်ယောက်အဖြစ် လုံးဝအသိအမှတ် မပြုဘူး"

"ဟုတ်... ဟုတ်ကဲ့"

ကြားရတဲ့စကားဟာ ကြည့်အတွက် ကြိုတင်မျှော်လင့်ထားပြီး ဖြစ်ပေမယ့်လည်း ထင်တော့ မထင်ရက်တာမို့ တကယ်ကြီး ကြားလိုက်ရတဲ့ အခါမှာတော့ တော်တော်တုန်လှုပ်မိတာပဲ ဖြစ်သည်။ ကြည့်ဘက်က ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ကို ဂရုကိုမစိုက်စွာ စကားကို ထပ်ဆက်လေသည်။





"ဒီအိမ်မှာ မင်းကို ကျေနပ်ကြည်ဖြူတဲ့ အိမ်သားတစ်ယောက်မှ မရှိဘူး။ ဒါပေမဲ့ မင်းအသားကို နာကျင်အောင် ဘယ်သူကမှလဲ နှိပ်စက်ညှဉ်းပန်းနေမှာ မဟုတ်တဲ့အတွက် မင်း ကြောက်ပြမနေပါနဲ့။ ဒီအိမ်မှာ နေရင်တော့ ဒီအိမ်ရဲ့စည်းကမ်းကို လိုက်နာရမယ်။ မင်း ဒီအိမ်ရဲ့အိမ်မှုကိစ္စအားလုံးကို မနုနဲ့အတူ တွဲလုပ်ပါ။ ဒီအိမ်မှာ လိုလေသေးမရှိ မင်းနေရတယ်ဆိုတော့ မင်းဘက်ကလည်း အလိုက်သိတာဝန်ကျေတတ်ဖို့ လိုတယ်။ ကြားလား"

"ဟုတ်ကဲ့ပါ မေ... အဲ... အန်တီ"

"နောက်ဖေးမှာ မနုနဲ့ သွားကူပေးလိုက်"

"ဟုတ်ကဲ့ရှင်"

ကြည်က အရာရာကို ရေငုံနှုတ်ပိတ်စွာဖြင့် ခေါင်းညိတ်ကာ ခြေလှမ်းတွေက နောက်ဖေးဆီသို့ ဦးတည်လာခဲ့သည်။ ဒီကိစ္စလောက်ကတော့ ကြည့်အတွက် ဘာမှလဲ အပန်းကြီးတာ မဟုတ်ပေ။ အိမ်မှုကိစ္စဆိုတာ တစ်သက်လုံး ကြည့်အတွက်တော့ ခေါက်ရိုးကျိုးပြီးသားပဲ ဖြစ်သေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းကလည်း ယောက္ခမတွေ ယောက်မတွေ မကြည်ဖြူလောက်ဘူးဆိုတာ ကြိုတင်တွက်ဆပြီးသား ဖြစ်လို့ အရာရာကို အမှားတစ်ခုအတွက် ပေးဆပ်နေတယ်လို့ပဲ သတ်မှတ်ကာ အားလုံးဟာ ကြည် အလျှော့ပေးမှ အဆင်ပြေမယ်ဆိုတဲ့စိတ် မွေးထားပြီးသား ဖြစ်ပါသည်။

○❤○





ဆက်မပော်ရဲ့ကားဟာ ကားပါကင်ဆီသို့ ရပ်လိုက်ပြီဆိုတာနှင့် ထီးဖွင့်ကာ သူ့ကားဆီသို့ အပြေးအလွှား လာကြိုသူရယ်၊ နောက်ပြီးတော့ သူ့ရဲ့အိတ်ကို လာဆွဲပေးမယ့်သူရယ်ဖြင့် ကြိုဆိုရေးက အဆင်သင့်ရှိနေကာ ဆေးရုံဝင်းထဲကို ဝင်ပြီဆိုတာနှင့် နွေးထွေးချစ်ကြည်သော အပြုံးတို့ဖြင့် ဆီးကြိုနေကြသော ဆေးရုံဝန်ထမ်းများ၊ နာ့စ်များ နောက်ပြီး အားကိုးချစ်ခင်သော လူနာများရဲ့ နှုတ်ဆက်မှုများဖြင့် သူဟာ စိတ်ချမ်းသာရတာပဲ ဖြစ်သည်။

ဆေးရုံကို ရောက်ပြီဆိုတာနှင့် သူဟာ စတင်ပြီး လူနာတွေကို Round Check လုပ်ကာ လိုအပ်တဲ့ ကုသမှုတွေ ပေးကာ သူတို့ဆီကရတဲ့ ကျေးဇူးတင်သော အကြည့်တွေ အပြော



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ သူ့အတွက်တော့ စိတ်ချမ်းမြေ့ဖွယ်ရာများပဲ ဖြစ်လေသည်။ အိမ်က ကိစ္စတွေလည်း စိတ်ရှုပ်စရာ အကြောင်းအရာတွေ အားလုံး မေ့ဖျောက်ထားခဲ့ကာ လူနာတွေကို ကုသပေးရင် နေ့တစ်ဝက်ကို ကုန်လွန်စေ၏။ သူ့ပေးရှန့်လ်တစ်ယောက်ကို ကြည့်ပြီး ပြန်ထွက်အလာတွင်တော့ အပြုံးတို့ဖြင့် ဆီးလို့ကြိုစောင့်နေ သူ လင်းက ဆီးကြိုနေလေသည်။

"ဒေါက်တာကြီးက ဒီနေ့ အစောကြီးရောက်နေတယ်ဆို"

"အင်း… ဟုတ်တယ်"

သူ့ရင်ထဲမှာ အစိုင်အခဲ တစ်ခုခု ခံနေသလို တစ်မျိုးကြီး ဖြစ်နေသလို ဒီနေ့နဲ့ မနက်ဖြန်မှာလည်း အရာရာဟာ စည်းခြားသွားသလို ခံစားနေရလေသည်။

"ထမင်းမစားရသေးဘူးမှလား။ မဟော့်အတွက် ပို့ထည့်လာတယ်။ သွားမယ်လေ… လာ"

လင်းက ဘာမှမဖြစ်သလို တက်တက်ကြွကြွ အပြုံးဖြင့် အရင်လိုပဲ ဖော်ရွေဆဲ ကြင်နာဆဲ နှလုံးသားဖြင့် သူ့ကို





အခင်မင်မပျက် ဆက်ဆံနေတာဟာ သူ့နှလုံးသားကို ပို၍ ပို၍ နာကျင်စေရတာပဲ ဖြစ်သည်။ သူနှင့် လင်းက သီးသန့်နားနေဆောင်ထဲမှာ ထိုင်ကာ ထမင်းစားဖို့အတွက် လင်းက အားလုံးပြင်ဆင်ပေးနေတာကို ကြည့်ရင်း စိတ်ထဲမှာ သူရဲ့အပြစ်ကြီးအတွက် လင်းကို တောင်းပန်းပါတယ် ပြောဖို့ရာ တကယ်ကိုပဲဝန်လေးနေခဲ့မိလေသည်။

"အင့်… ရပြီ။ ဒီမှာ… မဟော်ကြိုက်တဲ့ ငါးဘတ်အူ ဟင်း။ ထည့်စားနော်"

"လင်း"

"ဟင်"

မဟော်က တောင်းပန်ဖို့ရာအတွက် လင်းကို နာမည်ခေါ်လိုက်လျှင် လင်းဟာ သူ့ကို မေးဆတ်ပြကာ နှုတ်ခမ်းမဖွင့်ဘဲ ထူးလေသည်။ သူက လင်းရဲ့အပြစ်ကင်းအောင် လှနေသော မျက်နှာလေးကို ငေးမောကြည့်မိသွားသည်။ ကကြီးပုံနှုဖူးလေးကို ပေါ်နေအောင် အမြဲလိုလို ဆံပင်တွေကို လှန်တင်ကာ တစ်ပက်



www.burmeseclassic.com

www.burmeseclassic.com



ယူစည်းတတ်သော လင်းရဲ့ဆံပင်စတိုင်လ်လေးဟာ သူ့အတွက် မြတ်နိုးစရာတွေထဲက တစ်ခုဖြစ်လေသည်။ ကြည်လင်နေကာ ဝါရွှေနှယ်သွေးသော အသားအရေဟာ ထင်းလင်းနေအောင် မိတ်ကပ်တွေ ခြယ်မထားပါဘဲနဲ့ကို အရောင်ထွက် လှပနေတာပဲ ဖြစ်သည်။

"မဟော်... ပြောလေ... ဘာလဲ"

"ဩော်... ဟို.... ဟို... ကိုယ် လင်းကို အနူးအညွတ် တောင်းပန်ပါတယ်"

သူ့ရဲ့တောင်းပန်စကားကြောင့် လင်းက အင်မတန် သဘောထားကြီးတဲ့သူ တစ်ယောက်လို အပြုံးတစ်ခုဖြင့် သူ့ကို ငေးကြည့်ကာ...

"တောင်းပန်ဖို့ မလိုပါဘူး မဟော်ရယ်။ လင်း နားလည် ပါတယ်"

"ကိုယ် လင်းကို မျက်နှာချင်း မဆိုင်ရဲလောက်အောင်ကို ကိုယ့်စိတ်တွေ မလုံခဲ့ပါဘူး။ လင်းအပေါ်ကို သစ္စာဖောက် ခဲ့မိသလိုကို ခံစားနေရတယ်။ တကယ်တော့..."





"အဲဒါတွေ ရှင်းပြနေဖို့ မလိုဘူးလေ။ အခုချိန်မှာ မဟော် နဲ့ လင်းက သူငယ်ချင်းတွေ ပြန်ဖြစ်သွားကြပြီ။ လင်း ဘက်က မဟော့်ကို နားလည် ခွင့်လွှတ်ပေးပြီးသားပါ။ နောက်ပြီးတော့ မဟော်က အင်မတန်မှကို ယောကျ်ား ကောင်းတစ်ယောက် ပီသလို့ တာဝန်ယူတတ်တဲ့စိတ်နဲ့ လက်ထပ်တဲ့ အပေါ်ကိုလည်း လင်းက ဂုဏ်ယူနေတာ ပါ"

လင်းဆီက ခွင့်လွှတ်ပါတယ်ဆိုတဲ့ သဘောထား ကြီးတဲ့ မေတ္တာစကားကို ကြားရလေ သူ့စိတ်တွေဟာ ဖိအားတွေ များလာကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေ သည်။

"လင်းက ခွင့်လွှတ်လေ ကိုယ်က ကိုယ့်ဘဝကြီး တစ်ခု လုံးကို စုတ်ပြတ်သတ်သွားစေတဲ့ အဲဒီမိန်းမကို ကိုယ်က တော့ သိပ်မုန်းလေပဲ။ သူ့ကြောင့် ကိုယ့်ဘဝကြီးတစ်ခု လုံး ပျက်စီးခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



သူက အံကို ခပ်တင်းတင်း ကြိတ်မိကာ မေးကြောတွေ တင်းလာသည်အထိ ဒေါသတွေ အမုန်းတရားတွေဟာ ပြင်းထန်လာခဲ့ရတာဖြစ်သည်။

တကယ်တော့ သူ မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို အခုလို လက်ထပ်ဖို့အထိ ဖြစ်လာခဲ့ရတာဟာ သူဟာ သူများခွင်ဆင်ထားခဲ့တဲ့ ထောင်ချောက်ထဲကို ပက်ပက်စက်စက် ပစ်ကျခဲ့တာပဲဖြစ်သည်။ ပြီးခဲ့တဲ့ တစ်နှစ်က သူ ဗော်လန်တီယာ လုပ်ပေးနေတဲ့ ပရဟိတအသင်းအဖွဲ့က နယ်ဘက်ကို ဆေးကုထွက်သည့် အချိန်မှာ လင်းက operation လုပ်ဖို့ ဒိတ်ယူထားတဲ့ ပေးရှန့်လ်တွေ ရှိနေတာကြောင့် သူတစ်ယောက်ပဲ အဲဒီအသင်းနဲ့ လိုက်သွားခဲ့ရတာ ဖြစ်သည်။

အဲဒီမှာပဲ သူ့ရဲ့ကံတရားက စတင်မိုးမှောင်ကျတော့တာပဲ ဖြစ်သည်။ စစ်ကိုင်း အလွန်ဘက်က မထင်မရှားရွာကလေးမှာ ငှက်ဖျားဖြင့် သေလုမျောပါး ဖြစ်နေတဲ့ ကိုမိုးကြည်ကို သူ ကုပေးရာကမှ တော်တော်လေး စွဲကုပေးချိန် ကြာလာလျှင်





ရောဂါက အမြစ်ပြတ်သလောက်ဖြစ်၍ သက်သာလာကာ သူ့ကို ကျေးဇူးတင်စိတ်ဖြင့် သူ နောက်တစ်ကြိမ် ထပ်ရောက်လာချိန်မှာ ထမင်းဖိတ်ကျွေးပါရစေ တောင်းဆိုတာကြောင့် လိုက်လျှောပေး လိုက်ချိန်မှာ သူ ချောက်ထဲ ကျခဲ့တာပဲဖြစ်သည်။

အဲဒီနေ့ကမှ သူနှင့် သေချာမိတ်ဆက်ပေးဖြစ်ခဲ့သော သူ့ပေးရှန့်လ် ကိုမိုးကြည်ရဲ့ညီမ ဖြူဖြူကြည် ဆိုသူဟာ သူ့ဘဝထဲသို့ ဝင်ရောက်လာသူ ဖြစ်လာခဲ့သည်။ သူ့ကို အဲဒီနေ့က ထမင်းဖိတ်ကျွေးရင်းကမှ ထန်းရေတွေ တိုက်ရာကမှ လူက မထူနိုင်တော့ကာ ထန်းရေစွမ်းကပြ၍ မှောက်သွားကာ သူပြန်နိုးလာတဲ့ အချိန်မှာတော့ သူ့နံဘေးနားမှာ ဖြူဖြူကြည်က ရောက်နေခဲ့ပြီဖြစ်သည်။

"ဟာ… ညီမလေး။ ဆရာလေး… ခင်ဗျား… ခင်ဗျား။ ဒီအခြေအနေ ရောက်မှတော့မှ ခင်ဗျား ကျုပ်ညီမကို လက်ထပ်မှ ဖြစ်တော့မယ်"

"ဟာ… နေပါဦးဗျာ။ နေပါဦး။ ကျွန်တော်တို့ ဘာမှ…"

www.burmeseclassic.com



"ဟား... ခင်ဗျား အဲဒီလို ခေါင်းရှောင်တဲ့ စကားတော့ မပြောနဲ့။ ဆရာလေးရာ... ခင်ဗျား... ခင်ဗျား... ကျုပ် အသက်ကို ကယ်ခဲ့တဲ့သူ ဖြစ်နေလို့ပေါ့ဗျာ။ မဟုတ်လို့ ကတော့..."

"ကိုမိုးကြီး... ကိုမိုးကြီး ဘာဖြစ်တာလဲ"

ရွာသားနှစ်ယောက်ကပါ အသည်းအသန် ဝင်လာကြ လျှင် အခြေအနေ တစ်ခုဟာ ဘာမှမဖြစ်ပါဘဲနှင့် သူ တာဝန်ယူ ရတော့မည်ဆိုတဲ့ အနေအထား တစ်ခုကို ရောက်ပြီဆိုတာ သူ ဟာ သဘောပေါက်ခဲ့ပြီ ဖြစ်သည်။

"ဗျာ... ဆရာလေး။ ခင်ဗျားဗျာ... ကျွန်တော်တို့က တော့ ဆရာလေးကို ယုံကြည်လေးစားခဲ့ရသမျှ။ ဒီမှာ... ဆရာလေး... ခင်ဗျား အကြည့်ကို တာဝန်မယူလို့ကတော့ ခင်ဗျားအသက်နဲ့ခန္ဓာ အိုးစားကွဲပြီသာမှတ်"

"နေကြပါဦးကွာ။ မင်းတို့ကလည်း အဲဒီလောက်ကြီး ပြောဆိုနေဖို့ မလိုပါဘူး။ ဆရာလေးဆိုတာ ပညာတတ်





မြို့ပေါ်ကလာတာ။ ဘဲ... ဆရာလေး ကျုပ်ညီမကို ခင်ဗျား ယူမယ်မှလား"

သူ့အတွက်ဟာ အရာရာ အားကိုးရာ ကင်းမဲ့နေ ပြီပဲ ဖြစ်သည်။ သူ့ဘေးနားမှာ တစ်ခွန်းမှကို ဝင်မပြောဘဲ တုံကိုဘာဝေဖြင့် ရှိနေသော မိန်းကလေးဟာလည်း သူ့ကို အား နာဟန် အရိပ်အယောင်သာရှိ၍ သူတို့ ဘာမှမဖြစ်ကြပါဘူးဆို တဲ့ စကားက ထွက်မလာတော့။ အဲဒါဟာ လမ်းရဲ့အဆုံးစွန် ချောက်ကမ်းပါးတစ်ခု အနားကို ရောက်သွားပြီဆိုတာ သဘော ပေါက်ရကာ သူဟာ အံကိုတင်းတင်းကြိတ်၍ အဲဒီ ဖြူဖြူကြည် ဆိုတဲ့ မိန်းကလေးကို နာနာကြည်းကြည်း တစ်ချက်ကြည့်လိုက် ကာ ခေါင်းညိတ်ပြလိုက်လေသည်။

"ကောင်းပြီ။ ကျုပ် သူ့ကို လက်ထပ်ပါ့မယ်"

အားလုံးဟာ သူ့စကားအဆုံးမှာ ကျေနပ်စွာ ပြုံး သွားကြတာမို့ ခုနက သတ်မယ် ဖြတ်မယ် တကဲကဲဟာ ငြိမ်း သွားသလို သူ့ရင်ထဲက အမုန်းတရားတစ်ခုကတော့ အဲဒီကနေ စတင်လို့ လာတာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံတရားရဲ့ မညှာတာလွန်းစွာ ရက်စက်အားကြီးလွန်းမှုကြောင့်ပဲလား၊ ဒါမှမဟုတ်ရင် ထောင်ချောက်ထဲကို ပြုတ်ကျခဲ့ရအောင် ညှံ့သည်အထိ အသုံးမကျခဲ့သော သူ့ရဲ့ တာဝန်ယူပါမယ် ခေါင်းညိတ်မှုတွေကြောင့်ပဲလား အသေအချာ ဝေခွဲမရခင်မှာ ဆက်မပော်ဆိုသော ဆရာဝန်တစ်ယောက်ဟာ တောကမိန်းမကို တရားဝင်လက်ထပ်ယူလာခဲ့ရသည် ဆိုတဲ့ အဖြစ်ဟာ အသားကော အသည်းပါ နာကျင်စေတဲ့ အဖြစ်ပဲဖြစ်၏။

ဖြစ်ပျက်ခဲ့ပြီး အရာတွေအတွက် သူ့မှာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ နာကြည်းလို့ ကောင်းနေဆဲပဲဖြစ်သည်။

လင်းက သူ့အတွေးထဲကနေ မှတ်မိနာကျင်နေတဲ့ အတိတ်တွေအတွက် သက်ပြင်းရှည်ကြီးတစ်ချက်ချကာ သူ့ပခုံးကို ဖွဖွဆုပ်ကိုင်၍…

"ဘာပဲဖြစ်ဖြစ် ကိုယ်ပိုင်ဆိုင်ထားရဲ့ လက်ရှိအခြေအနေဟာ ကိုယ့်အတွက် အကောင်းဆုံးနဲ့ အဖြစ်သင့်ဆုံးလို့





တွေးပြီးတော့ နေပါ မပော်ရယ်။ ကိုယ့်စိတ်ထဲက အလိုမကျမှု မကျေနပ်မှုတွေကို ကိုယ်ကိုယ်တိုင်ကမှ ရှင်းမထုတ်နိုင်ဘူးဆိုရင် ကိုယ်ပဲ ခံစားရလိမ့်မယ် မပော်"

သူက အဲဒီစကားတွေအတွက် လင်းရဲ့မျက်နှာကို တမေ့တမော ငေးကြည့်ကာ…

"ကိုယ့်ဘဝရဲ့ ပျော်ရွှင်ခြင်းတွေ အားလုံး တစ်စစီချေမွဖျက်ဆီးခဲ့တာဟာ အဲဒီမိန်းမကြောင့်ပဲ"

"ပြောကာမှ ပိုဆိုးနေပြန်ပါပြီ မပော်ရယ်။ ဒီမှာ မပော်ဘာကြောင့်ပဲ လက်ထပ် လက်ထပ် မပော့်ရဲ့တရားဝင်ဇနီးမယား တစ်ယောက်အနေနဲ့ အဲဒီကောင်မလေးကို မပော် လက်ကို လက်ခံရလိမ့်မယ်"

"ဒါဆို… ကိုယ်နဲ့ လင်းကရော"

"မပော်"

လင်းက သူ့ကို သူစိမ်းဆန်တဲ့ အကြည့်တို့ဖြင့် သူ့ကို တားမြစ်လိုက်ရင်းက…



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်မှာ လင်းတို့တွေက သူငယ်ချင်းတွေ ပြန်ဖြစ်သွားကြပြီ။ နောက်ပြီးတော့ ဖြူဖြူကြည်ဏာ မဟော့်ရဲ့ဖနီးဆိုတာ ဘယ်တော့မှ မမေ့ပါနဲ့"

"ဟင်း... အဲဒီမိန်းမက သိပ်ကို မှုယာမာယာများတဲ့ မိန်းမ။ ကြောက်စရာကောင်းတဲ့ မိန်းမ"

မဟော်က သူ့ရဲ့ဒေါသတွေအတွက် လက်သီးကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသလို မျက်လုံးထဲမှာလည်း ဖြူစင်စေချင်ယောင် ဆောင်ထားတဲ့ အားငယ်နေသလိုလို အားနာနေသလိုလို မျက်ဝန်းတို့ဖြင့် ကြည့်တတ်သော သူမှန်းနေသည့် အဲဒီအမျိုးသမီးရဲ့မျက်နှာက ထင်ရှားစွာ ပေါ်လို့လာလေသည်။

○❤○







ဘဝမှာ...

အချစ်ဆိုတဲ့ အကြောင်းအရာ ကဏ္ဍကို

ဖယ်ထုတ်လိုက်ပါ။

နေ့တိုင်း စိတ်ချမ်းသာရလိမ့်မယ်တဲ့။

ဒါပေမဲ့လည်း...

ဘယ်သူကများ အချစ်နဲ့ ကင်းနိုင်ဖူးလို့လဲ။

တစ်သက်မှာ တစ်ခါတော့

အချစ်အတွက် စိတ်ဆင်းရဲခဲ့ဖူးသူချည်းပါပဲလေ။

○❤○

www.burmeseclassic.com

www.burmeseclassic.com







(၄)

"ဖြူဖြူကြည်… ဖြူဖြူကြည် အစုချက်ချင်း ဒီကိုလာခဲ့စမ်း"

နောက်ဖေးဘက်က ထွက်လာတဲ့ စူးရှနေသော အော်ခေါ်သံနောက်မှာ အကြည်က အသည်းအသန် ပြေးထွက်လာရင်း နောက်ဖေးသို့ရောက်လေလျှင်တော့ ခုနစ်ခေါက်ချိုး မျက်နှာထားဖြင့် တွေ့ရလေသော ယောက်မဖြစ်သူကို မြင်ရတာကြောင့် စိတ်ကိုရှည်အောင် ဆွဲဆန့်ထားကာ ပြောလိုက်ရသည်။

"မမ… ဘာခိုင်းမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ… နင်က ငါ့ကို ပြန်မေးနေတယ် ဟုတ်လား။ မနေ့က ဒီမှာ ကော်ဖီဖျော်လို့တောင် မပြီးသေးဘူး။ နင် ဘာရိတ်ဖတ်စ်ပိုင်းကို လာမပြင်ဘဲ ဘာလုပ်နေတာလဲ"

"ဟို… ဟို… မေမေ… အဲ… အန်တီက ဘုရားပန်းအိုးတွေ ဆေးပေးဆိုလို့ ဆေးနေတာပါ။ ပြီးရင် အကြည် လာလုပ်မလို့ပါဘဲ"

"ဟဲ့… ညည်းက ငါ့ကို အဲဒါ အပြစ်ပြန်တင်နေတာလား ဖြူဖြူကြည်… ဟမ်"

အနောက်ကနေ ရောက်လာတဲ့ ဒေါ်ခင်မမဟာ အင်မတန်မှ သြဇာလွှမ်းသော လေသံဖြင့် အကြည့်ဆီကို ဦးတည်လာလျှင် အကြည်ကပဲ ပြန်တောင်းပန်စကား ဆိုရတာပဲဖြစ်၏။

"မ… မဟုတ်ပါဘူး"

"မေမေရယ်… သမီးတော့လေ တကယ်ပဲ ဆက်မဟော်ကို ဒေါသတွေ ထွက်တယ်။ ဒီလိုဟာမျိုးကို သူ့ အိမ်ပေါ် အထိ ခေါ်တင်လာရတယ်လို့။ လူပုံကိုကြည့်ရင် နံ့သလို အ,သလိုနဲ့"





သြော်… ပြောရက်လိုက်ကြတာ။ အကြည်က အဲဒီ နှိမ်ချပြောနေတဲ့ စကားသံတွေအတွက် အဲဒါဟာ အကြည့်ကို လူရာမသွင်းလောက်အောင်ကို ပြောနေတယ်ဆိုတာ သိနေလည်း ဘာမှပြန်မပြောနိုင် ပြန်ပြောခွင့်မရှိတဲ့ ကိုယ့်ဘဝကိုယ်ပဲ ဝင့်ကြွေးဘာစ်ခုအဖြစ် သတ်မှတ်ကာ အကြွေးကျေအောင် ဆပ်နေရတဲ့ အဖြစ်ကိုပဲ ရင်ထဲမှာ မွန်းကျပ်နေအောင် ခံစားရကာ ထိန်းထားပါရက် မျက်ရည်က အလိုလိုကျလို့ လာလေသည်။

"ဟဲ့… နင့်ကို ဘယ်သူက ဘာလုပ်နေလို့ အဲဒီမျက်ရည်က ကျနေရတာလဲ။ မနက် စောစောစီးစီး ကျက်သရေကို ကင်းမဲ့တယ်။ ဒီမှာ… နင့်ခေါင်းထဲမှာ မြဲမြဲမှတ်ထားဖို့က ဒီအိမ်မှာ နင့်ကို ငါ့မောင်မျက်နှာ ရှိနေလို့ သည်းညည်းခံပေးနေတာ။ မျက်ရည်ခံထိုးပြီး ရောင့်တော့ တက်မလာနဲ့။ ငါ့အကြောင်း ကောင်းကောင်းသိသွားမယ်"

"ကဲ… တော်ပါတော့ မမရယ်"

အကြည့်အတွက် ကာပြောပေးဖို့ ရောက်လာတဲ့ ဒေါက်တာ့ကို မြင်ရလျှင် အကြည့်စိတ်တွေက အနည်းငယ်တော့



www.burmeseclassic.com

www.burmeseclassic.com



အားတက်လာရကာ ဒေါက်တာ့အနောက်ကို အားကိုးတကြီး ပြေးသွားလိုက်သည်။ ဒေါက်တာသေ အကြည့်ကို တစ်ချက်ငဲ့ကြည့်လိုက်ရင်းကမှ…

"တစ်အိမ်လုံးကို ဆူညံနေတာပဲ။ ဘာဖြစ်တာလဲ။ ဖြူဖြူကြည့်ကို အဲဒီလိုပုံစံမျိုးနဲ့တော့ မဆက်ဆံပါနဲ့ဗျာ။ မမတို့ မကြည်ဖြူဘူးဆိုတာ မှန်ပေမယ့် အဲဒီလိုပုံစံမျိုးကြီးနဲ့ အနိုင်ကျင့် ဆက်ဆံတာမျိုး မလုပ်ပါနဲ့။ ကျွန်တော် မကြိုက်ဘူး၊ ပညာတတ်ဆန်ဆန် သဘောထားပါ"

"ဘာ… ဆက်မဟော်။ နင်က… နင်က… သူ့ဘက်လိုက်ပြီးတော့ အစ်မကိုတောင် ပြန်ပြောတယ်"

"မဟုတ်ပါဘူး။ ပြန်ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ မဖြစ်သင့်ဘူးလေ မမရယ်။ မနက်စာ မစီစဉ်ထားလို့ ဖြူဖြူကြည်ကို အော်ဟစ်နေတာကျတော့ ကြည့်လို့ ဘယ်လိုမှ အဆင်မပြေဘူးလေ။ အဲဒါကြောင့်ပါ။ မေမေ့ကိုကော မမကိုကော ကျွန်တော် တောင်းပန်ပါတယ်။





နောက်တစ်ခါ သူ့ကို အဲဒီလိုမျိုးတော့ မလုပ်ပါနဲ့ဗျာ။ လာ… ဖြူဖြူကြည်"

ဒေါက်တာက အကြည့်လက်ကို လှမ်းဆွဲ၍ ခေါ်သွားလျှင် အကြည်က တကယ်ကိုပဲ ကြောက်ရွံ့မျက်နှာပူစွာ လိုက်သွားခဲ့ရသည်။ အကြည့် တစ်ယောက်ကြောင့် ဒေါက်တာ့ဘက်မှာလည်း ရင်ဆိုင်နေရသည့် အနေအထားများကို အကြည် သဘောပေါက်သည်။ ဒေါက်တာ မချစ်ဘဲ လက်ထပ်ထားရသည့် အကြည့်အတွက် ဒီလောက်ထိ ကာကွယ်ပေးနေတာကပဲ အကြည့်အတွက် ခွန်အားတစ်ခု ဖြစ်စေတာပဲ ဖြစ်သည်။

ဒေါက်တာက အကြည့်ကို ဧည့်ခန်းဘက်ထိ ဆွဲခေါ်လာခဲ့ပြီးမှ ကိုင်ထားတဲ့လက်ကို ဖြုတ်လိုက်ကာ စိတ်ရှုပ်သလို သက်ပြင်းတစ်ချက် ချလိုက်ရင်း…

"အိမ်မှာဖြစ်နေတဲ့ တိုက်ပွဲတွေကို ငါလည်း တကယ်ပဲ ငြီးချမ်းချင်တယ်။ ဒီနေ့တော့ မင်း အိမ်မှာမနေခဲ့နဲ့တော့။ ငါ့အစ်မဒေါ်သကို ငါ အသိဆုံး။ အဲဒီတော့ မင်း ငါ့ဆေးရုံကိုသာ လိုက်ခဲ့တော့။ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ …"

အကြည်က ဘာပဲဖြစ်ဖြစ် ဒီလောက် စိတ်ညစ်စရာကောင်းနေတဲ့ကြားက ရင်ထဲမှာ ပီတိဖြစ် ကြည်နူးမှုလေးတစ်ခုကတော့ ဖြစ်လို့သွားလေသည်။ အကြည့် အစ်ကိုကြီး ဖန်တီးခဲ့တဲ့ ပြစ်မှုတစ်ခုအတွက် ဒီအချိန်မှာ ဒေါက်တာနဲ့ လက်ထပ်ကာ ဒေါက်တာ့ဇနီးအဖြစ် ရှိနေသော်လည်း အကြည့်ကို ဘယ်သူမှ မကြည်ဖြူဘူးဆိုတာ သိပါသည်။ ဒါပေမဲ့ အကြည့် ရင်ထဲမှာရှိသည့် ချစ်ခြင်းတရား တစ်ခုကြောင့် တစ်နေ့မှာတော့ စစ်မှန်တဲ့ စိတ်ချမ်းမြေ့မှုတစ်ခုကို ရရှိပိုင်ဆိုင်လိမ့်မည်ဟု မျှော်လင့်ထားရလေသည်။

○❤○





ဒေါက်တာ့အလုပ်လုပ်တယ်ဆိုတဲ့ ဝိတိုရိယဆေးရုံကြီးဟာ အကြည့်အတွက်ကတော့ ဆေးရုံတစ်ခုရယ်လို့တောင် မြင်ချင်စရာ မရှိဘဲ အင်မတန် ခမ်းနားလှလေသော နန်းတော်ကြီးတစ်ခုနှင့် တူလေသည်။ ဒီလိုဆေးရုံကြီးမှာ ဒီလောက်ချောပြီး ခန့်ညားလှတဲ့ ဒေါက်တာဆက်မဟော် ရှိကာ လူနာတွေကို ဆေးကုပေးတယ်။ အင်မတန်မှကို ကွာခြားလှတဲ့ အဆင့်အတန်းတစ်ခုအတွက် အကြည် ဒေါက်တာနှင့် လက်ထပ်တယ် ဆိုတာကို ဘယ်သူက ကြည်ဖြူပါ့မလဲ။

အကြည့်လို တောက မိန်းကလေးတစ်ယောက်ဟာ ရန်ကုန်လို နေရာမျိုးမှာတောင်မှ တကယ့် ဒိတ်ဒိတ်ကြဲ သူဌေး



www.burmeseclassic.com

www.burmeseclassic.com



တွေနေတဲ့ နေရာမှာနေ၊ လုပ်တဲ့ဆရာဝန်အလုပ်တောင်မှ ထိုင်တဲ့ ဆေးရုံဟာ ဟိုတယ်တမျှ ခမ်းနားတဲ့ ဝိတိုရီယလို ဆေးရုံမျိုးကြီးမှာ ဆေးခန်းထိုင်တဲ့ တကယ့်လူကိုမှ လက်ထပ်ခွင့်ရခြင်းဟာ အကြည့်အတွက်ကတော့ ကံကောင်းတာထက်တောင် သာလွန်တဲ့ စကားရှိရင် ပြောရဦးမည်ဖြစ်ပြီး ဒေါက်တာ့ အတွက်ကတော့ တကယ့်ကိုပဲ ကံဆိုးတာပဲ ဖြစ်သည်။

"ရော့... ဖြူဖြူကြည်"

ကားက တိခနဲ ရပ်သွားမှုနဲ့အတူ ရော့ဆိုတဲ့ အသံကြောင့် အကြည်က ကားထဲကနေ အပြင်ကို လှမ်းငေးနေရာမှ ကြည့်လိုက်လျှင် ဒေါက်တာက ငါးထောင်တန်တစ်အုပ်ကို ကိုင်ထား၍ အကြည့်ဘက်ကို ကမ်းနေတာကြောင့် အကြည်က နားမလည်စွာ ငေးကြည့်ရင်း ဒေါက်တာ့ကို မေးရလေသည်။

"ဘာ... ဘာလို့လဲဟင် ဒေါက်တာ"

"ရော့... ဒီပိုက်ဆံနဲ့ မင်း ဒီနေ့ လိုချင်တာတွေ သွားဝယ်ပါ။ ငါ မင်းကို အိမ်ကနေ ခေါ်လာတာ ငါ့အမေနဲ့





အစ်မကြီးထံမှာ မင်း နေရခက်နေလို့ ခေါ်လာတာ။ ငါ့အိမ်က လူတွေက မင်းကို ငါ့ဘက်က လက်မထပ်လို့ မဖြစ်ပါဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ လက်ထပ်လိုက်တဲ့ အပေါ်မှာ မင်းကို ငါတို့ တစ်အိမ် သားလုံး မကြည်ဖြူကြဘူး။ မင်းကို ငါ လက်ထပ်လိုက်တဲ့ ကိစ္စမှာ ဘာကိုမှ ငါ့မိသားစု တိတိကျကျ မသိဘူး။ ငါ ဘာပြဿနာမှလဲ မရှင်းချင်တော့ဘူး ဖြူဖြူကြည်။ အဲဒါကြောင့် ငါ ဒီကို ခေါ်လာတာ။ ဒီမှာက ငါ့အလုပ်ရှိနေတယ်။ ငါ့အလုပ်ထဲတော့ မင်း လိုက်လာလို့ မဖြစ်ဘူး"

တိကျပြတ်သားစွာ ပြောလိုက်လေသော စကားကြောင့် အကြည့် ရင်ထဲ တကယ်ပဲ အောင့်ခနဲတော့ နာကျင်သွားရတာပဲဖြစ်သည်။ ဒါပေမဲ့ ဒေါက်တာက ဒါလုပ်ပါဆိုတဲ့ အရာတစ်ခုမှာ ဟင့်အင်း ဆိုပြီး ထပ်တွန့်တက်ဖို့ရာ အခွင့်အရေးလည်း မရှိတာကြောင့် အမြဲတမ်းမှာ အကြည့်ရဲ့ အနေအထားဟာ ရေငုံနှုတ်ပိတ်ရုံပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... နောက်ပြီးတော့ ရှော့... ဒီဖုန်းကို မင်းယူထားလိုက်တော့။ မင်း ညနေကျမှသာ ပြန်လာခဲ့။ သွားချင်တဲ့နေရာကို လျှောက်သွား။ ဝယ်ချင်တာကို သွားဝယ်ကွာ။ မင်းကို ဖုန်းလည်းပေးထားတယ်။ ပိုက်ဆံလည်း ပေးထားတယ်။ ကြိုက်တာလုပ်လို့ရတယ်။ ကားပါကဆင်းတော့။ ငါလည်း ငါ့လူနာတွေကြည့်ဖို့ ရှိသေးတယ်"

"ဟုတ်ကဲ့"

အကြည်က ဒေါက်တာစေခိုင်းတဲ့အတိုင်း ခေါင်းညိတ်ပြကာ ကားပေါ်ကဆင်းလျှင် ဒေါက်တာကလည်း တစ်ဖက်ကနေဆင်းကာ သူ့အိတ်သူဆွဲ၍ ဆေးရုံထဲကို သွားတော့မည့်ဟန်လုပ်ပြီးကာမှ ဒေါက်တာ့ကို တမေ့တမော ငေးကြည့်နေတဲ့အကြည့်ဘက်ကို ပြန်လှည့်ကြည့်ကာ မေးဆတ်ပြရင်း...

"ဟေး... သွားတော့လေ။ ညနေမှဆုံမယ်"

"ဟုတ်... ဒေါက်တာ"

အကြည်က ဒေါက်တာကျေနပ်အောင် ဟုတ်ကဲ့ပါခေါင်းညိတ်လိုက်ချိန်မှာတော့ ဒေါက်တာက အကြည့်ကို အင်မ





တန်မှ ယုံကြည်စိတ်ချစွာဖြင့် ကျောခိုင်းသွားကာ ဆေးရုံတွင်းသို့ ဝင်သွားရင်း အကြည့်မျက်ဝန်းထဲမှာ မေးမိုန်ပျောက်ကွယ်လို့ သွားလေတော့သည်။

အကြည်က စိတ်ပင်ပန်းလှစွာ လက်ထဲမှာ ကိုင်ထားတဲ့ ငါးထောင်တန်တစ်အုပ်နှင့် ကြားရုံသာကြားဖူးပြီး အခုမှပဲ ကိုင်ဖူးသည့် iPhone ဆိုသော ဈေးကြီးဖုန်းတစ်ခုကလည်း အကြည့် လက်ထဲမှာ။ ဒါတွေ ရှိနေတော့ကော အကြည် ဘာလုပ်နိုင်မှာလဲ။ အကြည် လိုချင်တာ ဒါတွေလည်း မဟုတ်ဘူးလေ။ ပြီးတော့ ဒီငွေတွေနဲ့ သွားချင်တာသွား၍ ဝယ်ချင်တာကို သွားဝယ်ပါတဲ့။ အကြည့်အတွက်တော့ ရန်ကုန်ဆိုတဲ့ နေရာဟာ အင်မတန်မှကို အလှမ်းကွာလွန်းကာ အင်မတန်မှကိုလည်း ကျယ်ပြောလှတာကြောင့် ဘယ်သွားလို့ ဘယ်လာရမယ် မသိသူအနေဖြင့် ဒီငွေတွေနဲ့ ဒီတန်းဖိုးကြီးဖုန်းကြီးကို အိတ်မပါ ဘာမပါဘဲ လက်ချည်းကိုင်ထားရတာဟာ အန္တရာယ်က များလွန်းပေသည်။ မတော်တဆ လုသွားတာ ဘာညာဆို ဒုက္ခ။



www.burmeseclassic.com

www.burmeseclassic.com



အကြည်က ဘာလုပ်ရမယ်မှန်းလဲ မသိတာကြောင့် မျက်လုံးဝေ့ ကစားကြည့်လိုက်လျှင် ဟိုနားက နေရာလေးက အကြည့်အတွက် အသင့်တော်ဆုံး ဖြစ်တယ်လို့ ယူဆရတာကြောင့် အကြည်က အဲဒီခုံတန်းလျားလေးမှာပဲ တစ်နေကုန် သွားထိုင်ကာ ဒေါက်တာ အလုပ်ပြီးချိန်ကို စောင့်မည်ဆိုသော ရည်ရွယ်ချက်နဲ့ အတူ တက်ကြွစွာပဲ ခြေလှမ်းပြင်လိုက်တော့သည်။

ဖြစ်သမျှ အကြောင်းကို အကောင်းပါပဲလေလို့ စိတ်သွင်းထားသူမို့ ခံစားနေရတဲ့ ဒုက္ခတွေ လောကဓံတွေကို အပြုံးတစ်ခုနှင့်သာ ကြံ့ကြံ့ခံဖို့ ဆုံးဖြတ်ထားတာကြောင့် အကြည့် အတွက် မျက်နှာမဲ့ချင်စရာတော့ မရှိခဲ့ပေ။

○❤○





သူက လူနာဆောင်ဘက်ကနေ Round Check လုပ်ပြီး သူ့အခန်းမှာ ပြန်နားဖို့ လျှောက်အလာတွင် အခန်း တံခါးဝနားသို့ ရောက်လာလေသော ခြည်သည်ကို မြင်လိုက်လျှင် ခေါင်းနပန်းတော့ ကြီးသွားတာပဲ ဖြစ်သည်။ လင်းနှင့် ဖြူဖြူ ကြည်။ ဘယ်လိုဖြစ်ပြီး သူတို့နှစ်ယောက်က အတူဖြစ်သွားရတာ လဲ။ မပော်က စိတ်ရှုပ်ထွေးမှုနှင့်အတူ လင်းတို့ဆီသို့ ခပ်ဖြည်း ဖြည်း လျှောက်လာလိုက်လျှင် လင်းက သူ့ကို မကျေနပ်သော အကြည့်နှင့်အတူ စတင်မေးခွန်းထုတ်လေ၏။

"မပော်... နင်... ဒါ ဘာလုပ်တာလဲ"

"ကိုယ် ဘာလုပ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ တန်ပြန်မေးခွန်းကြောင့် လင်းက သူ့ကို စိတ်မရှည်သောပုံစံဖြင့် ရန်တွေ့နေသလိုကို ကက်ကက်လန်ပုံစံဖြင့် လင်းဟာ အကြည့်ဘက်က ရပ်တည်ပေးနေတာ ဖြစ်သည်။

"ဘာလုပ်လဲ… ဟုတ်လား။ အကြည့်ကို ဆေးရုံထိခေါ်လာပြီးတော့မှ သွားချင်တဲ့ဆီ သွားပါဆိုပြီး လွှတ်လိုက်တာ ဘာသဘောလဲ မဟော်"

"သူ သွားဝယ်ချင်တဲ့ပစ္စည်း ဘာညာ ဝယ်လို့ရအောင် shopping ထွက်ခိုင်းတာပါ"

"သူက နယ်က အခုမှ ရောက်တာလေ။ မဟော် ပစ်ပစ်ခါခါ ထားခဲ့ဖို့တော့ မကောင်းဘူး။ သူ့ကို ဆေးရုံကားပါကင်က ခုံတန်းမှာ ထိုင်နေတာ တွေ့တော့မှ အကြောင်းစုံ သိရတယ်။ ကံကောင်းပေလို့ပေါ့။ လင်းနဲ့ တွေ့လိုက်ပေလို့။ နို့မို့ဆို သူ မသွားတတ် မလာတတ်နဲ့ ဒုက္ခရောက်နေမှာ"

လင်းက ဖြူဖြူကြည့် ဘက်ကနေ ရွတ်ရပ်တည်ပေးနေလေ သူ့စိတ်ထဲက အလိုမကျမှုတွေက ပိုများလာတာမို့ သူက





လင်း အနောက်နားမှာ ရှိးသလိုလို အ,သလိုလို ပုံစံဖြင့် ခေါင်းငုံ့နေတဲ့ ဖြူဖြူကြည်ကို မကျေနပ်စွာ ကြည့်လိုက်ရင်းက လင်းကို ပြန်ပြောလိုက်မိသည်။

"ကိုယ်လည်း အဲဒီလောက်ထိတော့ ဘယ်သိလိုက်မလဲကွာ"

"ဟုတ်… ဟုတ်ပါတယ် မမ။ ဒေါက်တော့အများ မပါပါဘူး။ အကြည်ကိုက ထိုင်နေမိတာပါ"

အဲဒီတော့မှ ကပျာကယာ ရှင်းပြဖော်ရသော ဖြူဖြူကြည်ကို သူက တကယ့်ကိုပဲ စိတ်ကုန်နေတာ ဖြစ်ပေမယ့် လင်းရှေ့မှာ ဘာဖြစ်လို့ ညာဖြစ်လို့ဆိုပြီး ပေါက်ကွဲပြမနေချင်တော့တာမို့ ဘာမှမပြောဘဲ နေလိုက်လျှင် လင်းဆိုတဲ့ ကရုဏာရှင်မကြီးက တစ်စခန်းထကာ ဖြူဖြူကြည့်ဘက်လှည့်၍…

"နောက် မသွားတတ်ဘူးဆိုရင် မသွားတတ်ဘူး ဆိုတဲ့ အကြောင်းကို မဟော့ကို ပွင့်ပွင့်လင်းလင်း ပြောနော်… သိလား အကြည်၊ အကြည် ဈေးသွားဝယ်ချင်တယ်ဆိုရင် လင်းနဲ့ သွားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို… အကြည့်မှာ ရှိပါတယ်။ ကျေးဇူးတင်ပါတယ် မမ။ ဒေါက်တာ… ဒီပိုက်ဆံနဲ့ ဖုန်းလေး…"

ဖြူဖြူကြည်က စကားလွှဲချင်နေတာကြောင့် သူ့ကို အားကိုးတကြီးဖြင့် သူခုနပေးထားတဲ့ ပိုက်ဆံတွေ ဖုန်းတွေပေးဖို့ လုပ်နေတာကြောင့် သူက စိတ်ပိုရှုပ်ရစွာ အဲဒီကိစ္စကို ရှင်းဖို့ အတွက် သူက လင်းကို ဖယ်ထုတ်ပစ်ဖို့ လိုအပ်လေတာကြောင့် ခပ်ဆောင့်ဆောင့် လေသံနှင့်အတူ ပြောလိုက်တော့သည်။

"အဲဒါတွေ ထားလိုက်စမ်းပါ။ လင်း… ကိုယ် သူ့ကိုအိမ် ပြန်လိုက်ပို့လိုက်တော့မယ်။ လင်း ကိုယ့် duty တစ်ချက် လောက် ဝင်ထားပေးပါ"

"ဪ… အင်း… အင်း"

"အဲဒါဆို ကိုယ်သွားတော့မယ်။ ဖြူဖြူကြည်… လာ"

သူက သူ့အိတ်တွေယူဖို့အတွက် ဖြူဖြူကြည့်ကိုပါ အခန်းထဲ ဆွဲခေါ်လာကာ တံခါးပိတ်လိုက်ပြီးရင်တော့ အင်မတန် မှကို ချုပ်တီးလို့ထားရတဲ့ ဒေါသတွေနှင့် ပြောလိုက်တော့သည်။





"ဒီမှာ… မင်းရဲ့ အဲဒီမာယာတွေကို ငါချစ်သူရှေ့မှာ သနားစရာပုံစံမျိုး လာလုပ်ပြမနေနဲ့ ဖြူဖြူကြည်"

"မ… မဟုတ်ဘူး။ ဒေါက်တာ… ဒေါက်တာ အထင်မှား နေ……"

ဖြူဖြူကြည်က သူ့ကို ကြောက်အားလန့်အားဖြင့် အသည်းအသန် ဖြေရှင်းဖို့ လုပ်နေတာကြောင့် သူဟာ အဲဒီစကား တွေအတွက် အင်မတန်မှ နားခါးလှစွာ ပိတ်ပြောပစ်လိုက်တော့ သည်။

"တစ်ခွန်းမှ ထပ်မပြောနဲ့။ ငါ မင်းကို ဒီခေါ်လာတာကို က ငါ့အမှားပဲ။ ပြန်မယ်"

သူက တောက်တစ်ချက် ခေါက်လိုက်လျှင် ဖြူဖြူ ကြည်က မျက်ရည်ဝဲနေတာကို မြင်ရတာမို့ ဒေါသက ပိုထွက်ရ လေသည်။

တကယ်တော့ သူ့စိတ်တွေကို ရှုပ်သည်ထက် ရှုပ် အောင် သူကိုယ်တိုင်ပဲ ဖန်တီးနေမိသလိုကို ခံစားလာမိတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေက ပိုတင်းကျပ်မှုတွေ များလာလေပဲဆိုတာ သဘောပေါက်ခဲ့ပြီ ဖြစ်သည်။

○❤○







တစ်ခုခုနဲ့ ထိမိခိုက်မိတဲ့ အခါမျိုးကျရင်
နာကျင်ရတယ်။
ဒီ့ထက် ဒဏ်ရာပိုပြင်းတယ် ဆိုရင်တော့
နာကျင်မှု ပျောက်သွားရင်တောင်
အမာရွတ်က ကျန်နေတယ်လေ။
အဲဒီလိုပဲ ဖြစ်သွားခဲ့တဲ့ စိတ်နာမှုအတွက်
အချိန်ကြာလို့ ဒဏ်ရာပျောက်ရင်တောင်
အမှတ်သည်းခြေ အမာရွတ်ကတော့
ကျန်နေဦးမယ်။

○❤○

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
**မယ်မင်းဘုံ**
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



(၅)

သူတို့မိသားစုအတွက် မိသားစုစုံညီ တွေ့ရတဲ့ အချိန်လေးဟာ ဒီလိုညပိုင်း တီဗီကြည့်ချိန်လေးပဲ ရှိတာမို့ သူက အဲဒီအချိန်လေးကိုတော့ အင်မတန် တန်ဖိုးထား အချိန်ပေးဖြစ်သည်။ ဒါပေမဲ့ ဒီတလောမှာတော့ သူ့ရဲ့အဆင်မပြေရာ အိမ်ဆောင်ရေး တစ်ခုကို ဖန်တီးတည်ဆောက်နေရချိန်မို့ သူဟာ နေ့က်ဆိုလည်း အစောကြီး ဆေးရုံထွက်သွား၊ ညဆိုရင်လည်း ဒိုးချုပ်မှ ပြန်လာတာကြောင့် သူဟာ ဝတ္တရားတွေ ပျက်ကွက်နေခဲ့သည်မှာ ကြာပြီဖြစ်သည်။

www.burmeseclassic.com



ဒီနေ့တော့ သူက မိသားစုစုံညီ စကားပြောကြဖို့ရာအတွက် ညှိနှိုင်းဆီသို့ လျှောက်လာခဲ့လျှင် ဖေဖေက ကြင်နာနွေးထွေးသော အပြုံးဖြင့် ပြုံးလိုက်ရင်း…

"သား… လာလေ"

"ဟုတ်ကဲ့… ဖေဖေ

"ဟိုကလေးမလေးကော"

ဖေဖေက ဖြူဖြူကြည်ကို မေးလျှင် မေမေနဲ့ မမရဲ့ မျက်နှာက သိသိသာသာ တင်းထန်သွားတယ်ဆိုတာ သူ သတိထားမိလေသည်။ တကယ်လည်း သူဟာ ဖြူဖြူကြည်ကို အခန်းထဲမှာပဲ နေခိုင်းကာ ထွက်မလာနဲ့လို့ အမိန့်ပေးထားတာပဲဖြစ်၏။ ဖေဖေက မေးလာသောအခါမှာတော့ သူက ငြင်းဆန်ဖို့ရာ မသိချင်ယောင်ဆောင်ဖို့ရာ မသင့်တာကြောင့် တော်ရုံပဲ ပြန်ဖြေလိုက်ရသည်။

"ရှိပါတယ် ဖေဖေ"

"ဒီကို ဘာလို့ ခေါ်မလာတာလဲ"





"ဟို… ဒါက သားတို့မိသားစု သီးသန့်စကားပြော၊ စိတ်အပန်းဖြေတဲ့ နေရာလေးဆိုတော့ ဖေဖေတို့ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"

သူ့ရဲ့အဖြေစကားကို ဘဝင်မကျစွာဖြင့် ဖေဖေက ခေါင်းခါယမ်းရင်း ပြန်ပြောလေသည်။

"ဩော်… ဒီလိုတော့ ဘယ်ဟုတ်မလဲ။ သူလည်း ဒီမိသားစုဝင်တစ်ယောက် ဖြစ်လာပြီပဲဟာ။ တို့မိသားစု စုံစုံညီညီ TV ကြည့် အနားယူ စကားပြောတဲ့ အချိန်လေးမှာ သူလည်း ဒီအိမ်ရဲ့ ချွေးမတစ်ယောက်အနေနဲ့ ရှိသင့်ပါတယ်။ ခေါ်လိုက်ပါ သားရယ်"

"ဘာကိစ္စ ရှင်က ခေါ်ခိုင်းနေရတာလဲ။ ထားလိုက်စမ်းပါ"

မေမေကပါ ဝင်ပါလာကာ ပြောတာကြောင့် ဖေဖေဟာ အလိုမကျစွာ ခေါင်းယမ်းရင်းက မေမေ့ကိုပါ ဆုံးမ၏။

"မဖြစ်သင့်ဘူးလေ။ ငါတို့မိသားစုက စိတ်ဓာတ်သေးသိမ်သူတွေ ဖြစ်သွားမှာပေါ့ကွ။ မဟော်… သွားခေါ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရဲ့ တစ်ချက်လွှတ် အမိန့်ကြောင့် သူ ဘာမှ ဆက်ကွန့်ပလိန့် မတက်ရဲကာ သွားမယ်အလုပ်မှာ မေမေက လှမ်းဟန့်လိုက်ရင် မနုကို သွားခေါ်နိုင်းလိုက်၏။

"မနု... ဘာလုပ်နေတာလဲ။ သွားခေါ်ပေးလိုက်"

"မင်းတို့ကလည်းကွာ အဓိပ္ပာယ်မရှိ ကြံဖန်ကပ်သပ်နေတယ်။ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် လက်သင့်ခံပြီးထားတဲ့ ကိစ္စတစ်ခုကို လက်ကို လက်ခံရမှာပဲ"

"ဩော်.... ဒီကိစ္စက သားလေးကလည်း ကျေနပ်လို့ ချစ်လို့ ယူထားတဲ့ မိန်းမမဟုတ်ဘူး။ ကျွန်မတို့က ရွှေပေါ်မြှတင် မထားပေးနိုင်ဘူး"

"တော်တော့ကွာ... တော်တော့။ ဟိုကောင်မလေး လာနေပြီ။ လာ... သမီး။ တို့တွေ မိသားစုစုံညီ TV ကြည့်နေကြလို့ ခေါ်လိုက်တာ။ ဘယ်လိုလဲ... နေရတာ အဆင်ပြေတယ်မှုလား"





ဖေဖေက ရောက်လာတဲ့ ဖြူဖြူကြည့်ကို ဖော်ဖော်ရွေရွေ နှုတ်ဆက်တာကြောင့် ဖြူဖြူကြည့် ဝုံစံက ဝမ်းသာပျော်ရွှင်ဟန်ပေါက်ကာ ခေါင်းညိတ်ပြရင်း သူ့ဘေး ဝင်ထိုင်လေသည်။

"ဟုတ်ကဲ့... အဆင်ပြေပါတယ် အန်ကယ်"

ဖေဖေက ပြန်လည်ခေါင်းညိတ်ပြရင်း ဆက်စရာစကားလည်း မရှိတော့တာမို့ TV ဘက်သို့ အာရုံပြန်ရောက်သွားသလျှင် ဖြူဖြူကြည်က သူ့ကို လှမ်းကြည့်တာမို့ သူက ချက်ချင်း အကြည့်ပြန်လွှဲလိုက်၏။

အဲဒီအချိန်မှာပဲ အပြင်က ဖုန်းသံက မြည်တာကြောင့် မနုက သွားကိုင်ကာ အထဲပြန်လာပြီး လာခေါ်သူက ဖြူဖြူကြည်ကို ဖြစ်သည်။

"မမလေး ဖုန်းလာတယ်"

ဒီအိမ်ဖုန်းကို ဖြူဖြူကြည့် နာမည်နဲ့ လာတယ်ဆိုကတည်းက အဲဒါ ဖြူဖြူကြည့် အစ်ကိုဆိုတာကို သူ အတတ်သိလိုက်သည်။ မေမေနဲ့ မမကလည်း ဘာလဲဆိုပြီး အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



နေတာကြောင့် သူကပဲ အသွားရခက်နေတဲ့ ဖြူဖြူကြည်ကို ခွင့်ပြုပေးလိုက်တာပဲဖြစ်သည်။

"ဖုန်းသွားကိုင်လိုက်လေ"

"ဟုတ်ကဲ့"

ဖြူဖြူကြည်ဟာ အဲဒီ မထုံတက်တေး အိုက်တင်ကို အင်မတန်မှ ဦးမြင့်ပိုင်နိုင်စွာဖြင့် သူ့ကို ခေါင်းညိတ်ပြရင်း ထွက်သွားလေလျှင် သူ့မှာ ပိုပြီးအမုန်းပွားရလေသည်။

○❤○





တယ်လီဖုန်းခွက်ကို လက်က ကတုန်ကယင် ကိုင်လိုက်ပေမယ့် နား,နားကပ်ပြောဖို့ရာတော့ နောက်ကျောက မလုံချေ။ အနောက်မှာ အကြည့်ကို ကြည့်နေတဲ့ မျက်လုံးတွေနဲ့ အကြည် ဘာပြောမှာလဲ နားထောင်နေမယ့် နားတွေကို မရဲစွာဖြင့် ခပ်အုံ့အုံ့လေသံဖြင့် ပြောလိုက်သည်။

"ဟယ်လို…"

"ဟော့… ညီမလေး အကြည်၊ အဆင်ပြေလားဟော့ အစစ"

"အစ်ကိုကြီး"

"ငါ့ညီမ… ဘာဖြစ်နေတာလဲ။ နင့် အစ်ကိုလေ။ အကြည် အဲဒီအိမ်မှာ နေတာ အဆင်ပြေရဲ့လား။ ငါ့ညီမလေးကို သူတို့ နှိမ်ချဆက်ဆံလား"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး လေသံကို နားထောင်ကြည့်တာနှင့် ထုံးစံအတိုင်း မူးနေတယ်ဆိုတာ မေးစရာမလိုဘဲ သိပြီးသားဖြစ်သည်။ ဒီနေ့ အနေအထားကို ရောက်အောင် အစ်ကိုကြီးဘဲ အကြည့်ကို တွန်းပို့ပေးခဲ့တာ ဖြစ်သည်။

"ဟဲ့... အကြည် ... ငြိမ်လှချည်လား"

"ရှင်... ဟုတ်... ဟုတ်ကဲ့... အကြည် အဆင်ပြေပါတယ် အစ်ကိုကြီး"

"နင်ဖြေရတာကြီးက ပေါ့ရွှတ်ရွှတ်နဲ့။ မဟုတ်သေးပါဘူး။ နင် တကယ်ကော စိတ်ချမ်းသာရဲ့လား။ သြော်... အကြည် အကြည် ... နင့်ကို ဘာတွေဝယ်ပေးထားသေးလဲ။ ငါ့ညီမက သူဌေးဆရာဝန်ကတော် ဖြစ်ပြီဆိုတော့ နင် လှတပတနေနော်။ ငူငူငိုင်ငိုင် လုပ်မနေနဲ့။ နင်က ဆက်မဟော်မိန်းမ ဖြစ်နေပြီ။ ထက်ထက်မြက်မြက်နေ ... ကြားလား။ အစ်ကိုကြီးကတော့ ဒီမှာ အဆင်တွေကို ပြေနေတာပဲဟေ့။ ငါ့ညီမလေး ကောင်းမှုကြောင့် သူဌေးဆရာဝန်ယောက်ဖ





ဖြစ်ပြီး သာယာနေတယ်ကွာ။ ဒါပေမဲ့ ဒီမှာ ညည်းမရှိတော့ စားရသောက်ရတာတော့ နည်းနည်းခက်တယ်။ ဒါပေမဲ့လည်း ကိစ္စမရှိပါဘူး။ နင့်အစ်ကိုက နင့်ကို တင်တောင်းထားတဲ့ ပိုက်ဆံတွေရှိနေတော့ သူဌေးပဲလေ။ ကြိုက်တဲ့ဆိုင်မှာ ဝယ်စားလိုက်တယ်...

အဆင်ပြေအောင် နေနော်။ သိလား ... ညီမလေး အကြည်"

အစ်ကိုကြီးစကားတွေက မူးနေလို့ စကားတွေ အစီစဉ်မကျဘဲ အရစ်ရှည် ပြောနေပေမယ့်လည်း ဒါဟာ ညီမအပေါ်ကို ကောင်းစားစေချင်လို့ပါဆိုတဲ့ အဖြေစကားကို အကြည်ကိုယ်တိုင်ကလည်း နားယောင်လွယ်ခဲ့ကာ လက်သင့်ခံမိလို့ အခုအချိန်မှာ ဒေါက်တာ့အနား ရောက်နေပေမယ့်လည်း အားလုံးရဲ့ မကြင်နာခြင်းကို ပိုင်ဆိုင်ရတာဟာ ဝဋ်ကြွေးပဲ ဖြစ်၏။

"ဟယ်လို... ဟ... အကြည်... နင်ကလည်းဟာ သူဌေးကတော် ဖြစ်သွားတာနဲ့ စကားက မပွင့်တပွင့်နဲ့။ အဆင်ကော ပြေတယ်မှလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်... အားလုံး အဆင်ပြေပါတယ် အစ်ကိုကြီး။ အစ်ကိုကြီး... အကြည် ဘုရားရှိခိုးတော့မှာမလို့ ဖုန်းချလိုက်တော့မယ်နော်။ အကြည် နောက်မှ ပြန်ဆက်လိုက်မယ်"

အကြည်က ဝမ်းနည်းဆို့နင်လာတဲ့ မျက်ရည်စက်တို့အတွက် စကားစကို အမြန်ဖြတ်ရကာ အခန်းထဲ ပြေးဝင်မည်အပြုမှာ အနောက်က ခပ်ထန်ထန် ခေါ်သံက အကြည့်ခြေလှမ်းကို တုံ့ခနဲ ဖြစ်စေသည်။

"ဖြူဖြူကြည်... နေဦး"

"........"

"ဒီဘက် လှည့်လိုက်စမ်းပါဦး"

အကြည့်နောက်ကို ဒေါက်တာ့အစ်မ ရောက်နေပြီဆိုတာ သဘောပေါက်ရစွာ ကျလုဆဲဆဲ မျက်ရည်စတို့ကို အသာပုတ်ထုတ်ရင်း လှည့်လိုက်မိသည်။ မာကြော တင်းထန်နေသော မျက်နှာထားရဲ့ အနောက်မှာ တားမြစ်ပေးဖော် ရသေးသော





ဒေါက်တာက "မမ"ဟု လှမ်းတားသော်လည်း ဒေါက်တာ့အစ်မဟာ အင်မတန်မှကို တင်းထန်နေသော ဒေါသအလျှင်တို့ဖြင့် ဒေါက်တာ့ကိုပါ အော်၍...

"နင် တစ်ခွန်းမှ ဝင်မပြောနဲ့ ဆက်မဟော်။ ဒီမှာ ဖြူဖြူကြည်... ဒီအိမ်မှာ နင့်ကို ဘယ်သူတွေကများ စိတ်ဆင်းရဲအောင် လုပ်နေလို့ နင်က အလကားနေရင်း မျက်ရည်ကကျနေတာလဲ။ နင် အခုရှင်း။ ငါတို့အိမ်မှာ မျက်ရည်လေးစမ်းစမ်း, စမ်းစမ်းနဲ့ အိမ်ကျက်သရေ တုံးတယ်"

ရက်ရက်စက်စက်ကို မညှာမတာ ပြောထွက်ရက်သော စကားလုံးအတွက် အကြည်က ဖြေရှင်းချက်ပေးဖို့ရာ အထစ်ထစ် အငေါ်ငေါ့ဖြင့် ဖြေရှင်းရာ စကားလုံး ရှာဖွေနေမိတာပဲ ဖြစ်သည်။

"ဟို... အကြည်က..."

"ကဲ... တော်ကြပါတော့ကွာ။ မိသားစုဝင်ချင်း ဒီလို မသင့်မမြတ် မဖြစ်ကြပါနဲ့။ သမီး... တော်တော့"



www.burmeseclassic.com

www.burmeseclassic.com



"မဖေ"

"တော်တော့လို့ ပြောနေတယ်လေ"

ဒေါက်တာ့အဖေရဲ့ ဟန့်တားစကားကြောင့် မမမိုး မဟော်က အကြည့်ကို မကျေမချမ်း အကြည့်ဖြင့် ကြည့်ကာ ထွက်သွားလေသည်။ ဒေါက်တာရဲ့ အထင်လွဲပြီးရင်း အထင်လွဲ ဒဏ်တွေကို မခံနိုင်စွာ ဒေါက်တာ့မျက်နှာကို ကြည့်မိသွားလျှင် ဒေါက်တာက စိတ်ရှုပ်နေသော အမြဲတွေ့ရတတ်သော ဒေါက်တာ့ ဆီက အမုန်းမျက်လုံးတွေကို ပိုမိုတောက်ပစွာ တွေ့ရကာ တောက် တစ်ချက်ခေါက်ရင်း ထွက်သွားလေသည်။

မျက်ရည်ဟာ ကျရလွန်းအားကြီးလို့ ကျစရာမရှိ တော့အောင် နာကျင်စရာတွေက များလှပေသည်။

○❤○





တစ်ယောက်သောသူဟာ
ကိုယ့်ကို မလိုအပ်တော့ဘူး ဆိုမှတော့
သူ့ဆီက လှည့်ထွက်သွားသင့်တယ်။
တစ်ယောက်သောသူဟာ
ကိုယ့်ကို လိုအပ်နေပေမယ့်
သူဟာ ကိုယ့်အတွက်
ဘယ်နည်းနဲ့မှ မှသင့်လျော်သူ
ဆိုရင်တော့
ဘယ်လောက်ချစ်ချစ်
တော့တာပါပဲ။



○❤○

www.burmeseclassic.com

www.burmeseclassic.com







(၆)

ကိုယ့်ဘေးမှာ ထိုင်နေတဲ့သူဟာ အရင်တုန်းက အင်မတန် တက်ကြွသလောက် အခုများကျတော့လည်း စိတ်ဓာတ်ကျ စိတ်ဆင်းရဲနေသော ပုံပေါက်နေတာမို့ လင်း ကိုယ်တိုင်လည်း စိတ်မကောင်း ဖြစ်ရလေသည်။ ဘယ်လို နှစ်သိမ့်ပေးလို့ပေးရမှန်း မသိပေမယ့် မဟော့်ကို တကယ်ပဲ စိတ်ချမ်းသာစေချင်တဲ့ မေတ္တာတရားတော့ ရှိနေသေးသည်။ မဟော်က စားပွဲခုံပေါ် လက်ထောက်ကာ သူ့နဖူးကြော့ သူနှိပ်နေလျက် အင်မတန်စိတ်ရှုပ်ထွေးဟန် ပေါက်နေတာကြောင့် လင်းက သူ့ပခုံးတွေကို ခပ်ဖွဖွ ပုတ်ပေးလျက် နှစ်သိမ့်စကားတော့ ပြောဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တာဝန်ယူ ခေါင်းညိတ်ခဲ့တဲ့ ကိစ္စတစ်ခုအပေါ်ဆို သိပ်ကတိတည်တတ်တဲ့ မဟော်က အခုလည်း အဲဒီစိတ်နဲ့ပဲ အဆင်ပြေအောင်နေပါ မဟော်ရယ်"

လင်း စကားကြောင့် မဟော်က အံ့အားသင့်သော မျက်လုံးတို့ဖြင့် ဆတ်ခနဲကြည့်ကာ…

"လင်း… ဟား… ဘာမှမဆိုင်ဘူး။ ကိုယ်က နှလုံးသားရှိတဲ့ လူတစ်ယောက်။ ကိုယ် မချစ်မနှစ်သက်တဲ့ မိန်းမ၊ ကိုယ် မုန်းနေတဲ့ မိန်းမတစ်ယောက်နဲ့ အတူတူနေပြီး မိသားစုနဲ့ သူ့ကြားထဲမှာ အဆင်ပြေအောင် balance ညှိနေရတဲ့ ကိုယ့်ကိုယ်ကိုယ် အရမ်းတွေ မွန်းကျပ်ပြီး ရှူးချင်လာတယ်"

"အဲဒါဆိုလည်း အိမ်ခွဲနေလိုက်ပေါ့"

"လင်း… ကိုယ်နဲ့ ဖြူဖြူကြည်က ချစ်လို့ ကြိုက်လို့ ယူထားတာမှ မဟုတ်တာ။ ကိုယ့်ကို ထောင်ချောက်ဆင်ပြီး ရအောင်ယူခဲ့တဲ့ မိန်းမ။ အဲဒါကို ကိုယ်က ကိုယ့်မိသားစုနဲ့





အဆင်မပြေလို့ သူ စိတ်ချမ်းသာအောင် အိမ်ခွဲနေစရာလား။ ကိုယ်ကတော့ သူနဲ့ အမြန်ဆုံး လမ်းခွဲချင်နေတာပဲ သိတယ်"

မဟော်က ဒေါသတကြီး တောက်ခေါက်ကာ ပေါက်ကွဲလာတဲ့ စကားကို လင်းဘက်က နားလည်သင့်သလောက် နားသည်ပေမယ့် မိန်းမချင်း ကိုယ်ချင်းစာစိတ်က ထောင်းခနဲ ထွက်လာကာ မဟော့်ကို ပြန်ပြောလိုက်တော့သည်။

"မဟော်… မိန်းကလေးတစ်ယောက်ကို ဘယ်လိုကြောင့် လက်ထပ်ခဲ့ လက်ထပ်ခဲ့ ကိုယ့်ဇနီး ဖြစ်သွားတဲ့သူကို လမ်းခွဲမယ်ဆိုတဲ့ စိတ်ကြီးနဲ့ ပေါင်းနေတာကြီးကို လင်း အရမ်းရွံချတယ်နော်။ လင်း ဖြူဖြူကြည်နဲ့ စကားပြောကြည့်ပါတယ်။ ကောင်မလေးက ရိုးရိုးအေးအေးလေး။ အကယ်၍ မဟော် ပြောခဲ့သလို ထောင်ချောက်ဆင်ပြီး မဟော့်ကို ရအောင်ယူတယ်ဆိုရင်လည်း သူ့စိတ်ဆန္ဒနဲ့ သူ လုပ်ခဲ့တာ မဖြစ်နိုင်ပါဘူး။ သူ့အစ်ကို ကြိုးဆွဲရာကို



www.burmeseclassic.com

www.burmeseclassic.com



ကရလို့ပဲ နေမှာပါ။ ဘာပဲဖြစ်ဖြစ် ဖြူဖြူကြည့်ကို အငြိုးမျက်လုံးတွေနဲ့ကြည့်ပြီး အပြစ်တွေပဲ မမြင်စေချင်ဘူး"

"လင်း... ကိုယ်မှ သူ့ကို မချစ်နိုင်တာ။ ကိုယ်က သူ့ကို မုန်းတာ။ ကိုယ့်ဘဝတစ်ခုလုံးကို တစ်စစီလုပ်ခဲ့လို့ မုန်းတာ။ ကိုယ်ချစ်တာ လင်းပဲ။ အဲဒါက ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး"

မဟော်ရဲ့ အဲဒီစကားလုံးအတွက် လင်းရင်ထဲမှာ ဆစ်ခနဲဖြစ်ကာ နာကျင်ရပေမယ့် လင်းကိုယ်တိုင်မှ အဲဒီစကားလုံးတွေအပေါ် ခံစားနေရင် ပိုဆိုးကုန်မှာ သိနေတာကြောင့် လင်းရဲ့စိတ်ကို တင်းထားလိုက်ကာ ခပ်မာမာ လေသံသုံး၍ ပြောလိုက်တော့သည်။

"မဟော်... ပြီးသွားခဲ့တဲ့ ကိစ္စတွေကို ပြန်ပြောမနေပါနဲ့တော့။ မဟော်ဟာ အိမ်ထောင်သည် ယောကျ်ားတစ်ယောက်။ လင်းကို ငရဲလာမပေးနဲ့။ လင်းတို့ အခုလို တွေ့ကြ ပြောကြတယ် ဆိုတာ လင်းစိတ်ထဲမှာ မဟော့်ကို





သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားလိုက်နိုင်လို့ပဲ။ လင်းအနေနဲ့ အိမ်ထောင်သည် ယောကျ်ားတစ်ယောက်နဲ့ ဖောက်ပြန်ရလောက်အောင်လည်း လင်း ဦးနှောက်မမဲ့ဘူး။ နောက်တစ်ခါ လင်းကို သူငယ်ချင်းတစ်ယောက်အပေါ် ထားတဲ့စိတ်နဲ့ပဲ စကားပြောပါ"

လင်းရဲ့စကားကြောင့် မဟော်က လင်းကို တစ်ခါမှ မမြင်ဖူးသလို ကြည့်ရင်းက...

"လင်းက အသည်းနှလုံး တော်တော်မာကြောတာပဲ။ ကိုယ် လက်ထပ်ရတာ ချစ်လို့မှ မဟုတ်တာ။ ကိုယ့်စိတ်ထဲက..."

"တော်တော့... မဟော်။ ဆက်ပြောရင် လင်းတို့ အခင်အမင်ပါ ပျက်သွားကြလိမ့်မယ်။ မဟော် လက်ထပ်လိုက်တဲ့နေ့ကစပြီး လင်းတို့ ဇာတ်လမ်းက အားလုံးပြီးသွားခဲ့ပြီ။ ပြန်မပြောပါနဲ့တော့။ ကိုယ့်အိမ်ထောင်ကိုသာ အဆင်ပြေ တည်မြဲဖို့ ကြိုးစားပါ"



www.burmeseclassic.com

www.burmeseclassic.com



လင်းက ဝဲချင်လာသည့် မျက်ရည်စကို မဟော် မမြင်အောင် ကွယ်ဝှက်ရင်း မဟော့်ကို နှုတ်မဆက်ဘဲ ထွက်လာခဲ့တော့သည်။ ဘယ်လောက်ပဲချစ်ချစ် လင်းရဲ့ရင်ထဲက အချစ် မေတ္တာတွေဟာ ဘယ်သူ့ကိုမှ အဆိပ်မသင့်စေရဘူးလေ။

○❤○





အကြည့်အတွက်က ရိုးနေပြီ ဖြစ်လေသော အိမ်မှုကိစ္စပေါင်း များစွာကို လုပ်ရင်း ဒီအိမ်ကြီးရဲ့ချွေးမအဖြစ် ရှိနေသော အနေအထားတစ်ခုမှာ နေသားတကျဖြစ်အောင် ကြိုးစားနေထိုင်ခဲ့သည်မှာ နှစ်လနီးပါးတောင် ကြာနေခဲ့ပြီဖြစ်၏။ ဘဝမှာ သာမန်အခြေခံ လက်လုပ်လက်စား ဘဝတစ်ခုကနေ အင်မတန် ကြီးကျယ်ခမ်းနားလှသော တော်ဝင်မိသားစုထဲကို ဝင်ခွင့်ရရှိရတာ ဆိုပဲ ဒါဟာ ကံကောင်းမှုအဖြစ် သတ်မှတ်ပြီး အားလုံးနှင့် အရာရာ ခက်ခဲနေသော်လည်း အဆင်ပြေအောင် ကြိုးစားနေရတာ ဖြစ်သည်။

ဒီတစ်အိမ်လုံးတွင်တော့ အကြည့်အတွက် စိတ်သက်သာရာရအောင် စကားပြောဖော်ရှိပေးသော မနု တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ အကြည့်မှာ တွယ်တာမိရလေသည်။ မနုဟာ အကြည့် စိတ်ခံစားချက်ကို ဖွင့်ချပြောပြဖို့ရာအတွက် တစ်ခုတည်းသော ထွက်ပေါက်ဖြစ်လေသည်။ မနုဟာ အကြည့်ကို သနားနေကာ စာနာပေးနေတာလေးကပဲ အကြည့်အတွက် အားအင်ဖြစ်၏။

"မမလေးလည်း တစ်နေ့ တစ်နေ့ အိမ်မှာ နေရတာ စိတ်ညစ်မှာပဲနော်။ မေမေကြီးကတစ်မျိုး၊ မမကြီးကတစ်မျိုးနဲ့"

"အကြည် ကိုယ်တိုင်ကိုက သူတို့အတွက် စိတ်တိုစရာ ဖြစ်နေတာကိုး"

"မမလေးကို မနု သနားလိုက်တာ။ မေမေကြီးတို့က မျိုးရိုးဂုဏ် တအားကြီးတော့ မာနကလည်း ခပ်ကြီးကြီးရယ်။ ဟိုတုန်းကဆို အမယ်လေး… လင်းနှင်းဆီကိုတောင် အစ်ကိုလေးနဲ့ သဘောတူတာ မဟုတ်ဘူး။ အဲ… မနုလည်း ဘာတွေ လျှောက်ပြောမိမှန်းတောင် မသိဘူး"

လွှတ်ခနဲ ထွက်သွားတဲ့ စကားအတွက် မနုက အကြည့်ကို အားနာစွာ စကားပြန်ရုပ်ပေမယ့် အကြည်က သိနေ





ပြီး အကြောင်းအရာအတွက် အပြုံးမပျက်စွာပင် ဒေါက်တာရဲ့ အကြည့်စားပွဲပေါ်က စာအုပ်တွေ အစီအရီထပ်ပေးရင်းက မမလင်းနှင်းဆီကိုတောင် သဘောမတူနိုင်လောက်အောင် မာနတွေကြီးလွန်းသည့် ဒေါက်တာ့မိသားစု အကြောင်းကို မေးကြည့်မိသည်။

"ပြောပါ မနုရဲ့။ ဒေါက်တာနဲ့ မမလင်းနှင်းဆီက တစ်ချိန်တုန်းက ချစ်သူတွေဆိုတာ အကြည် သိပါတယ်။ ဘာဖြစ်လို့ သဘောမတူတာလဲဟင်"

"မေမေကြီးက ကိုကိုကြီးကို တော်တန်ရုံ မိန်းကလေးနဲ့ သဘောတူတာ မဟုတ်ဘူးလေ။ အမယ်လေး လင်းက မေမေကြီးတို့လောက် မချမ်းသာလို့တဲ့။ ဒါပေမဲ့ ကိုကိုကြီးတို့က ချစ်သူတွေ ဖြစ်နေကြတယ်ဆိုတော့ အမယ်လေး လင်းကို ဆရာဝန်မလေးလေဆို စိတ်လျှော့ပေးလိုက်တာ"

သြော်…။

အကြည့်ရဲ့စိတ်ထဲက "သြော်"လို့သာ အာမေဋိတ် ပြုနိုင်ခဲ့သည်။ အေးပေါ့လေ။ ဒါတွေကြောင့်ပဲ အကြည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဘယ်လိုနည်းနဲ့မှ အသိမှတ်ပြုဖို့ရာ မဖြစ်နိုင်တာပေါ့။ အထူးကုဆရာဝန်မ တစ်ယောက်ကိုတောင် သဘောတူဖို့ရာ ခဲယဉ်းခဲ့တာ အကြည့်ဆိုရင်တော့...။

"မမလေး... စိတ်အနှောင့်ယှက် ဖြစ်သွားပြီလားဟင်"

"ရပါတယ် မနုရယ်။ ဘာမှမဖြစ်ပါဘူး"

အကြည်က အပြုံးတစ်ခုနဲ့အတူ စာအုပ်တွေ ပြန်စီရင်း ဗီရိုအံဆွဲကို လှမ်းဖွင့်လိုက်လျှင်တော့ ဓာတ်ပုံလေးတစ်ပုံက အကြည့်ကို ဆီးကြိုနှုတ်ဆက်နေတာပဲ ဖြစ်သည်။ အကြည်က အံ့အားသင့်စွာဖြင့် ဓာတ်ပုံကို ယူကြည့်မိလိုက်လျှင်တော့ ဒေါက်တာနှင့် အင်မတန်မှ တူသော သူတစ်ယောက်ဟာ ဒေါက်တာနှင့် တူယှဉ်တွဲ၍ ရိုက်ထားသောပုံ ဖြစ်နေတာကြောင့် တစ်ခါမှမမြင်ဖူးစွာ အထူးအဆန်း ဖြစ်နေတာမို့ အကြည်ဟာ ပုံကိုတောင် မျက်နှာအနီးသို့ ကပ်ယူကြည့်လိုက်မိရင်း မနုကို ထိတ်လန့်တကြား မေးရလေသည်။

"မ... မနု... ဒီပုံက တစ်ယောက်က ဘယ်သူလဲဟင်"





"ဒုက္ခပါပဲ မမလေးရယ်"

မနုဟာ အင်မတန်မှကို ထိတ်လန့်စိုးရိမ်နေဟန် ပေါ်တာကြောင့် အကြည့်ရဲ့ သိချင်စိတ်တွေဟာ ပိုလို့မှ ပြင်းထန်လာကာ မနုကို အမြန်မေးရလေသည်။

"ဘာဖြစ်လို့လဲဟင်။ သူနဲ့ ဒေါက်တာနဲ့က တော်တော်လေးကို တူနေတာ။ သူက ဘယ်သူလဲ"

"ဟို... ဟို... သူက ကိုကိုကြီးရဲ့ အမြွှာညီ။ မြတ်မဟော်တဲ့"

အမြွှာညီ။ ကြားရတဲ့စကားက တကယ့်ကိုပဲ အဆန်းတကြယ် ဖြစ်ရတာမို့ အကြည့်မှာ အံ့ဩနပမ်း ဖြစ်ရစွာ ဓာတ်ပုံကို အသေအချာ ပြန်ကြည့်၍...

"အမြွှာညီ။ တစ်ခါမှလည်း မမြင်ဖူး တစ်ခါမှလည်း မကြားဖူးပါဘူး"

"ဘယ်ကြားဖူးမလဲ မမလေးရဲ့။ ကိုကိုလေးက အမွေပြတ် စွန့်လွှတ်ခံထားရတာ။ ဒါပေမဲ့ သနားစရာပါ။ အိမ်ကနေ ထွက်သွားပြီး သုံးလလောက်ပဲ ရှိသေးတယ်။ အသတ်ခံ လိုက်ရလို့ ဆုံးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



အကြည့်မှာ မကြားဖူးသေးတဲ့ အထူးအဆန်း သတင်းအတွက် ကိုယ့်ပါးစပ်ကိုယ်တောင် ပြန်ပိတ်မိ၍ အသတ်ခံရတယ်ဆိုတဲ့ စကားလုံးအတွက် ရင်တုန်ပန်းတုန် ဖြစ်ရကာ…

"ဘုရား… ဘုရား… အသတ်ခံရတယ်။ ဘယ်လိုဖြစ်တာလဲ"

အကြည့် မေးခွန်းကို မနုက အဖြေရ ခက်ခဲနေစွာ ချီတုံချတုံ ဖြစ်နေတာကို ရိပ်မိတာမို့ အကြည်က သိချင်စိတ်ပြင်းပြစွာ ထပ်မေးမိလျှင် မနုက ဘေးပတ်ဝန်းကျင်ကြားမှာ စိုးရိမ်သော ခပ်အုပ်အုပ်လေသံဖြင့် ပြောပြသည်။

"ကိုကိုလေးက ကိုကိုကြီးနဲ့ ရုပ်ချင်းသာတူတာ။ အမူအကျင့်ကျတော့ တခြားစီပဲ။ ရည်းစားတွေ တအားရှုပ်၊ သောက်စားမှူးယစ်နေတော့ မိသားစုဂုဏ်ကို တန်ဖိုးထားတဲ့ မေမေကြီးတို့က မျိုးရိုးအထိခိုက်မခံနိုင်လို့ စွန့်လွှတ်လိုက်တော့ ပိုဆိုးကုန်တာပေါ့။ အပြင်မှာ ဆိုးချင်တိုင်းဆိုး သောက်စားမှူးယစ်ပြီး ရန်ဖြစ်ကြရင်း အသတ်ခံရတာ…





အခုဆို ကိုကိုလေး ဆုံးသွားတာ နှစ်,နှစ်တောင်ကျော်ပြီ။ ဒါပေမဲ့ ဒီအိမ်မှာ ကိုကိုလေးအကြောင်း တစ်ယောက်မှ ပြောခွင့်မရှိဘူး။ မေမေကြီးတို့က အဲဒီလိုမျိုး မမလေးရဲ့။ လက်မ,မကောင်း လက်မဖြတ်ပစ်တဲ့ အမျိုး"

သိရှိ ကြားနေရတဲ့ စကားတွေဟာ တကယ်ကိုပဲ ရင်နင့်ဖွယ် ကောင်းသလို ကြောက်စရာကောင်းလောက်အောင် ကြီးမားလှတဲ့ မာနတွေကို သိရတာ တကယ်ပဲ နွမ်းလျစွာ ရင်မောရလေသည်။

"သြော်… သားအရင်းကိုတောင် စွန့်လွှတ်လိုက်တဲ့အထိ မာနတွေ ကြီးလိုက်တာ။ သနားပါတယ်"

"ဟုတ်တယ် မမလေးရဲ့။ ဓာတ်ပုံသိမ်းလိုက်ဦးနော်။ တော်ကြာ မမလေးကို ပြောပြရမလားဆိုပြီး မနု အလုပ်ပြုတ်နေပါဦးမယ်"

အကြည်က ခေါင်းညိတ်ပြကာ ဓာတ်ပုံကို ကြည့်လိုက်မိရင်း သက်ပြင်းတစ်ချက်ချကာ သူ့နေရာသူ ပြန်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ဒီအိမ်ရဲ့ အိမ်ကြီးရှင်တွေဟာ ဘယ်လောက်အထိကို မာနကြီးပြီး မျိုးရိုးကို တန်ဖိုးဘယ်လိုထားတယ်ဆိုတာ သားအရင်းခေါက်ခေါက် ဖြစ်သူကိုတောင် စွန့်လွှတ်ပစ်တယ်ဆိုသည့် သာဓက,က သက်သေခံနေပေသည်။

အကြည့်ကိုကော…။

ဘယ်အချိန် ဘယ်တော့ စွန့်ပစ်မလဲလို့ တွေးမိလိုက်ချိန်မှာ နှလုံးသားဟာ အောင့်မျက်လာကာ ဘုရားမှာ ဆုတောင်းဖို့ကလွဲလို့ အားကိုးရာမရှိဟုပဲ နှလုံးသွင်းထားလိုက်မိသည်။

○❤○







ပျော်ရွှင်မှုဆိုတာမျိုးက
တန်ဖိုးကြီးပစ္စည်းတွေကို လိုချင်သမျှ
ရရှိပိုင်ဆိုင်ခြင်းနဲ့ မဆိုင်ဘူး။
ကိုယ်ချစ်မြတ်နိုးသူနဲ့အတူတူ
စိတ်ချမ်းသာစရာ အခြေအနေနဲ့ ရှိနေခြင်းပဲ။

○❤○

www.burmeseclassic.com

www.burmeseclassic.com







(၇)

အိမ်ထောင်ရေးဆိုတဲ့ ဝေါဟာရတစ်ခုဟာ အနက် အဓိပ္ပာယ် ဖော်ဖို့ရာအတွက် ဘာမှ တိတိပပ မပြောနိုင် ဖွင့်မပြောနိုင်တာဟာ နှလုံးသားတွေ အေးခဲနေလို့ပဲလား၊ ဒါမှမဟုတ် ဒဘာန်မရာဆိုတဲ့ စကားလုံးဟာ အိမ်ထောင်ရေးနှင့် တိုက်ရိုက် အချိုးကျနေလို့ပဲ ဝေါဟာရ ဖွင့်မရဖြစ်နေတာလား မသိပါ။ ဒါပေမဲ့ ဘာအကြောင်းတရားတွေပဲ ဖြစ်နေပါစေ... အကြည့်ရင် ဆဲက စင်ကြယ်သော မေတ္တာတရားတစ်ခုတည်းဖြင့် အားလုံးကို ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလို စိတ်ကိုလျှော့ မာန်ဆိုတာ မာန



www.burmeseclassic.com

ဆိုတာ ဘာလဲပြန်မေးရလောက်အောင် ကင်းတဲ့ စိတ်ထားမျိုးဖြင့် ခေတနာတွေ ဗရပွ ထားပေးခဲ့သည်။

ဒီနေ့မှာတော့ ဒေါက်တာက ဆေးရုံမသွားဘဲ အိမ်က ဒေါက်တာ့အဖေရဲ့ အလုပ်ကိစ္စတွေကို ဒေါက်တာ ကူလုပ်ပေးနေတာကို သိတာကြောင့် အကြည်ဟာ အလိုက်သိစိတ်ဖြင့် မနက် မေးကာ ဒေါက်တာကြိုက်တတ်တဲ့ နှပ်ကော်ဖီကို အသေအချာ ဖျော်လာပြီး မရဲတရဲ မျှော်လင့်စိတ်ဖြင့် အခန်းထဲကို ကော်ဖီ သွားပို့မိသည်။

"ဒေါက်တာ… ဒေါက်တာ့အတွက် ကော်ဖီ"

အကြည့်ရဲ့လေသံတွေဟာ အနည်းငယ် တုန်ယင်နေတယ်ဆိုတာ သတိထားမိ၍ စိတ်ကို ထိန်းနေရချိန်မှာ ဒေါက်တာက Laptop တစ်လုံးဖြင့် အလုပ်တွေရှုပ်နေရာကနေ အကြည့်ဆီသို့ မျက်လုံးအကြည့်က ရောက်လာလျှင် အကြည်က အလိုလိုမျက်လွှာချမိသွားသည်။

"ဖြူဖြူကြည်"





"ရှင်"

"မင်းက ငါ့ကို အရွဲ့တိုက်တာလား"

မေးလိုက်တဲ့ မေးခွန်းဟာ စိန်ခါသံတွေ ပါနေတာကြောင့် အကြည်ဟာ ကြောက်လန့်စိတ်တွေ ပိုကဲကာ မမေးရဲဆဲရဲ မေးရလေသည်။

"အ… အကြည် ဘာလုပ်မိလို့လဲဟင်"

"ဘာလုပ်မိလဲ ဟုတ်လား။ ဒီမှာ ကြည့်စမ်း… ငါ ဒီမှာ အလုပ်တွေ ရှုပ်ယှက်ခတ်နေတာ မင်း မမြင်ဘူးလား"

"ဟုတ်… မြင်ပါတယ်"

"မြင်တယ်ဆိုရင်လည်း မင်းအလိုက်တသိနဲ့ ဖျော်လာတာက ကော်ဖီဆိုတော့ မင်းက ငါ့ကို ရွဲ့တာလား"

"မ… မဟုတ်ပါဘူး။ ဒေါက်တာက ကော်ဖီပဲ သောက်တတ်တယ် ထင်လို့ပါ"

"ဟား… တော်တော် ထူတာပဲကွာ။ ဒီလောက် ရှုပ်ယှက်ခတ်နေတဲ့ အချိန်မှာ ငါ့ကို အပူလာတိုက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့ဆီက စိတ်ကြည်သာမှု တစ်ခုကို ရလို ရငြား ကြိုးစားကြည့်ပါသော်ငြား ဘာမှ ထူးခြားမနားတဲ့ အခြေ အနေအတွက် အကြည်ဟာ တုန်လှုပ်ကြောက်ရွံ့စွာ ဖြေရှင်းချက် ပေးရလေ၏။

"ဟို... အ... အကြည်က မှားမှာ ကြောက်လို့ပါ။ အခု အအေးသွားဖျော်လိုက်ပါ့မယ်"

"ထားလိုက်ပါတော့။ ကော်ဖီပဲ ထားခဲ့လိုက်။ မင်း ငါ့ကို တစ်ခုကူညီမလား"

မမျှော်လင့်သော စကားအတွက် အကြည်က ဗမ်းသာ သွားသောစိတ်ဖြင့် အားရပျော်ရွှင်စွာ ခေါင်းညိတ်ပြ၍...

"ဟုတ်... အကြည် ဘာလုပ်ပေးရမလဲ"

"လမ်းထိပ်မှာ စာရေးကိရိယာဆိုင် တစ်ဆိုင်ရှိတယ်။ အဲဒီမှာ ဖိုင်သုံးခုနဲ့ Notebook သုံးအုပ် မင်း သွားဝယ်ပေး လို့ရမလား"

"ဟုတ်... ရပါတယ်"





"ကောင်းပြီ... အဲဒါဆို မင်း ပိုက်ဆံယူသွားလိုက်။ မှာ တာ မှတ်မိတယ်နော်"

"ဟုတ်... ဟုတ်ကဲ့ ဒေါက်တာ။ ဖိုင်သုံးခုနဲ့ notebook သုံးအုပ်"

ဒေါက်တာဟာ ထင်မှတ်မထားစွာဘဲ ခေါင်းညိတ် ပြမှုနဲ့အတူ အပြုံးတစ်ပွင့်ကိုပါ လက်ဆောင်ပေးလျှင် အကြည်က ပျော်ရွှင်ဝမ်းမြောက်မှုနဲ့အတူ ဒေါက်တာ ခိုင်းတဲ့အလုပ်ကို တာဝန် ကျေဖို့ ထွက်လာခဲ့သည်။

အကြည့်အတွက် ဒါဟာ အခွင့်အရေးပဲ ဖြစ်၏။ ဘာပဲဖြစ်ဖြစ် အကြည့်ကို အခုလို ဖော်ဖော်ရွေရွေ အလုပ်ခိုင်း တယ် ဆိုတာလေးတပဲ အရင်ကလောက် မမုန်းတော့ဘူးဟု ထင် မှတ်စရာအဖြစ် ယူဆကာ အလိုလို တက်ကြွမှုက ရှိလို့လာလေ သည်။

အကြည်က လမ်းထိပ်က ဆိုင်မှာ ဒေါက်တာ မှာ တဲ့အတိုင်း ဝယ်ပြီးသွားလျှင်တော့ အိမ်သို့ပြန်တဲ့ ခြေလှမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ခွန်အားတွေ ရှိနေသလို ခံစားရလေသည်။ အိမ်ပြန်ရောက်လို့ အကြည်က ဒေါက်တာ့လက်ထဲ ဖိုင်တွေ စာအုပ်တွေ ပေးလျှင် ကျေးဇူးစကား မရရင်နေ နောက်ထပ် အပြုံးတစ်ခုများ ရလေမလား မျှော်လင့်ချက်ဖြင့် ခွန်အားတွေက ပြည့်နေခဲ့တာ ဖြစ်သည်။ အကြည်က ကိုယ့်အတွေးနဲ့ကိုယ် သာယာနေကာ ပျော်ရွှင်မှုဖြင့် လျှောက်နေတုန်း အနောက်က ခြေလှမ်းတွေက စိပ်လာတာကို ခံစားမိတာကြောင့် အနည်းငယ်တော့ တန့်သွားကာ သတိပြုမိသွားသည်။

အဲ... ဒီခြေသံတွေက။ အကြည် လျှောက်ရင် အနောက်မှာ ကပ်ပါလာသလို အကြည် တန့်လိုက်တော့ မယောင်မလည် ငြိမ်သက်နေဟန်။ ဘုရားရေ... အနောက်ကနေ လိုက်လာတာ သေချာပြီဆိုတော့ ဒါခါးပိုက်နှိုက်များလား။ ဒုက္ခပါပဲ။ ဒီလမ်းမှာ လူကလည်း အနည်းငယ်ပြတ်တယ် ဆိုတော့။ အကြည်က ဟိုတစ်နေ့က ဆွဲကြိုးဖြတ်ပြေးတယ် ဆိုတဲ့ သတင်းကို မနေ့ပြောပြတာ ကြားဖူးထားတာကြောင့် အကြည့်မှာ ဖြတ်ပြေးစရာ





ဆွဲကြိုးမရှိပေမယ့် လက်ထဲမှာ ပိုက်ဆံအိတ် ပါနေတာပဲ။ ဘုရား...။ အကြည်က ကြောက်လန့်စိတ်တွေဖြင့် ရှေ့တိုးပြေးလျှောက်လာလျှင် အနောက်က ခြေလှမ်းဟာ ပိုနီးကပ်လာကာ အကြည့်ကို လှမ်းခေါ်လေတော့သည်။

"ဟေ့... ဟေ့... ခဏနေဦး"

ခေါ်သံကြားလည်း လှည့်မကြည့်ရဲဘဲ အမြန်ပြေးဖို့ အားထုတ်လျှင်တော့ အကြည့်လက်မောင်းကို ဆတ်ခနဲ ဆွဲကိုင်လိုက်မှုကြောင့် အထိတ်တလန့်ဖြင့် အော်ဟစ်အကူအညီ တောင်းရလေသည်။

"ကယ်ကြပါဦး... ကျွန်မကို ဓားပြတိုက်နေလို့ပါ။ ကယ်ကြပါဦး"

"ဟာ... ဟေ့... ဟေ့... မင်းပါးစပ်ကို ပိတ်စမ်း။ မပိတ်ရင် ငါ ပိတ်မှာနော်။ ငါ ဓားပြမဟုတ်ဘူးကွ"

အကြည်က အဲဒီပြောသံ ကြားမှာပဲ ရင်ထဲက ကြောက်လန့်စိတ်က အနည်းငယ် ပြေလျော့ကာ မှိတ်ထားမိတဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကို ပြန်ဖွင့်မိ၍ ကြည့်လိုက်လျှင်တော့ အထူးအဆန်း ဖြစ်စိတ်နဲ့အတူ အာမေဋိတ် ထွက်သွားလေသည်။

"ဒေါက်... ဒေါက်တာ... ဒေါက်တာက ဘယ်လိုဖြစ်ပြီး တော့..."

အကြည့်ကလည်း ပုံစံဘယ်လိုမှ မတူသည့် ဒေါက်တာ့ကို မြင်လိုက်ရချိန်မှာ တကယ်ပဲ ထူးဆန်းသွားရတာ ဖြစ်သည်။ ဘယ်လိုဖြစ်တာပါလိမ့်။ ဒေါက်တာရဲ့ ဝတ်ပုံဟာ အရင်လို ရှပ်အင်္ကျီဘရုန်းဒက်နဲ့ စတိုင်ပန်(လ်)တွေ မဟုတ်တော့ဘဲ တီရှပ်နွမ်းနွမ်းတစ်ထည်နှင့် ဂျင်းဘောင်းဘီအပြာ ဖြစ်နေကာ ဦးထုပ်ကူရှည်း ဆောင်းထားသေးသည်။

"ဘာဒေါက်တာလဲ။ ဘယ်က ဒေါက်တာလဲ"

ခပ်ဆတ်ဆတ် ပြန်လည်တုံ့ပြန်သံကြောင့် အကြည်က ဒါဟာ ဒေါက်တာတော့ မဟုတ်ဘူးဆိုတာ အတတ်သိစွာ မေးခွန်းပြန်ထုတ်မိသွားသည်။

"ရှင်... ရှင်က ဘယ်သူလဲ"





"ဟား... အမေးအမြန်းကလည်း များလိုက်တာကွာ။ ဒီမှာ ငါ့နာမည် မြတ်မဟော်"

မြတ်မဟော်...။

ဟင်... ဒီ... ဒီနာမည်က။ ဒေါက်တာနဲ့ကလည်း တစ်ထေရာတည်းတူသူ၊ နောက်ပြီးတော့ မြတ်မဟော်... မြတ်မဟော် ဆိုတော့။

အသတ်... အသတ်ခံရတဲ့သူ။

"သရဲ"

ထိတ်လန့်တုန်လှုပ်မှုနှင့်အတူ အကြည့်က ကြောက်ရွံ့တုန်လှုပ်စွာဖြင့် တစ်ချိုးတည်း တန်းပြေးလာတော့သည်။

ဘုရား... ဘုရား... အကြည် တကယ်ပဲ သရဲခြောက်ခံထိလာတာလား။

အကြည်က အထိတ်တလန့်စိတ်နှင့်အတူ ပြေးလာလျှင်တော့ ခြံထဲမှာ ဆီးကြိုနေသော မမမိုးမဟော်နှင့် ထိပ်တိုက်ကို တိုးတော့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… ဘာဖြစ်လာတာလဲ။ ဒီလောက်ထိ လှုပ်စီးလက်ပြေးလာရအောင်"

"ဟို… ဟို… ဒေါက်တာက ဖိုင်သွားဝယ်ခိုင်းလိုက်လို့"

"ဖြူဖြူကြည်… ငါတို့က အသိုင်းနဲ့ အဝိုင်းနဲ့ သိက္ခာရှိရှိနေတာနော်။ နင် လမ်းသွားတာ အိမ်ပြန်လာတာ ဣန္ဒြေရှိရှိ သွားလာပါ"

အကြည်က ကိုယ့်ရဲ့အကျင့်သိက္ခာပိုင်း ဆိုင်ရာကိုပါ ပြောနေပေမယ့် ဘာမှတုံ့ပြန်ရဲတဲ့ သတ္တိရယ် မရှိတာကြောင့် ဒီအတိုင်းသာ ခေါင်းငုံ့ခံနေရတဲ့ဘဝပဲ ဖြစ်သည်။

"သမီး… ဘာဖြစ်တာလဲ"

"ဟင်း… ဘာဖြစ်ရမလဲ မေမေရယ်။ ဒီမှာလေ… အိမ်ထဲဝင်လာတာ ပြေးလွှားဝင်လာလို့။ သိက္ခာရှိလူတွေ နေထိုင်ပုံကို သိအောင် နားလည်အောင် ပြောပြနေရတာ"

"ညည်းနဲ့တော့ စိတ်ရှုပ်စရာ တော်တော်ကောင်းနေပြီ ဖြူဖြူကြည်။ ဘယ့်နှယ်… ပြောရင် ငါတို့က အလွန်ဖြစ်ဦးမယ်"





"ဖြူဖြူကြည်…"

ဒေါ်သံတစ်ခုက အကြည့်ကို အားတက်သွားစေတာမို့ အားကိုးတကြီး ကြည့်လိုက်မိလျှင် ဒေါက်တာဟာ ထုံးစံအတိုင်း တည်ကြည်ခန့်ညားနေသော ပုံစံဖြင့် မျက်နှာကြောတင်းထန်ထန်ဖြင့်ပဲ အကြည့်ဘက်ကို တစ်ချက်တော့ ကာကွယ်ပေးလေသည်။

"သား… သူ့ကို ဖိုင်တွေ သွားဝယ်ခိုင်းမိတာပါ မေမေ။ သားပဲ သူ့ကို ပြောထားလိုက်ပါ့မယ်။ ဟေ့… လာခဲ့"

ဒေါက်တာက လာခဲ့ဆိုတာနှင့် အကြည်က ဝယ်လာတဲ့ ဖိုင်တွေကို ရင်ခွင်ထဲပိုက်ကာ အန်တီနှင့် မမမိုးမဟော်ရှေ့ကနေ ခပ်ကုပ်ကုပ် ထွက်လာခဲ့လိုက်သည်။ စိတ်ထဲမှာ ရင်တုန်တာကော ကြောက်ရွံ့ထိတ်လန့်မှုတွေပါ ရောပေါင်းကာ ဗလောင်ဆူလှုပ်ရှားရလေသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com









အလှျူပေးရတာတွေ များလာတော့လည်း

ရင်ဘတ်ထဲမှာ နာစရာတွေ ပုံအောလာတယ်။

www.burmeseclassic.com

www.burmeseclassic.com







(၈)

ခြံထဲက အပင်တွေကို ရေလောင်းနေရင်း မနေ့က ဆုံခဲ့တဲ့ မြတ်မဟော် အကြောင်းကို တွေးမိသွားသည်။ တကယ်ပဲ အကြည် သရဲခြောက်ခံရတာပဲလား။ အကြည်က တွေးနေမိတုံး ဖျတ်ခနဲ အကြည့်ရဲ့ လက်မောင်းစွန်းကို ခဲလုံးသေးသေးလေး တစ်လုံးက လာရောက်ထိမှန်လေသည်။ ဟင်... မဟုတ်သေးပါဘူး။ အကြည်က ဟိုဟိုဒီဒီ ရှာဖွေကြည့်ရင်း ဘာမှလဲ ရှိမနေတာကြောင့် မမိုးမဟော်ရဲ့ အမြတ်တနိုးထားရှာ သစ်ခွပင်တွေကို ရေဖျန်းနေလိုက်သည်။ ရေဖျန်းနေရင်း နောက်ထပ် ခဲတစ်လုံးက ဆတ်ခနဲ လက်မောင်းကို ထပ်ထိလျှင်တော့ အဲဒါဟာ စိ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဖြုန်းဆို တွေးမိသွားလျှင် ရေပိုက်ကို ဖြုန်းခနဲ ပစ်ချကာ ကြောက်လန့်စိတ်ဖြင့် အိမ်ထဲ အမြန်ပြေးဝင်လေသည်။

"ဟော့... ဟော့... ခဏနေဦး။ ဟော့... ကောင်မလေး"

အနောက်က ခေါ်သံကြောင့် အကြည်က ကြောက်လန့်တကြားဖြင့် ပြန်လှည့်ကြည့်မိလျှင် ထင်ထားတဲ့အတိုင်းပဲ မနေ့က သရဲပဲ ဖြစ်၏။

"ကျွန်... ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မကို မခြောက်ပါနဲ့။ ရှင်က သေသွားပြီလေ"

"ဟ... ဘာတွေ ပြောနေတာလဲ။ ငါက ဘာကိစ္စ သေရမှာလဲ။ မျက်လုံးလေး ဖွင့်ကြည့်ဦး။ ဘေးလူတွေတော့ ကြားကုန်တော့မှာပဲ။ ဟော့... မျက်လုံးဖွင့်စမ်း။ ငါ သရဲ မဟုတ်ဘူးကွ"

သံပန်းတံခါး တစ်ဖက်ကနေ အတင်းရွတ်ပြောနေတဲ့ အသံကြောင့် အကြည်က ကြောက်ကြောက်လန့်လန့်ဖြင့် မျက်လုံးပြန်ဖွင့်မိသည်။ ဒေါက်တာနှင့် ချွတ်စွပ်တူသော မျက်နှာ





ပိုင်ရှင်က ဒေါက်တာ့ရဲ့ အသွင်အပြင်နှင့် မတူစွာ ဂျစ်ပစီပုံ ပေါက်နေလေသည်။

ဒေါက်တာ့ အမြွှာညီ မြတ်မဟော်က တကယ်ပဲ လူအစစ်များလား။

"နေစမ်းပါဦး။ မင်းက ငါ့ကို သရဲထင်နေတယ်ဆိုတော့ ငါ့ကို မင်းက သိတယ်ပေါ့"

အကြည့်ကို မေးခွန်း ထပ်ထုတ်နေတာကြောင့် အကြည်က ကြောက်လန့်စိတ်ဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်လျှင် သံပန်းတံခါးဘက်ကိုနိုကာ ရပ်နေသော သူက အကြည့်ကို အကဲခတ်ရင်း မေးခွန်းထုတ်လေသည်။

"မင်းက အိမ်ဖော်အသစ်လား"

မေးလိုက်တဲ့ မေးခွန်းက ဒိန်းခနဲ ဆောင့်သွားလောက်အောင် ပြင်းထန်တာကြောင့် အကြည်က ရဲရဲတောက် ပြန်ပြောမိသည်။

"ဘာရှင့်... အကြည်က ဒေါက်တာ့ဇနီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ... ငါ့အစ်ကိုကို ပြောတာလား။ အစ်ကိုက မိန်းမတောင် ရသွားပြီ"

တကယ်ပဲ မေးခွန်းဟာ အံ့သြစရာကောင်းနေတာကြောင့် အကြည်ဟာ မြတ်မဟော် မသေဘူးလားဆိုတဲ့ သံသယနှင့် ပြန်လည်အကဲခတ်ရင်း...

"ရှင်... ရှင်က တကယ်ပဲ မြတ်မဟော်လားဟင်။ ရှင်က သေသွားတာ နှစ်နှစ်တောင် ရှိပြီဆို"

"တကယ်ပဲ ငါသေပြီလို့ ထင်နေကြတာကိုး။ ငါ မသေပါဘူး။ မင်း ငါ့ကို တစ်ခုလောက် ကူညီပါလား"

"ဘာ... ဘာကူညီပေးရမှာလဲ"

"ငါ့ကို စွန့်ပစ်ထားကြတာ ဆိုတော့ ငါ အိမ်ထဲဝင်ပြီး ရှင်းပြဖို့ မဖြစ်နိုင်ဘူး။ ငါ့အမေ အကြောင်းကို ငါသိတယ်။ မင်းဘက်က..."

"ဖြူဖြူကြည်... အခုချက်ချင်း လာခဲ့စမ်း"

အိမ်ထဲက မမမိုးမဟော် အသံက စည်ခနဲ ထွက်လာတာကြောင့် အကြည်လည်း ကြောက်လန့်စွာ လှည့်ကြည့်မိ





ရှင် မြတ်မဟော်က ခပ်လောလော လေသံဖြင့် ပြန်ပြောလေသည်။

"ငါ့ကို လောလောဆယ် တွေ့သွားလို့ မဖြစ်ဘူး။ ဒီမှာ မင်း ငါ့ကို ကူညီပါနော်။ ငါ မနက်ဖြန် သုံးနာရီလောက် မနေ့က လမ်းနားမှာပဲ စောင့်နေမယ်။ လာခဲ့နော်"

ခပ်သွက်သွက် လေသံနှင့်အတူ အမြန်ပြောကာ သံပန်းတံခါးကို ခိုထားတဲ့ဆီမှ ဆင်းကာ ထွက်သွားလေသည်။ အံ့သြစရာကောင်းလွန်းသော အဖြစ်အပျက်တွေကြောင့် အကြည်ဟာ အံ့သြမဝနိုင် ဖြစ်ရလေသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com





ချိန်းထားတဲ့နေရာကို သွားသင့်တယ်ဟု ယူဆတာကြောင့် အကြည်က စိတ်ထဲမှာ ကြောက်ရွံ့တုန်လှုပ်မှု အနည်းငယ်ရှိနေသော်လည်း ရောက်အောင်တော့ လာဖြစ်ပါသည်။ ချိန်းထားတဲ့ ညနေသုံးနာရီတိတိ ထိုးနေပြီ ဖြစ်သော်လည်း ရောက်မလာသေးတာကြောင့် အကြည်က ကြောက်စိတ်ဝင်လာကာ အိမ်ပဲပြန်ဖို့ ရည်ရွယ်ကာ ခြေလှမ်းပြင်လျှင် အနောက်ကနေ လှမ်းခေါ်သံကြောင့် ခြေလှမ်းက တုံ့ခနဲ ရပ်တန့်သွားကာ ပြန်လှည့်ကြည့်မိသည်။

"ဟော့... ဘယ်သွားမလို့လဲ"

"ရှင်... ရှင်က တကယ်ပဲ လူအစစ်တော့ ဟုတ်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ကို အခုထိ လူမထင်သေးဘူးကိုး။ ဒီမှာ… မင်းကကော ငါ့ကို ဘယ်လိုဖြစ်ပြီး သိနေတာလဲ"

"ဟို… ဟို… အကြည် အိမ်သန့်ရှင်းရေးလုပ်ရင်းနဲ့ ရှင် ဓာတ်ပုံတွေ့လို့ မနုက ပြောပြတာပါ။ မနု ပြောတာ ရှင် သေသွားတာ နှစ်နှစ်တောင် ရှိပြီတဲ့"

အကြည့်စကားကြောင့် သူက စိတ်ရှုပ်ထွေးစွာဖြင့် ကျစ်ခနဲ စုပ်သတ်ကာ ဖြေရှင်းချက် ထုတ်လေသည်။

"ငါ ဆေးရုံမှာ ဖော်တော်လေး ကုသမှု ခံလိုက်ရတယ်။ သေတော့ မသေပါဘူး။ ဒါပေမဲ့ ငါ့မိဘတွေကို သေပြီဆို ပြီး သတင်းလွှင့် ငါမဟုတ်တဲ့ အလောင်းကို ငါလို့ပြော ပြီး သေတယ် လုပ်လိုက်ကြတာ"

"ဘယ်သူတွေကလဲ"

"မင်းသိဖို့ မလိုပါဘူး။ မင်းက တကယ်ပဲ အစ်ကို့မိန်းမ လား။ မင်းနာမည်က"

"ဖြူဖြူကြည်ပါ။ အကြည်က ဒေါက်တာ့မိန်းမပါ"





အကြည့်ရဲ့အဖြေစကားကြောင့် သူက ထပ်မံအကဲ ခတ်ရင်း အကြည့်ကို အထင်သေးတဲ့ မျက်လုံးတို့ဖြင့်ကြည့်၍…

"ဖြူဖြူကြည်… ငါသိတာ လင်းနှင်းဆီပါ။ ငါရှိနေချိန် ကတည်းက အစ်ကိုနဲ့ လင်းနှင်းဆီက ချစ်သူတွေ။ မင်းက ဘယ်လိုက ဘယ်လို"

အမြဲတမ်း အထင်သေးခံရသော မျက်လုံးတွေ အတွက် ရိုးအီနေပြီဖြစ်စွာ အမှန်တိုင်းပဲ ပြောပြလိုက်သည်။

"အကြည်က ဒေါက်တာ မချစ်ဘဲ အခြေအနေ တစ်ခု ကြောင့် လက်ထပ်လိုက်ရတာပါ"

"ဘယ်လို… ဘာဖြစ်လို့… မင်းနဲ့… အား… ဆောရီး။ ငါ စပ်စုသလို ဖြစ်သွားတယ်။ ထားလိုက်ပါ။ ငါ မင်းကို အကူအညီတစ်ခုလောက် တောင်းလို့ရမလား"

"အကြည် ဘာလုပ်ပေးရမလဲဟင်"

"မင်းလည်း သိသင့်သလောက် သိမယ် ထင်ပါတယ်။ ငါ့ ရဲ့ ဆိုးမိုက်မှုတွေကြောင့် ငါ့တစ်မိသားစုလုံးက ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကျင်ထားကြတာ။ ပိုဆိုးသွားတာကတော့ ငါသေပြီလို့ သူတို့တွေ ထင်သွားကြတာပဲ။ ငါ့အနေနဲ့ နှစ်နှစ်တောင် ကြာသွားပြီးတဲ့ ကိစ္စဝ. စ်ခုကို အခုမှ မသေပါဘူး သွားရှင်းလို့ မဖြစ်နိုင်သလို ငါ့မိသားစုထဲ ငါပြန်ဝင်ဖို့ ဆိုတာလည်း မလွယ်ဘူးလေ။ အဲဒါကြောင့် မင်းက အစ်ကို့မိန်းမဆိုတော့ မင်း ငါ့အစ်ကို့ကို နားလည်အောင် ပြောပြပြီးတော့ လူကြီးတွေ သိအောင် ကူညီပေးစေချင်တာပါ”

မြတ်မဟော်ရဲ့ အကူအညီတောင်း စကားဟာ အကြည့် အတွက်တော့ ခက်ခဲလှတာမို့ ဒွေဝေတုံ့ဆိုင်းချိန်မှာ သူက အကြည့်ကို ထပ်မံတောင်းဆိုလေသည်။

“မင်းအတွက် ခက်ခဲမယ် မထင်ပါဘူး။ ကူညီပေးပါကွာ”

“အကြည် တတ်နိုင်သမျှတော့ ကူညီနိုင်အောင် ကြိုးစားမှာပါ။ အကြည်က ဒေါက်တာ့မိန်းမ ဆိုပေမယ့် ဒေါက်တာ့ကို ဘာစကားမှ မပြောရဲတဲ့သူပါ”

“ဟင်... ဘယ်လို... ဘယ်လို ဖြစ်တာတုံး”





“ဒေါက်တာက မချစ်ဘဲ လက်ထပ်ထားရတော့...”

“ဩော်... ငါသဘောပေါက်သွားပြီ။ ငါ့အစ်ကိုက အလှအပလည်း ကြိုက်တယ်ကွ။ မင်းကို သူ့မိန်းမဆိုလို့ ငါက အံ့သြနေတာ။ ကဲပါ... မင်းမှာလည်း မင်းအခက်အခဲ ရှိနေတယ်ဆိုတော့ ငါ နားလည်ပါတယ်။ ဒါပေမဲ့ ပြောဖို့ အခွင့်အရေး ကြုံလာရင်တော့ ပြောပေးစေချင်တယ်။ ဒါမှ ငါ့မိသားစုနဲ့ ပြန်ဆုံရမှာမို့လို့ပါ။ မင်းလည်း ငါ့ကို အကူအညီလိုရင် ပြောပါ။ တစ်ယောက်ကို တစ်ယောက် ကူညီကြတာပေါ့”

လက်ကမ်းပေးလိုက်မှုကြောင့် အကြည်က တစ်ဖန်ပြန်လည် လက်ဆွဲနှုတ်ဆက်လိုက်သည်။ မြတ်မဟော်ရဲ့ အပြုံးတစ်ခုဟာ အကြည့်အတွက်တော့ အားကိုးရာတစ်ခုလို့ ထင်မိရလောက်အောင် အားအင်ရှိလှပေသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com







"မင်း အဲဒီမှာ ဘာရပ်လုပ်နေတာလဲ ဖြူဖြူကြည်"

လေသံမာမာနှင့် လှမ်းအော်လေသောကြောင့် ဆတ်ခနဲ တုန်တက်သွားသော ဖြူဖြူကြည်ရဲ့ ပုံစံကို ကြည့်ရတာ သူ့မှာ ရင်မောရစွာဖြင့် စုတ်တစ်ချက် သပ်လိုက်မိသည်။ မှန်ထဲမှာ လှမ်းမြင်နေရတဲ့ ဖြူဖြူကြည့် ပုံစံကို သူ ကြည့်ရတာ အသက်ရှူကျပ်ရလေသည်။ အူတိအူကြောင် တောပုံစံဟာ ရိုးသလိုလို အ,သလိုလိုနှင့် တကယ်ကို စိတ်ရှုပ်စရာပဲ ဖြစ်သည်။

"ဟော့... မေးနေတယ်လေ။ မင်း အဲဒီမှာ ဘာရပ်လုပ်နေတာလဲလို့"

"ဟို... ဟိုဟာ... အဝတ်လျှော်မလို့ ဒေါက်တာ့အင်္ကျီတွေ လာယူတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကိစ္စအားလုံးကို မင်း လုပ်စရာ မလိုပါဘူး။ မင်းက ဒီအိမ်မှာ ငါ့ဇနီးအနေနဲ့ နေ့နေတာပဲဟာ"

သူ့စကားကြောင့် ဖြူဖြူကြည်က ပျော်ရွှင်သွားဟန် ဖြင့် ကြည်လင်စွာသော မျက်နှာထားဖြင့် သူ့ကိုကြည့်လေသည်။ ဖြူဖြူကြည့် ပုံစံကို ကြည့်ရသည်မှာ သူ့ကို စကားပြောချင်ဟန် ရှိနေတာကြောင့် သူက အကဲခတ်ကြည့်ရင်း မေးလိုက်သည်။

"မင်း ဘာတွေ ငူငူငိုင်ငိုင် လုပ်နေတာလဲ။ ကိုယ့်ကိုပြော စရာ ရှိလို့လား"

"ဟို... ဒေါက်တာ ဒီနေ့ ဆေးရုံမသွားရဘူးမှလားဟင်"

"အင်းလေ... အဲဒီတော့"

"ဟို... အကြည် ဒီရောက်တည်းက တစ်ခါမှ အပြင်မ ရောက်ဘူးလို့ ဒေါက်တာ လိုက်ပို့ပေးပါလားလို့"

မရဲတရဲနှင့် တောင်းဆိုနေတဲ့ ပုံစံက တကယ့်ကို ကြောက်ရွံ့နေဟန်ကြောင့် သူက စိတ်ရှုပ်ထွေးစွာဖြင့် ဖြူဖြူကြည် ကို စိုက်ကြည့်လိုက်သည်။





"ဒီနေ့တော့ ငါ မအားသေးဘူး။ လင်းနဲ့ တွေ့ဖို့ချိန်းထား တယ်။ ငါ အားတဲ့နေ့ လိုက်ပို့ပေးမယ်။ ပြောစရာ ဒါပဲ မှလား"

"ဟုတ်ကဲ့"

ဖြူဖြူကြည် ခေါင်းညိတ်ပြလိုက်သည်နှင့် ဒေါက်တာ က အပြင်တန်းထွက်သွားလေတော့သည်။ နောက်ကျောပြင်ကို ငေးကျန်ရစ်ရင်း အကြည်က တွေဝေငေးငိုင်နေမိသည်။ အကြည် ဟာ တကယ်ပဲ စိတ်မကြည်လင်စရာ ကောင်းလောက်အောင် ဘယ်လိုမှ ကြည့်ချင်စရာ မကောင်းတဲ့သူများ ဖြစ်နေပြီလား။

မနေ့က မြတ်မဟော် ပြောသလိုမျိုးဆို ဒေါက်တာ့ အတွက် အကြည်ဟာ အလှအပတစ်ခု မဖြစ်ခဲ့ရင်တောင် အနည်း ဆုံးတော့ ကြည့်ပျော် ရှုပျော် အဆင့်လောက် ဖြစ်လာဖို့အတွက် တစ်ခုခုတော့ လုပ်သင့်ပြီ ထင်ပါသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com









ဘဝမှာ

အစကတော့ မင်းကို တကယ်ချစ်တယ်လို့

ထင်မှုးကြတာပဲ။

ကြာလာတော့မှ အကြောင်းတွေ သိလာလိမ့်မယ်။

သူ ကိုယ့်အပေါ် မကောင်းဘူးဆိုရင်

ချစ်ပေမယ့်လည်း ခွဲထွက်နိုင်ရဲတဲ့

သတ္တိရှိရလိမ့်မယ်။

○❤○

www.burmeseclassic.com

www.burmeseclassic.com







(၉)

ဒေါက်တာကလည်း ဆေးရုံသွားချိန်၊ ဒေါက်တာ့ မိသားစုတွေကလည်း အပြင်သွားနေကြတာမို့ ဒီအချိန်ဟာ အသင့် တော်ဆုံးမို့ အကြည်က မနုကို နှုတ်တောင်းခဲ့ကာ ထွက်လာခဲ့မိ သည်။ ဒါပေမဲ့ တကယ့် တကယ် သွားဖို့ ထွက်လာပြီဆိုတဲ့ အခါမှာတော့ အကြည် ဘယ်သွားလို့ ဘယ်လာရမှန်းလဲ မသိ ချေ။ ရန်ကုန်လို ကျယ်ပြောလှတဲ့ နေရာကြီးမှာ အကြည်က နေရာမသိ လမ်းမသိဖြင့် ဒုက္ခရောက်မှာ စိုးရိမ်စိတ်ဖြင့် ဘာလုပ် ရမှန်းမသိ တွေဝေနေရလေသည်။ ထွက်ကလည်း ထွက်လာပြီး ပြီမို့ မသွားလို့ကလည်း မဖြစ်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... မင်း ဘယ်သွားမလို့လဲ"

ဘေးနား ရောက်ရှိလာတဲ့ အသံရှင်ကြောင့် အကြည်က ကြည့်မိလိုက်လျှင် ရင်ထဲက ပျော်ရွှင်မှုဟာ အတိုင်းအဆမရှိဖြစ်ရကာ ကိုမြတ်မဟော်ကို ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်၊

"ကိုမြတ်မဟော်... ဘယ်လာတာလဲ"

"အိမ်ကို သတိရလို့ တွေ့လို တွေ့ငြား လာချောင်းတာလေ"

"အိမ်မှာ ဘယ်သူမှ မရှိဘူး။ အန်ကယ်တို့က မော်ဘ်သွားကြတာ။ မမကြီးပါ ပါသွားတယ်။ ဒေါက်တာကတော့ ခုနကပဲ အပြင်ထွက်သွားတာ"

"သြော်... ဟုတ်လား။ နေစမ်းပါဦး။ မင်းကကော ဘယ်သွားမလို့လဲ"

ကိုမြတ်မဟော် အမေးကြောင့် အကြည်က ပြောသင့်ရဲ့လားလို့ တစ်ချက်တွေလိုက်ပြီး တွေသွားမိလေသည်။

အားလေ... ပြောလို့ဖြစ်ပါတယ်။ ဒါဟာ ဒေါက်တာမှ မဟုတ်





တာ။ ဒေါက်တာနဲ့ ရုပ်ချင်းသာ တူပေမယ့် အသွင်မတူ၊ စရိုက်မတူဘဲ တကယ့်ကို လူမိုက်ပုံပေါက်နေတာဟာ အံ့ဖွယ်အတိပင်ဖြစ်သည်။

အကြည်က ဘာပဲဖြစ်ဖြစ် မြတ်မဟော် ဆိုတဲ့ဒေါက်တာ့ အမြွှာညီကိုတော့ ရဲရဲတင်းတင်း စကားပြောရဲလေသည်။ ဘာကြောင့်မှန်း မသိ။ တစ်ခဏအတွင်း ရင်းနှီးမှုက ပိုလာတာကလည်း သူဟာ အကြည်နှင့် ဘဝတူစွာ ဒေါက်တာတို့ဆီက မေတ္တာတရားကို ပြန်လည်ရရှိအောင် ကြိုးစားနေရရှာတာပဲဖြစ်သည်။ အင်မတန်ကို မိုးထိ ထောင်လွှားနေကြသော မာနတရားများဖြင့် လက်မထောင်နေတဲ့ မိသားစုတွင်းကို ဝင်ရောက်ဖို့ဆိုတာ အကြည့်အတွက် လွယ်ကူခဲ့သော်လည်း တစ်သက်လုံးစာ အဆင်ပြေဖို့အတွက်ကတော့ မဖြစ်နိုင်တာမို့ ကြိုးစားရတုံးဖြစ်၏။

"ဟော့... ဖြူဖြူကြည်... ဘာတွေများ ဒီလောက်ထိအတွေးကောင်းနေရတာလဲ။ မင်း ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို... အဝတ်အစားလေး နည်းနည်း သွားဝယ်မလို့ Taxi စောင့်နေတာပါ"

"မင်းက ဘယ်ဆိုင်သွားမှာလဲ"

အကြည် ကိုယ်တိုင်ကလည်း ဘယ်ရယ်ဆိုပြီး ပြောဖို့ရာ ဘာပြောရမှန်း မသိချေ။

အကြည်က ယောင်နနဖြင့် ဖြစ်ချင်တဲ့ဆန္ဒကို ပြောပြလိုက်သည်။

"ဟို... အဝတ်အစားလေး နည်းနည်းသွားဝယ်မလို့ Taxi စောင့်နေတာပါ"

"မင်းက ဘယ်ဆိုင် သွားမှာလဲ"

"အကြည်လည်း သိမ်ကြီးဈေးတို့ ဘာတို့ပဲ ရောက်ဖူးတာ ဆိုတော့..."

"မင်းကလည်း အဲဒီဈေးတွေမှာ အဝတ်အစားဝယ်ဖို့ မင်းအတွက် ဘယ်အဆင်ပြေပါ့မလဲ။ Shopping Mall တစ်ခုခုကို သွားပေါ့ကွ"





"အကြည်က ရန်ကုန်ကို ကိုးတန်း ဆယ်တန်း အရွယ်လောက်က နှစ်ခါလောက်ပဲ ရောက်ဖူးတာ ဆိုတော့လေ"

အကြည့်ရဲ့ အခက်တွေ့ ဖြစ်နေမှုကို သူက သဘောပေါက်စွာဖြင့် လက်အသာကာပြ၍...

"သဘောပေါက်သွားပြီ။ ငါလိုက်ပို့ပေးမယ်ဆို အဆင်ပြေမလား"

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလို လိုက်ပို့ပေးမှပဲ အဆင်ပြေတော့မှာမို့ အကြည်က ဒေါက်တာညီ ဆိုတဲ့ စိတ်နှင့်အတူ ယုံကြည်အားကိုးစွာ ခေါင်းညိတ်ပြလိုက်လျှင် သူက...

"အိုခေ... အဲဒါဆို ကားငှားဖို့ လမ်းထိပ်ကို ထွက်ရမယ်။ ဒီထဲဝင်မယ့်ကား စောင့်နေရင် မိုးလင်းသွားလိမ့်မယ်၊ ငါနဲ့ လိုက်ခဲ့"

အဲဒီလိုဖြင့် အကြည်က မြတ်မဟော်နောက် လိုက်လာကာ သူရွေးချယ်ပေးတဲ့ အဝတ်အစားတွေ လိုက်ဝယ်ရင်း အချိန်ကုန်ရလေသည်။ ဈေးတွေဆိုတာ မကြားဖူးလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခိုက်နေတာမို့ အကြည်က ဟိုတစ်ခါ ဒေါက်တာ ပေးထားတဲ့ ငွေငါးသိန်းကို တစ်သိန်းလောက်သာ အကုန်ခံနိုင်တာမို့ တတ်နိုင်သမျှ စိစစ်ဝယ်နေရတာဖြစ်သည်။ အကြည့်ပုံစံကို ကြည့်ကာ စိတ်မရှည်တော့သော လေသံဖြင့် အကြည့်ကို ပြောတော့သည်။

"မင်းကလည်း ဝယ်သင့် ဝယ်ထိုက်တာကိုတော့ ဝယ်စမ်းပါ။ ဒီလိုကြီး စိကုပ်မနေစမ်းပါနဲ့"

"ဝယ်ပါတယ်။ အခုလည်း ပိုက်ဆံတော်တော် ကုန်သွားတာပဲဟာ"

"ဟာ... ဘယ်လောက်များ ကုန်လို့လဲ။ မင်း အခုသုံးတာ ငါ့အစ်ကို ရေမွှေးတစ်ပုလင်းစာဖိုးလောက်တောင် သုံးသွားတာ မဟုတ်ပါဘူးဟာ။ မင်းက သူဌေးမိန်းမပဲဟာ"

"ဩော်... ဘာပဲဖြစ်ဖြစ် ဒါတွေက အကြည့်ပိုက်ဆံမှ မဟုတ်တာ။ အခု ဈေးဝယ်ဖို့ ဆုံးဖြတ်လိုက်တယ် ဆိုတာကလည်း ဟိုတစ်ခါ ဒေါက်တာပေးထားတဲ့ ပိုက်ဆံ အကြည့်ဆီမှာ ရှိနေလို့ပါ ကိုမြတ်မဟော်ရယ်"





"အာ... ရှည်လျားလိုက်တာ။ မဟော်ပဲ ခေါ်ပါ။ ငါလည်း မင်းကို အကြည်လို့ပဲ ခေါ်မယ်လေ။ မင်းကလည်း သုံးစမ်းပါကွ။ ငါ့အစ်ကိုက အဲလိုမျိုး စိစစ်တတ်တဲ့သူ မဟုတ်ပါဘူး။ မင်းက သူ့မိန်းမ ဘယ်လိုဖြစ်လာလဲတော့ ငါမသိဘူး။ ဒါပေမဲ့ ငါ့အစ်ကိုက မင်းလို ပုံစံမျိုးကို သုံးဝသဘောမကျဘူး ဆိုတာကိုတော့ အသေအချာ ငါသိနေတယ်။ ကိုယ့်ကိုယ်ကိုယ် အပြောင်းအလဲ လုပ်စမ်းပါ။ သူများမိန်းကလေးတွေ တက်တွေ ဖွင့်နေတဲ့ အချိန်မှာ ငါ့မရီးက တော်တော်တုံးနေတာပဲ"

မြတ်မဟော် ပြောတဲ့ စကားအဆန်းတွေကို နားမလည်နိုင်စွာ အကြည့်က ပြန်မေးရလေသည်။

"တက်တွေ ဖွင့်တယ်။ အဲဒါ ဘာကိုပြောတာလဲ"

"ဟ... တက်တူးထိုးတာကို ပြောတာပေါ့ကွာ။ ဟော့ရှော့နေစမ်းပါ။ အစ်ကိုက လန်ထွက်နေမှ ကြိုက်တာ"

"အဲလိုမျိုးတွေတော့ မလုပ်ပါရစေနဲ့။ အကြည်က ဒီလိုနေတာပဲ အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကိုယ့်ကိုယ်ကိုယ် ပြောတဲ့ နာမ်စားကိုက ဟိုဘက်ခေတ်ကို ရောက်နေတာကိုး။ အင်း... လိုက်ပါတယ် အကြည်နဲ့ လူနဲ့"

မြတ်မဟော် စကားက အကြည့်ကို နောက်ရွှတ်ရွှတ် ပြောလိုက်တာမို့ အကြည်က စိတ်ကြည်နူး ပျော်ရွှင်ရွှာ ရယ်မောမိသွားသည်။

"အဲဒီလို ရယ်နေစမ်းပါ။ မင်းကို မြင်ရရင် ကြောက်သလို ရွံ့သလို ငုံ့နေချည်းပဲ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေမှ လူက လူတော်ဖြစ်တာ။ နေစမ်းပါဦး။ မင်းတို့နှစ်ယောက်က ဘယ်လိုဖြစ်ပြီး ယူလိုက်တာလဲ"

အကြည့်ကို စိတ်ဝင်တစား မေးမိလေတဲ့ မေးခွန်းကြောင့် အကြည်ဟာ ဒီအချိန်မှာ ကိုယ်နှင့် ရင်ဘတ်ချင်းနီးပေးမယ့် မိတ်ဆွေသူငယ်ချင်းကောင်း တစ်ယောက် ဖြစ်တယ်လို့ ခံယူမိသွားသော မြတ်မဟော်ကို ရင်ထဲက ထုတ်မပြောဖြစ်တဲ့ ကိစ္စတချို့ကို ဖွင့်ပြောမိလို့ သွားလေသည်။





"အဲဒါတွေက ပြန်ပြောလို့ကောင်းတဲ့ ကိစ္စမျိုးတော့ မဟုတ်ပါဘူး မဟော်ရယ်။ အကြည့်အစ်ကိုက ဒေါက်တာနဲ့ အတင်းလက်ထပ်ပေးချင်တဲ့စိတ်မှာ အကြည်ကိုယ်တိုင်ကိုက အလိုတူ အလိုပါ လက်သင့်ခံမိခဲ့တာပါ။ သူ့ကိုချစ်တဲ့ စိတ်နဲ့ အဆင်ပြေလာမှာပဲလို့ လွယ်လွယ်လေး တွေးခဲ့ပေမယ့် လက်တွေ့ကျတော့ ကိုယ့်ကို မုန်းသွား စိတ်နာသွားတဲ့ လူတစ်ယောက်ဆီက အချစ်ကိုမျှော်လင့်ရတာ အရမ်းကို ခက်ခဲလွန်းပါတယ်"

"စိတ်အားမလျှော့ပါနဲ့ကွာ။ မင်းဘက်က ငါ့အစ်ကို သဘောကျအောင် ပြင်ဆင်ပြောင်းလဲရင် အကျိုးရှိလာမှာပါ။ သြော်... ရော့... ငါ ငါ့ဖုန်းနံပါတ်။ မင်း အကြောင်းတစ်စုံတစ်ရာရှိရင် ဆက်လို့ရအောင်။ ငါ့ကိစ္စကိုလည်း မမေ့ထားနဲ့နော်။ မင်းနဲ့ ငါ့အစ်ကို အဆင်ပြေမှ ငါလည်း အဆင်ပြေမှာ"

အကြည်က မဟော် လှမ်းပေးတဲ့ ဖုန်းနံပါတ်ရေးထားတဲ့ စာရွက်လေးကို ယူလိုက်ရင်းက မဟော်နှင့် သူ့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆုံစေချင်တဲ့ စစ်မှန်သော စေတနာဖြင့် ခေါင်းညိတ်ပြလိုက်ကာ…

"အင်းပါ… အကြည် မမေ့ပါဘူး။ ဒေါက်တာ့ကို ပြောခွင့်ရအောင် ကြိုးစားပါမယ်။ ဘယ်လိုပဲဖြစ်ဖြစ် လက်ခံမှာပါ။ သေသွားပြီ ထင်တဲ့သူက မသေဘူးဆိုတာ သိရင် ဘယ်လောက်တောင် ဝမ်းသာကြမလဲ"

အကြည့်စကားအတွက် မြတ်မဟော်က နာကျင်ကြေကွဲနေသော အငွေ့အသက်ဖြင့် မဲ့ပြုံးတစ်ချက် ပြုံးရင်းက…

"အဲဒါ မင်းထင်နေတာလေ။ ငါ့မိသားစုက လူထက်နာမည်ကို အသက်လို့ ထင်တာ။ ငါဆိုတာ အစ်ကိုကော အစ်မကောရဲ့ ရင်ထဲမှာ ရှိကြမှာတောင် မဟုတ်တော့ပါဘူး။ အဖေနဲ့ အမေ ကိုယ်တိုင်ကိုက ငါသေတယ်ဆိုတာ မသိခင်ကတည်းက သေပြီလို့ သတ်မှတ်ပြီး စွန့်ပစ်ခဲ့ကြတာလေ"





မဟော့်စကားတွေကို နားထောင်လိုက်ရကတည်းက ဘယ်လောက်တောင် နာကျင်ကြေကွဲစွာသော ခံစားချက်တွေ ပိုနေမလဲဆိုတာ သိသာပါသည်။

အကြည်က မေတ္တာတရားကို တောင့်တမှုချင်းတူညီသော ကိုယ်ချင်းစာတရားတို့ဖြင့် မဟော့်ကို ပြန်နှစ်သိမ့်ပေးမိသည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ မဟော်ရယ်။ အခု မဟော် ဘယ်မှာနေတာလဲဟင်။ အဆင်ကော ပြေရဲ့လား"

"အဆောင်မှာ နေတယ်။ ငါ့အတွက်က အဆင်ပြေပါတယ်"

"အကြည် ကတိပေးပါတယ်။ မဟော့်ကို အားလုံးက ပြန်အသိအမှတ်ပြုလာအောင် အကြည် ကြိုးစားမှာပါ"

အကြည့် ကတိပေးမှု အဆုံးမှာတော့ မြတ်မဟော်ရဲ့မျက်နှာက အနည်းငယ် ပြုံးယောင်သမ်းသွားသည်။ ကိုယ်ချင်းစာပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ချစ်ခြင်းမေတ္တာကို လိုချင်လို့ မျှော်လင့်ခြင်းဟာ သိပ်ကို ပင်ပန်းနွမ်းလျတယ်ဆိုတာ အကြည် သိနေခဲ့တယ်လေ။

○❤○







အကယ်၍ သင့်ကို
တစ်စုံတစ်ယောက်က ပန်းတွေပေးခဲ့မယ်ဆိုရင်
မကြည်နူးပါနဲ့ဦး။
ပန်းတွေထဲ ထည့်ထားတဲ့ အဆိပ်ဆိုတာ
ပုံမှန်ထက် ပိုကြောက်ဖို့ကောင်းတယ်။
သူ ပြုံးနေပေမယ့်
အပြုံးစစ် မစစ်ဆိုတာ သူမှသာ သိနိုင်မှာလေ။

○❤○

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
**မယ်မင်းဘုံ**
အမှတ်–၃၉(မြေညီ)၊ မမ္ဘစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



(၁၀)

"မေမေရေ… ဒီနေ့ သမီးပိုးထည်ဆိုင်က customer တစ်ယောက်က မေမေ့ဆိုင်ကို လာမယ်ပြောထားလို့။ မေမေ့ မန်နေဂျာကို ဖုန်းဆက်ပေးထားပါဦးနော်"

"သြော်… အေး… အေး… ပြောထားလိုက်မယ်လေ။ မေမေတောင် ဒီနေ့ ဆိုင်ဝင်ရမှာ။ နေ့ခင်း shangrila မှာ အစည်းအဝေးတက်ပြီးရင် တစ်ခါတည်း သွားလိုက်မယ်"

မိုးမယော်တို့ သားအမိနှစ်ယောက်က စကားပြောနေချိန်မှာတော့ အကြည်ဟာ အိမ်ကိစ္စများပြီးအောင် ခေါက်တုံ့



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ပြန် အိမ်ရှေ့ထွက် နောက်ဖေးဝင်ဖြင့် လုပ်နေရတာပဲဖြစ်သည်။ ဆက်မပော်က ဆေးရုံသွားဖို့ အောက်ကို ဆင်းလာချိန်မှာတော့ အနောက်ကနေ ကုပ်ချောင်းချောင်း ပုံစံဖြင့် ရောက်လာတဲ့ အကြည့်ကို အမြင်ကတ်နေတဲ့ မျက်လုံးတို့ဖြင့် လှည့်ကြည့်သည်။

"ဒေါက်တာ… ဂျူတီကုတ် ကျန်နေခဲ့လို့"

"ဟုတ်ပြီ… ကျေးဇူးပဲ"

အကြည်က သူ့လက်ထဲသို့ ဂျူတီကုတ် ထည့်ပေးပြီးတာနှင့် ငုံ့လျှိုးလျှိုးလေး ထွက်သွားတာကြောင့် သူကလှမ်းကြည့်မိသေးလျှင် အနောက်ကနေ မမရဲ့အသံက ထွက်လာလေ၏။

"ဖြူဖြူကြည်က အဲဒါ ဘာဖြစ်တာလဲ"

မမ မေးခွန်းကြောင့် သူက မမဘက် ပြန်လှည့်ကာ…

"ဘာဖြစ်လို့လဲ မမရဲ့"





"ဒီလောက် ပုံစံတွေပြောင်းနေတာလေ။ အဝတ်အစားသစ်တွေနဲ့ နင် ဝယ်ပေးထားတာလား"

"ကျွန်တော် သူ့ကို လုပ်ချင်တာလုပ်လို့ ပြောထားပြီးသား။ ဘာမှ သွားပြောမနေပါနဲ့ မမရာ"

သူက သွားတားလိုက်လျှင် မမက ပို၍တောင် ဒေါသူပုန်က ထကာ သူ့ကို ကောတော့လေသည်။

"ဟဲ့… ဘာလို့ မပြောရမှာလဲ။ သူ သုံးနေတာ သူ့ပိုက်ဆံမှ မဟုတ်တာ။ နင်ကလည်း ချစ်လွန်းလို့ သူ့ကို ပလ္လင်ပေါ် တင်လာတာ မဟုတ်ဘူးလေ။ အဲဒါကို ငါတို့က ရေငုံနှုတ်ပိတ် နေ,နေရအောင် နင်ဟာ သူ့ကို ချစ်နေလို့လား။ မေမေ… မေမေ့သားလည်း ကြည့်ပြောဦး။ တော သူ့မမှိုင်း မိနေပြီ။ ဟိုက အိညွှက် အိညွှက်နဲ့ အပျော့ဆွဲဆွဲပြီး အကုန်ခွာယူသွားမှာ"

"ကဲ… တော်ပါတော့ မမရာ။ ကျွန်တော်လည်း ဆေးရုံသွားကာနီး ခေါင်းရှုပ်အောင် မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မပော်က စိတ်တွေရှုပ်ထွေးလာမှုနှင့်အတူ တန်းထွက်လာခဲ့လျှင်တော့ အနောက်ကနေ ဒေါ်ကြီးမောကြီး ကျန်ခဲ့သည့် အသံက ကြားရသေးသည်။

"အေးပေ့ါ… အစ်မကတော့ စေတနာနဲ့ ပြောနေတာ၊ ငါ့ကိုများ ပြန်ပြောသွားသေးတယ်"

သူက ကြားနေရတဲ့ အသံကို မသိချင်ယောင်ဆောင်ထွက်လာခဲ့တော့သည်။ တစ်နေ့ တစ်နေ့ သူ့မှာ စိတ်ရှုပ်စရာကိစ္စများစွာဖြင့်သာ လည်နေရတာပဲ ဖြစ်သည်။

○❤○





သူ့ရဲ့ ward ထဲက ထွက်ထွက်ချင်းမှာ လင်းနဲ့ တည့်တည့်မြင်လိုက်ရတဲ့ အခါမှာတော့ ရင်ထဲက ရှုပ်ယှက်ခတ်နေတဲ့ ရှုပ်ထွေးမှုတွေဟာ အေးချမ်းသွားလေသည်။ လင်းက သူနှင့် အကြည့်ချင်း ဆုံလိုက်တာနဲ့ မျက်လုံးကို ချက်ချင်းလွှဲလိုက်လျှင် သူက ရင်ထဲတော့ နင့်ခနဲ ဖြစ်သွားလေသည်။

"လင်း… ကိုယ်တောင် လင်းတို့ ward ကို ခဏနေ လာတော့မလို့"

"ကိစ္စရှိလို့လား"

လင်းဆီက ကြားရတဲ့ ပြတ်သားအေးစက်သောစကားဟာ သူ့ရင်ကို ဆို့သွားစေသည်။ အရင်လို နွေးထွေးမှုတွေ မရှိတော့တာဟာ ဝမ်းနည်းစရာပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ကိုယ်ကော လင်းကော duty off ဆိုတော့ လင်းကို အိမ်မှာ ထမင်းစား ဖိတ်မလို့"

"ဩော်... ရပါတယ်။ မနက်ဖြန် လင်းလည်း သွားစရာ ကိစ္စလေး ရှိနေတယ်"

လင်းဟာ သိသိသာသာကို ရှောင်နေတာကြောင့် သူဟာ လင်းနဲ့ အတိုင်းအတာတစ်ခုထိ ပြန်အဆင်ပြေအောင် သူက ထမင်းစားဖိတ်လိုက်သည်။

"အဲဒီလိုတော့ မလုပ်ပါနဲ့ လင်းရယ်။ ကိုယ် လင်းအား တဲ့အချိန်ထိ စောင့်ပါ့မယ်။ လင်း ကိုယ့်ကို သိသိသာသာ ရှောင်နေတာ ကိုယ်သိပါတယ်။ အဲဒီလို မလုပ်ပါနဲ့ လင်း ရယ်။ ကိုယ် ထမင်းစားဖိတ်တာကို လက်ခံပါနော်"

"မပော့် အိမ်မှာက အန်ကယ်တို့ အန်တီတို့ကော ရှိအား လား။ အမိက,ကတော့ ဖြူဖြူကြည် ရှိတယ်ဆိုမှ လာအား မယ်။ လင်း လိပ်ပြာသန့်ချင်တယ်။ သူများ သံသယဝင် မယ့် အပြုအမူမျိုးဖြစ်အောင် မနေချင်ဘူး"





လင်းက ပြတ်သားစွာ ပြောသော စကားကြောင့် သူက ပို၍စိတ်ရှုပ်ရကာ အမိက,ကတော့ လင်းကို လာစေချင်တဲ့ စိတ်ဖြင့် ခေါင်းညိတ်ပြကာ...

"ရှိပါတယ်"

"ကောင်းပြီလေ။ အဲဒါဆို နေ့ခင်း ထမင်းစားချိန်လောက် လင်း လာခဲ့ပါ့မယ်"

"ကိုယ် စောင့်နေမယ်"

လင်းက ခေါင်းညိတ်ပြရင်း ထွက်သွားလေသည်။ ဘာပဲဖြစ်ဖြစ် လင်း လက်ခံတယ်ဆိုတာ သူ့အတွက် ပျော်နေ စရာပဲလေ။

○❤○

www.burmeseclassic.com

www.burmeseclassic.com







ဒီအချိန်က ဒေါက်တာ ဆေးရုံက ပြန်လာချိန်ဖြစ်ပြီဆိုတော့ အကြည်က ခြံတံခါးဝနားမှာ ဒေါက်တာ့ ပြန်အလာကို စောင့်နေလိုက်သည်။ ဒေါက်တာ့ကား ဝင်လာတာနှင့် အကြည်က ကားတံခါးသွားဖွင့်ပေးလျှင် ဒေါက်တာက အကြည့်ကို ခြေဆုံးခေါင်းဆုံး ကြည့်တာကြောင့် အကြည့်က တစ်ခုနတော့ အများလုပ်မိပြန်ပြီ ဆိုတာကို သဘောပေါက်ရစွာ လူက အလိုလို အငွေ့ပျံ ပျောက်ဆုံးချင်မိသည်။

"မင်းတောင် တော်တော်လေး ပြင်ဆင်ကတ်လာတာပဲ။ လှတယ်"

မမျှော်လင့်ထားစွာ ကြားလိုက်ရတဲ့ စကားတစ်ခွန်းအတွက် အကြည်ဟာ ကိုယ့်နားကိုယ်တောင် ဟုတ်ပါရဲ့လား



www.burmeseclassic.com

www.burmeseclassic.com



ပြန်မေးမိသည်။ အကြည်ဟာ ထုံးစံအတိုင်း တွေဝေဆိုင်းငံ့နေတုန်းမှာ သူက အကြည့်ကို နောက်ထပ် အံ့အားသင့်မှု ထပ်ပေးလေသည်။

"ဖြူဖြူကြည်... မင်း ကိုယ့်ကို ပြောစရာများ ရှိနေလား"

ပြောစရာများ ရှိနေလားဆိုတဲ့ မေးခွန်းထုတ်ကတည်းက အဲဒါဟာ ပြောပါဟု အခွင့်အရေး ပေးတယ်လို့ ယူဆရတာကြောင့် အကြည်က မရဲတရဲနှင့် အရဲစွန့် မေးမိလေသည်။

"ဟို... ဒေါက်တာ အပြင်လိုက်ပို့ပေးမယ် ပြောထားတာလေ"

"သြော်... သွားချင်လို့လား။ အင်း... အခု သွားမယ်လေ။ ကားပေါ် တက်"

"ရှင်"

အကြည်က ကိုယ့်နားကိုယ်တောင် မယုံကြည်နိုင်စွာ အာမေဋိတ်ဖြင့် ပြူးကြည့်နေမိလျှင် ဒေါက်တာက ထပ်မံ၍ အံ့သြသင့်မှု ပေးလေသည်။





"ငါ အခု အားတယ်။ လိုက်ပို့ပေးမယ်လေ။ မေမေနဲ့ မမ ပြန်မရောက်ခင် ပြန်လာကြမယ်လေ"

"ဟုတ်... ဟုတ်ကဲ့။ အဲဒါဆို အကြည် အိတ်သွားယူလိုက်ဦးမယ်နော်"

အကြည်က တက်ကြွစွာသော စိတ်အဟုန်တို့ဖြင့် ပျော်ရွှင်စွာ ပြေးထွက်လာမိသည်။ တကယ်ပဲ အကြည်ရဲ့အသွင်အပြင် ပြောင်းလဲမှုတစ်ခုဟာ အများကြီး တိုးတက်လာတဲ့ အနေအထားကို ရောက်လာခဲ့ပြီ။ အဲဒါတွေဟာ ဘယ်လိုနေပါ၊ ဘယ်လိုထိုင်ပါဆိုပြီး စနစ်ကျအောင် ပြောပြပေးခဲ့တဲ့ မြတ်မဟော်ရဲ့ ကျေးဇူးတရားတွေကြောင့်ပဲ ဖြစ်သည်။ အကြည်က ချက်ချင်းပင် အတွေးတစ်ခု ရသွားမိတာမို့ အပြင်ကို မထွက်ခင် ဒေါက်တာ့ အလစ်မှာ အကြည်က ဆုံစည်းစေချင်တဲ့ စေတနာဖြင့် ဖုန်းခေါ်လိုက်သည်။

"ဟယ်လို"

မဟော့်ဆီက ထူးသံကြားရတာနှင့် အကြည်က ခပ်မြန်မြန်လေး ပြောရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို… မပော်။ အခြေအနေ ထူးတယ်…။ အကြည် အခု ဒေါက်တာနဲ့ အတူတူ အပြင်သွားရမယ်။ မပော် လာခဲ့နော်။ အဆင်ပြေတယ်ဆို တစ်ခါတည်း ပြောပြီး တွေ့လိုက်မယ်"

"ဘယ်… ဘယ်ကို လာရမှာလဲ"

"ဟိုတစ်ခါ မပော် လိုက်ပို့တဲ့ဆီကိုပဲ အကြည်တို့ သွားလိုက်မယ်လေ။ ဒါပဲနော်။ မပော်… အခု ထွက်လာခဲ့လိုက်တော့"

အကြည်က မြန်မြန်သွက်သွက်ကလေး ပြောကာ ဖုန်းချလိုက်ပြီးတာနှင့် အိတ်လေးယူကာ ပြန်ထွက်လာခဲ့သည်။ ဒေါက်တာ့ အငြိုငြင်ကိုရမှာ စိုးရိမ်လွန်းတာကြောင့် ကိုယ့်ကိုယ်ကိုယ်ရဲ့ နေထိုင်ပုံကို တအားသတိထားပြီး နေ့နေရတာပဲဖြစ်၏။ ဒေါက်တာကတော့ ဒီနေ့မှပဲ ထူးခြားစွာ အကြည့် အပေါ် သဘောထားက အေးအေးဆေးဆေး ရှိလာတာကြောင့် စိတ်ထဲက အရွှင်ဓာတ်လေးက ကြည်လင်စွာ ထွက်ပေါ်နေတာပဲ ဖြစ်သည်။





"မင်း ကြိုက်တာကို ဝယ်နော်။ ကိုယ့်ကို အားမနာနဲ့"

"ဟုတ်"

အကြည်ဟာ အိပ်မက်များ မက်နေသလား ထင်ရအောင် ကံကြမ္မာဟာ အကြည့်ဘက်ကို အလွန် မျက်နှာပေးခဲ့တာ ဖြစ်သည်။ အကြည်တို့ ဈေးပတ်ပြီး တစ်ခုခုစားဖို့ စားသောက်တန်းဘက် လာတဲ့အချိန်မှာ အကြည့်ဆီ ဖုန်းကထမြည်လာလျှင် အကြည့်ရဲ့ ရင်ခုန်သံဟာ ဒိန်းခနဲတော့ ဖြစ်သွားလေ၏။ ဖုန်းဟာ မလာစဖူး အလာထူးတာကြောင့် ဒေါက်တာက အကဲခတ်ကြည့်နေတာမို့ အကြည်က ဖုန်းမကိုင်ရဲပေ။ မပော် တစ်ယောက်ဟာ တကယ့်ကိုပဲ အလိုက်ကန်းဆိုးက နားမလည်စွာ ဖုန်းကို ထပ်ခါ ထပ်ခါ ခေါ်နေလေတာကြောင့် အကြည့်မှာ ဖုန်းကလည်း သွားပြောလို့မရ ဖုန်းကိုင်ပြန်ရင်လည်း ဒေါက်တာ ရှိနေသေးဖြစ်တာကြောင့် ဘယ်လိုမှ ဖုန်းကိုင်လို့ မရတဲ့ အခြေအနေတစ်ခုမှာ အကြည့်ကို အကဲခတ်နေတဲ့ ဒေါက်တာက မေးခွန်းစထုတ်တော့တာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ။ မင်းကြည့်တာ ဂနာမငြိမ်နဲ့"

"ရှင်... ဟို... ဟို... ဘာမှ မဖြစ်ပါဘူး"

"အဲဒါဆိုလည်း ထိုင်လေ။ တစ်ခုခု စားရအောင်"

"ဟုတ်ကဲ့"

အကြည် ခေါင်းညိတ်ပြရင်း ထိုင်ခုံမှာ အသာဝင်ထိုင်လိုက်သည်။ ဒီနေ့တော့ ဒေါက်တာနဲ့ မဟော့်ကို ဆုံးပေးဖို့ရာ မဖြစ်နိုင်တော့သလို ဒေါက်တာ့ကိုလည်း ဒေါက်တာ့ညီမြတ်မဟော်ကတော့ဖြင့် မသေပါဘူးလို့ သွားပြီး ဖြေရှင်းချက်ထုတ်ပေးလို့က မရတော့ချေ။ ဘာပဲဖြစ်ဖြစ် အခြေအနေပေးတာနဲ့ သူတို့မိသားစုတွေကို စုစည်းသွားအောင် အကြည် ကြိုးစားရတော့မှာပဲ။

"မင်း အိမ်မှာနေရတာကော အဆင်ပြေရဲ့လား ဖြူဖြူကြည်"

ဒေါက်တာ့ဆီက စကားသံ ထွက်လာတာမို့ အကြည်က အတွေးအာရုံတွေ သိပ်မဖြန့်ရဲတော့ဘဲ အာရုံက ဒေါက်တာ့ဆီပဲ စိုက်ကာ အသေအချာလေး ပြန်ဖြေလိုက်တော့သည်။





"ဟုတ်ကဲ့... ပြေပါတယ် ဒေါက်တာ"

"ငါ့မိသားစုနဲ့ အဆင်ပြေအောင် နေပေးပါ။ ဪ... ဒါနဲ့ မနက်ဖြန်ကျရင် ငါ လင်း့ကို အိမ်မှာထမင်းစားဖိတ်ထားတယ်။ မင်း စီစဉ်ပေးပါဦးနော်။ မင်းချက်တဲ့ဟင်းက မနု ချက်တာထက် ပိုကောင်းတယ်လေ"

"ဟုတ်ကဲ့... ဒေါက်တာ"

အကြည်က ဘာကြောင့်မှန်းတော့ မသိ။ ရင်ဘတ်ထဲက ဆစ်ခနဲ နာကျင်သွားသလို ခံစားရလေသည်။ ဘာဖြစ်လို့များ ဒေါက်တာ အကြည့်ကို ဒီနေ့ သဘောကောင်းနေသလဲ ဆိုတဲ့ အဖြေကိုလည်း အကြည် သဘောပေါက်ရပြီဖြစ်သည်။

မနက်ဖြန် မမလင်းနှင်းဆီ ထမင်းလာစားမှာဖြစ်တဲ့အတွက် အကြည့်ကို စိတ်ကျေနပ်အောင် နှစ်သိမ့်ပေးခဲ့တာပေါ့။ အဲဒီလောက် လုပ်ပေးဖို့ မလိုပါဘူး ဒေါက်တာရယ်။ အကြည်ဆိုတာ ဒေါက်တာ့ကို ချစ်ရုံလေးသာ ချစ်နေမိတဲ့ သူပါ။ သဝန်တိုတာ၊ မကျေနပ်တာ ဘာမှ မှုပိုင်ခွင့် မရှိတဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့… ဟော့… ဖြူဖြူကြည်။ ငြိမ်လှချည်လား။ စားလေ"

"ရှင်… ဟုတ်ကဲ့"

ဒေါက်တာက ငြိမ်းအေးသော အပြုံးတစ်ခုကို ပြုံးပြလိုက်လျှင် အကြည်က ခပ်သေးသေး မျှော်လင့်ချက်ကလေးဖြင့် တောင်းဆိုလိုက်မိသည်။

"ဟို… ဒေါက်တာ"

"ဘာလဲ… ပြောလေ"

အကြည်က မပြောရဲစွာ ချက်ချင်းစကားမဟသေးတာကြောင့် ဒေါက်တာက အကြည့်ကို စိတ်မရှည်စွာ ကြည့်ရင်းက…

"ဟော့… ဘာပြောမှာလဲ။ ပြောစရာရှိတာကို ရဲရဲတင်းတင်းပြောပါ။ ဘာလဲ"

"ဟို… ဟိုဟာလေ။ ဒေါက်တာနဲ့ ဓာတ်ပုံလေးတစ်ပုံလောက် ရိုက်ချင်လို့။ ရမလားဟင်"





အကြည်ရဲ့ တောင်းဆိုမှုဟာ လွန်များသွားပြီလားလို့ ပြောပြီးတော့မှ ကြောက်စိတ်က ဝင်လာသော်လည်း ကံတရားဟာ အင်မတန်မှ မျက်နှာသာပေးလှစွာ ဒေါက်တာက ခေါင်းညိတ်လက်ခံလေ၏။

"ရိုက်လေ"

ဘဝဟာ ကြည်နူးစရာတွေက လွန်စွာများလွန်းချိန်ကို ရောက်သွားသလို ဒေါက်တာပေးထားတဲ့ iPhone ကြီးမှာ ပထမဆုံး ဆယ်ဖီဆိုတာ သိပ်ချစ်ရတဲ့ ဒေါက်တာနှင့် တွဲရိုက်ခွင့်ရသည့်အတွက် ဆိုဖွယ်ရာစကား ဆိုတာ မရှိလောက်အောင် ပျော်ရွှင်မှုက အလွန်ပိုလေသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com







အချစ်ဆိုတာရဲ့ အဓိပ္ပာယ်ထက်
အချစ်စစ်ဆိုတာဟာ
နဂါးမောက်သီးလိုပဲ။
အပြင်ပန်းကကြည့်ရင်
အဖုအထစ်လိုမျိုး ရှိနေတယ်။
တကယ် ခွဲကြည့်လိုက်တော့
ဖြူစင်စွာသော အသားထဲမှာ
နှမ်းစေ့လေးတွေလို ပြဿနာပေါင်းများစွာရှိလည်း
ဝါးစားကြည့်လိုက်တော့ ချိုနေသလိုပေါ့။
ဘာပြဿနာတွေပဲရှိရှိ
နောက်မဆုတ်ဘဲ အဲဒီပြဿနာအားလုံးကို
အချစ်နဲ့ ဝါးစားလိုက်တော့ ချိုသွားသလိုမျိုးလေ။



○❤○

www.burmeseclassic.com

www.burmeseclassic.com







(၁၁)

Selfie ဆိုသော အသုံးအနှုန်းဟာ ဘယ်က ဘယ်လို ပေါ်လာတယ်ဆိုတာ အတိအကျ အကြည် မသိ။ ဒါပေမဲ့ selfie (ဆယ်ဖီ)ရိုက်ရင် လူနှစ်ယောက်ဟာ နီးကပ်မှုရှိသလို ချစ်ခင်နွေး ထွေးမှု ပိုရစေတဲ့ ချစ်ကြည်မှုကိုပြတဲ့ ဝေါဟာရတစ်ခုလို့ပဲ အဓိပ္ပာယ်ဖွင့်ဆိုပြရမလား။

အကြည့်ကို မုန်းတဲ့ ဒေါက်တာဟာ ဆယ်ဖီဆိုတဲ့ ဥပဒေအောက်မှာ မရုန်းနိုင်ဗျာပဲ အကြည်နှင့် နီးကပ်ချစ်ခင်ဗျာ သော သရုပ်ကို သဏ္ဍာန်လုပ်၍ သွားတက်လေးတွေပေါ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပြုံးထားသော ဒေါက်တာ့မျက်နှာ ကြည်ကြည်လေးကို အကြည့်မှာ ကြည့်မဝနိုင်စွာ ဖြစ်ရလေသည်။ အကြည့်မှာ ခုတ်ပုံရိုက်ဖုန်းလေးကို ကြည်နူးစွာကြည့်လိုက်။ ဟင်းရွက်လေးတွေ ခြွေနေလိုက် လုပ်နေတာကို မနုက သဘောတကျ ငေးကြည့်ရင်း...

"မမလေးနဲ့ ကိုကိုကြီးတို့ အခုလို အဆင်ပြေသွားတာ မနုကတော့ အရမ်းပျော်တာပဲ။ မမလေးလည်း မျက်နှာကြီး ပြုံးလို့။ ကိုကိုကြီးကို တို့မမလေးက တော်တော်ချစ်တာပဲ"

မနုရဲ့ ဝေဖန်စကားကြောင့် အကြည်က ပျော်ရွှင်ကြည်နူးစွာ ပြုံးရင်း ကန်စွန်းရွက်လေးတွေကို သေသေချာချာ ခြွေနေရင်းက ပြောမိသွားသည်။

"အကြည့်စိတ် ခံစားချက်တွေကို မနုပဲ နားလည်တာပါ"

"ကိုကိုကြီးကလည်း သိမှာပါ။ မကြာခင် အဆင်ပြေသွားမှာပဲ မမလေးရဲ့"

အကြည် ကိုယ်တိုင်လည်း အဲဒီနေ့လေး ရောက်လာဖို့ မျှော်လင့်ရစွာ မချိပြုံးတစ်ချက်ပြုံးရင် ခေါင်ညိတ်ပြလိုက်စဉ်မှာ





ပဲ အကြည့်ရဲ့ ယောက္ခမကြီးဆီက အသံက စတင်ကြားရတာပဲ ဖြစ်သည်။

"ဖြူဖြူကြည်ရေ ပုစွန်ကို အဖြူထည်လေးပဲ ကြော်နော်။ ငရုတ်သီး လုံးဝမထည့်နဲ့ ကြားလား။ မနု ချက်တဲ့ကိစ္စက သူ့ကို လုပ်ခိုင်းနော်"

"မေမေ... ဒီမှာ ဘာလုပ်နေတာလဲ"

အန်တီက ထောင့်ကို စိနေစွာ ခိုင်းပြီးလျှင် မမနိုးမဟောက်က ရောက်လာပြန်တာမို့ အကြည်က အကြောင်သား လေးပဲ ငေးကြည့်နေမိသွားသည်။

"ဟိုမှာလေ ဖြူဖြူကြည်၊ အလွဲတွေ လုပ်မှာစိုးလို့ လာပြောနေရတာ"

"ညကတည်းက သမီး ဖြူဖြူကြည့်ကို မှာထားပြီးသားပါ။ အဲဒါ ထားလိုက်ပါ မေမေရယ်။ ဒီမှာ ညီမလေး လင်းကို လက်ဆောင်ပေးချင်လို့။ ပိုးရုံချိတ်တွေ အရောင်လာရွေးပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ရေ့မှာမို့ တမင်ကို ပိုပိုသာသာ စေတနာတွေ ပိုလျှံနေတယ်ဆိုတာ သဘောပေါက်ရကာ အကြည်က ဟင်းရွက်တွေပေါ်မှာပဲ အာရုံစိုက်နေလိုက်တော့သည်။ မိန်းမတစ်ယောက်ရဲ့ အဆင့်အတန်းတွေကို နှိုင်းယှဉ်ခံနေရတာအတွက် အကြည်ဟာ ဘာမှ အတွန့်တက်ပိုင်ခွင့် မရှိတဲ့သူပဲဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း ချိုးနှိမ်ထားပြီးသားပဲ ဖြစ်ပါသည်။

ဘဝမှာ ငယ်ငယ်ကတည်းက တောမှာနေ တောမှာကြီး ဒီ့ဘမရှိဘဲ အစ်ကိုကြီးရဲ့ စောင့်ရှောက်မှုနဲ့ပဲ လူလားမြောက်လာခဲ့ကာ အရွယ်ရောက်တော့လည်း နင် ဒီလူကိုယူမှ ဘဝဟာ ပြောင်းမယ် မယူနိုင်ဘူး ငြင်းရင် ငါတို့ဘဝတွေတော့ ချေးဖြစ်ပါပြီဆိုပြီး ခပ်ကြမ်းကြမ်း နှိုင်းဆပြ၍ ဒေါက်တာ့ကို ထန်းရေအမူးတိုက်ပြီး အကြည်နှင့် အတင်းကို လက်ထပ်ရမယ့် အနေအထားရောက်အောင် တွန်းပို့ခြင်းအတွက် အကြည် ကိုယ်၌ကလည်း ငွေကြေးချမ်းသာပြည့်စုံမှု ဆိုတာကို ထည့်မစဉ်းစားဘဲ ဒေါက်တာ့တစ်မျက်နှာကိုသာ အချစ်ဟု ထင်မှတ်၍ အစ်ကိုကြီးနှင့် အလိုတူအလိုပါ ကြံရာပါ ဖြစ်လာခဲ့ရသည်။





အဲဒီအတွက် အကြည့်ကို အမုန်းတွေပိုနေကာ တစ်သားစုလုံးအတွက် ကျင်ထားတဲ့ ချေးမဖြစ်ပေမယ့် မေတ္တာမပျက်ဘဲ တစ်နေ့တော့ ရောင်ပြန်ဟပ်ပါလိမ့်မယ် ဆိုတဲ့စိတ်နဲ့ မျှော်လင့်နေမိခဲ့တာဖြစ်သည်။ အဲဒီအတွက် ဘာကိုပဲဖြစ်ဖြစ် နားလည်ဆနိုင်ပြီးသားပဲ ဖြစ်သည်။

အကြည်နှင့် မနက နှစ်ယောက်သား စိတ်ပါလက်ပါ ထမင်းပွဲများကို ပြင်ဆင်ချက်ပြုတ်ပြီးချိန်မှာတော့ ဒေါက်တာရဲ့ ချစ်သူ မမလင်းနှင်းဆီ ရောက်လာလျှင် ဒေါက်တာ့ဆီမှာ တစ်ခါမှ အကြည် မမြင်ဖူးသည့် အပြုံးဖြင့် ဆီးကြိုနေတာကို တွေ့ရလေသည်။

ဒေါက်တာ့အစ်မက ဂရုတစိုက် ပြောဟန် ဆိုဟန်တွေက အံ့သြစရာမို့ အကြည့်မှာ ငေးရုံသာ ကြည့်နေမိတော့သည်။

"ဟား... ဟင်းတွေကတော့ မွှေးနေတာပဲ။ ဒီဟင်းတွေက ညီမလေး လက်စွမ်းပြထားလို့နဲ့ တူတယ်။ မွှေးနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် လင်းရဲ့။ ဖြူဖြူကြည်က ဟင်းချက်ကောင်းတယ်လေ။ မနုနဲ့ ကူဖော်လောင်ဖက်ရတော့ မနုလည်း လုပ်ရကိုင်ရ အင်မတန် အဆင်ပြေသွားတာပေါ့”

မမမိုးမဟော် စကားက ရင်ထဲမှာ အောင့်ခနဲတော့ ဖြစ်သွားရပေမယ့် အကြည်ဟာ မျက်နှာမပျက် နေတတ်ခဲ့ပါသည်။ အဆင်သင့် ပြင်ဆင်ထားတဲ့ ထမင်းဝိုင်း အလယ်မှာ စုံလင်စွာသော ဟင်းအမယ်များစွာကို အကြည် ချက်ပြုတ်ထားတာကို အားပါးတရ စားပြရင်ပဲ ပီတိတစ်ခုအဖြစ် ကြည်နူးမိချင်ရုံစိတ်မျိုး မွေးထားပြီးသားပင် ဖြစ်သည်။

“ဟင်… အကြည်ကော မစားဘူးလား။ တစ်ခါတည်း တူတူစားကြတာပေါ့။ ပျော်စရာကြီး”

မမလင်းနှင်းဆီရဲ့ စကားအတွက် အကြည့်ကို အဓိပ္ပာယ်များစွာ ပါဝင်သော မျက်လုံးတို့ဖြင့် မမမိုးမဟော်က ကြည့်လိုက်လျှင် အကြည်က အလိုက်သိပေးစွာဖြင့် မမလင်းနှင်းဆီကို အလိမ္မာသုံး ပြောရလေသည်။





“နေပါစေ မမ။ အကြည် ခုနလေးကမှ မုန့်စားထားလိုက်လို့ ရင်ပြည့်နေလို့ပါ။ မမ အရင်စားနှင့်ပါ”

“ညီမလေးကလည်း တစ်ခါတည်း စားလိုက်တာ မဟုတ်ဘူး”

“ဟို… အကြည် တကယ်မဆာသေးလို့ပါ မမ”

“လင်း… ရော့… ထည့်စားလေ”

အကြည်တို့နှစ်ယောက် ပြောနေတဲ့ စကားတို့ကို ဖြတ်တောက်ပစ်ဖို့အတွက် ဒေါက်တာက စကားဦးလွှဲလိုက်တာမှန်း အကြည်က သဘောပေါက်ရစွာ ရင်ထဲမှာ နာကျင်ရလေသည်။ တကယ့်ကိုပဲ အထက်တန်းလွှာ လူတွေရဲ့ အမုန်းဟာ ကြောက်ဖို့ကောင်းတာကို တစ်စတစ်စ သိလာမိသလို ခံစားလာရသည်။

“မမလေး… ဧည့်သည်ရောက်နေတယ်”

အကြည့်က စိတ်ထဲမှာ ဝမ်းနည်းအားငယ်နေတုန်း မနုက အထဲဝင်လာကာ ဧည့်သည်ရောက်နေကြောင်း အကြည့်ကို



www.burmeseclassic.com

www.burmeseclassic.com



လာပြောတာကြောင့် အကြည်က တအံ့တသြ ဖြစ်သွားရလေ၏။ အကြည့်ဆီကို လာစရာချည်သည်......၊

"ဟဲ့... နုနု... ဘယ်သူလဲ"

အကြည်က အူတူတူဖြစ်နေတုန်းမှာ အန်တီက ခပ်မာမာလေသံဖြင့် မနုကို မေးလိုက်လျှင် မနုက မဝံ့မရဲလေသံဖြင့် အကြည့်ကို ကြည့်ရင်း ပြောလေသည်။

"ဟို... မမလေးရဲ့အစ်ကို ကိုမိုးကြီးပါ"

အစ်ကိုကြီး...။ အကြည့်ကို လှမ်းကြည့်လာတဲ့ ဒေါက်တာတို့မိသားစုရဲ့ မျက်လုံးတွေက အကြည့်ဆီ ပုံကျလာတာမို့ အကြည်က ကြောက်လန့်စွာဖြင့် ရှောင်ထွက်လိုက်သည်။

"အကြည်... ခဏသွားတွေ့လိုက်ဦးမယ်နော်"

အကြည်က ခပ်သွက်သွက်လေး ထွက်လာကာ အစ်ကိုကြီးကို လာတွေ့လေလျှင် အစ်ကိုကြီးက မှုးလာတဲ့ပုံစံဖြစ်နေတာမို့ အကြည်က ခပ်အုပ်အုပ်လေသံဖြင့် ပြောရလေသည်။

"အစ်ကိုကြီး... ဒီကို ဘယ်လိုက ဘယ်လို ရောက်နေတာလဲ"





"အာ... ညီမလေး။ လာရတာပေါ့ဟာ။ နင့်အစ်ကို့ကို ကယ်ပါဦးဟ။ ငါ ဒုက္ခရောက်နေပြီ"

"ဘာ... ဘာဖြစ်လို့လဲ"

"ငါ့ကို အဲဒါတွေ မမေးနဲ့။ ငါ့ကို အခုလောလောဆယ် သိန်းငါးဆယ် ပေးလိုက်"

ကြားလိုက်ရတဲ့ ငွေကြေးပမာဏဟာ မျက်လုံးပြူးချင်စရာမို့ အကြည်က မယုံနိုင်လောက်အောင် အစ်ကိုကြီးကို ကြည့်၍...

"သိန်းငါးဆယ်တောင်။ ဘာဖြစ်လို့လဲ"

"လယ်တွေ ပေါင်ထားတာကော၊ ဖဲကြွေးတွေကော ဆပ်ရမှာမို့ တောင်းတာပေါ့ဟာ။ ပိုက်ဆံပဲ ပေးစမ်းပါ။ သွား... သွား... သွားယူလိုက်"

အစ်ကိုကြီး အကြည့်ကို အတင်းတွန်းလွှတ်နေတော့တာကြောင့် ရက်စက်စွာ နိုင်းရက်လေသော အစ်ကိုကြီးကို အံ့သြစွာ ကြည့်၍...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး... ဘာတွေ ပြောနေတာလဲ။ ဘယ်လိုလုပ် အကြည့်မှာ အဲဒီပိုက်ဆံ ရှိမှာလဲ"

"ဟ... နှင်က သူဌေးကတော် ဖြစ်သွားပြီလေ။ ဒီလောက် ပိုက်ဆံလေးလောက်ကတော့ နှင့်အတွက် ဘာမှမရှိပါဘူး ဟာ။ သွားယူစမ်းပါ"

"အစ်ကိုကြီးရယ်... ရက်စက်လိုက်တာ။ အကြည့်ကို ရောင်းကုန်တစ်ခုလို့ သတ်မှတ်နေတာလား"

"အကြည်ရာ... ဘာတွေပြောနေတာလဲ။ သွားစမ်းပါ... ငါ တကယ်လိုလို့ လာတာပေါ့ဟ"

အကြည့်ကို တစ်စက်ကလေးမှ ညှာတာမှု မရှိစွာ ပိုက်ဆံသာ အတင်းတောင်းနေတဲ့ အစ်ကိုကြီးကို စိတ်လည်းတို ဝမ်းလည်းနည်း ဖြစ်ရကာ အော်မိသွားသည်။

"မရှိဘူး။ အစ်ကိုကြီးကို ပေးစရာ ဘာပိုက်ဆံမှ မရှိဘူး"

"ဟ... မလိုချင်ဘူး။ ငါက ညီမတစ်ယောက်လုံး ပေးထားတာ။ အကြည်... ငါ စိတ်မတိုချင်ဘူး။ ဟော့ကောင်... ဆက်မဟော်..."





"အစ်ကိုကြီး... ဘာလုပ်တာလဲ။ သွားပါတော့... တောင်းပန်ပါတယ်"

အစ်ကိုကြီးက မူးလာရင် သွေးကဆိုးပြီဆိုတာ သိနေတာကြောင့် အကြည်က အတင်းပြန်လွှတ်လေ ပိုဆိုးလေဖြစ်ကာ ဒေါက်တာ့ နာမည်တပ်ကာ စိန်ခေါ်နေတာမို့ အကြည်ကကြောက်လန့်စိတ်ဖြင့် အတင်းပြန်ဖို့ ပြောနေချိန်မှာ ဒေါက်တာ့ဆီက စကားသံက ထွက်လာလေသည်။

"ကိုမိုးကြီး"

"ဟ... ဆရာလေး... လာပါဦးဗျာ။ ကျုပ်ကလည်း တွေ့ချင်တာ။ ခင်ဗျားတို့က ကျုပ်ညီမကို ဘယ်လိုအဆင့် အတန်းမှာ ထားနေတာလဲ"

ပြဿနာဟာ အင်မတန်ကို မီးစကြီးသွားပြီ ဆိုတာ သဘောပေါက်ရစွာ အကြည်က ကြောက်စိတ်တွေ စိုးရိမ်စိတ်တွေဖြင့် ပူပန်လာကာ တောင်းပန်လွှတ်ရတော့သည်။

www.burmeseclassic.com



"အစ်ကိုကြီး… အကြည် တောင်းပန်နေတယ်လေ။ ပြန်ပါတော့"

"ငါ နင့်ဆီကို လာချင်လွန်းလို့ လာတာ မဟုတ်ဘူး။ ပိုက်ဆံလိုလို့ လာတာ။ ဟော့ကောင်… မင်းက ငါ့ညီမကို ပိုက်ဆံပေးမကိုင်တာ ဘာသဘောလဲ"

"အစ်ကိုကြီး…"

"ခင်ဗျား အခု ဘယ်လောက် လိုပြန်ပြီလဲ"

"သိန်းငါးဆယ်… ငါ့လယ်တွေ ပေါင်ထားတာ ပြန်ရွေးရတော့မှာ"

အစ်ကိုကြီးဟာ တစ်စက်ကလေးမှ အားနာမှု မရှိစွာ ဒေါက်တာ့ကို ပြောနေပြီဆိုတော့ အကြည်ဟာ ကိုယ့်ရဲ့အပြစ်အတွက် ရှက်စိတ် နာကျင်စိတ်တို့ဖြင့် မျက်ရည်တွေ ရစ်ဝဲလာရင်းက အော်မိသွားသည်။

"အစ်ကိုကြီး… ဘာဖြစ်နေတာလဲ။ အကြည် တောင်းပန်နေတယ်လေ"





"ငါပေးလိုက်မယ် ဖြူဖြူကြည်။ ခင်ဗျား… ခဏစောင့်နေ"

ဒေါက်တာဟာ အင်မတန် ပြတ်သားသော လေသံနှင့်အတူ ထွက်သွားချိန်မှာတော့ ထမင်းစားခန်းထဲမှ အန်တီနှင့် မမိုးမဟော်တို့ကပါ ထွက်လာကာ ဝင်ပါတော့သည်။

"ဖြူဖြူကြည်… ဘာတွေ ဖြစ်နေတာလဲ။ နင့်ကိစ္စတွေ အပြင်မှာ သွားရှင်း"

"ဟား… ရမလား။ ခင်ဗျားမောင်က ကျုပ်ညီမကို ယူထားတာလေ။ ကြားသုံးကြား ဝင်မပါစမ်းပါနဲ့"

"တောက်… ရိုင်းစိုင်းလိုက်တာ"

"ရိုင်းတော့ ဘာလုပ်ချင်လဲဗျာ"

ပြဿနာမီးစက ပိုမိုကြီးထွားလာတာမို့ အကြည်က အစ်ကိုကြီးကိုသာ အတင်းဝင်ထိန်းနေချိန်မှာ ဒေါက်တာရောက်လာကာ လက်ထဲက ပိုက်ဆံတစ်သောင်းတန် ငါးအုပ်စည်းကို အစ်ကိုကြီးကို ပေးလိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"မမ… မပြောပါနဲ့တော့။ ရော့… ကိုမိုးကြီး ဒါ ခင်ဗျား လိုချင်တဲ့ ပိုက်ဆံ။ ကျုပ် ပေးလိုက်တယ်နော်။ ခင်ဗျားညီမကို တန်ရာတန်ကြေးနဲ့ ကျုပ် အလျော်ပေးခဲ့ပြီးသားကို ခင်ဗျား လာထပ်တောင်းတာ ဒီတစ်ခါ နောက်ဆုံးဖြစ်ပါစေ။ ဘယ်သူ့မှ နှစ်ခါလျော်ကြေးပေး မဝယ်ဘူးဆိုတာ ခင်ဗျား မှတ်သွားလိုက်"

ဒေါက်တာရဲ့စကားဟာ အကြည့်ကို မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာအောင် ခံစားရသည်။ ရက်စက်လိုက်တာ။ အကြည့်အပေါ်ထားတဲ့ တန်ဖိုးဆိုတာ ဒီအနေအထားမှန်း သိပေမယ့် မမလင်းနှင်းဆီလည်း ရှိနေတဲ့ အခြေအနေမှာ အပြောခံလိုက်ရတာဟာ တကယ့်ကို ရင်ထဲမှာ နင့်နဲ့နေအောင် ခံစားရလေသည်။ ဘာလို့များ အကြည့်ရဲ့ ဘဝဝဋ်ကြွေးကံက ဒီလောက်ထိ ပေးဆပ်ဖို့ ကံပါနေရတာလဲ။

"မင်းက ငါ့ယောက်ဖ ဖြစ်သွားပြီလေ။ ဒီမှာ… ငါ့ညီမကို စိတ်ဆင်းရဲအောင် ထားလို့ကတော့ လာသတ်မှာနော်"





"အစ်ကိုကြီးရယ် တော်ပါတော့။ အကြည့်ကိုလည်း သနားပါဦး။ တောင်းပန်ပါတယ်။ ပြန်ပါတော့"

"နင်ကိုက ငါ့ကို ပြန်ခံပြောနေတာ။ အစ်ကို ကျေးဇူးကြောင့် ဒီဘဝရောက်တာကို ငါ့ကို ပြန်ကန်တယ် ဟုတ်လား"

အစ်ကိုကြီးကလည်း မကျေမနပ် ဒေါသတို့ဖြင့် ပိုက်ဆံထုပ်ပိုက်ကာ ဒယီးဒယိုင် ထွက်သွားလေသည်။ ဖြစ်ပျက်သွားတဲ့ ခဏတာ အခြေအနေတို့အတွက် အကြည်က တကယ်ပဲ ရင်ဆိုင်နိုင်ခြင်း မရှိစွာ ဒီနေရာမှာတင် အငွေ့ပျံပျောက်ဆုံးသွားချင်မိသည်။

"ငါတို့အိမ်မှာ ဒီလောက်ထိ အောက်တန်းကျတဲ့ အဖြစ်တွေ ဖြစ်ရတာ သိပ်ရှက်ဖို့ကောင်းတာပဲ။ မပော်… နင်တားနေလို့ ငါ သည်းခံနေတာနော်။ ရဲတိုင်လိုက်ရမှာ… ဒီလိုဟာမျိုးက"



www.burmeseclassic.com

www.burmeseclassic.com



မမမိုးမဟော်က နဂိုကတည်းက မကြည်တဲ့ကြားထဲ အခု ပြဿနာကပါ ထပ်တက်လာပြီဆိုတော့ အကြည့်အတွက် နေစရာမရှိအောင် သိမ်ငယ်ရတာပဲဖြစ်သည်။

"ကြားထဲက လင်း တောင်းပန်ပါတယ်။ အန်တီနဲ့ မမ စိတ်လျှော့ပါနော်။ မဟော်... ငါပြန်လိုက်တော့မယ်"

အခြေအတင် ဖြစ်နေသော မိသားစု ပြဿနာများ ကြားတွင် အလိုက်တသိဖြင့် မမလင်းနှင်းဆီက ရှောင်ထွက်သွားလေသည်။ ကျန်နေခဲ့တဲ့ အကြည်တို့တွေအတွက် ဒေါက်တာက စိတ်ရှုပ်ထွေးမှုများစွာဖြင့် ခပ်ပြင်းပြင်း တောက်ခေါက်ကာ အပေါ် ထက်သွားလေသည်။

တကယ်ပဲ သိမ်ငယ်ကြေကွဲဖို့ ကောင်းလှပေသည်။ အကြည့်ကို မုန်းနေတဲ့ ဒေါက်တာ့အမုန်းတွေ ကြေပါစေတော့လို့ ဘုရားမှာ အကြိမ်ကြိမ် ဆုတောင်းသည်။ အဲဒီ ဆုတောင်းဟာ ဝဋ်တွေ ကြီးလွန်းအားကြီးသောကြောင့် မပြည့်နိုင်စွာ အမုန်းတွေသာ ထပ်မံရရှိလေသည်။ ဒေါက်တာ ပြောခဲ့တဲ့ "ဘယ်သူမှနှစ်ခါ





ဆျော်ကြေးပေး မဝယ်ဘူး"ဆိုတဲ့ စကားကသာ နားထဲမှာ အကြိမ်ကြိမ် ပဲ့တင်သံတွေ ထပ်နေ၍ မျက်ရည်တွေက မကုန်နိုင်အောင် ကျနေမိတော့သည်။

○❤○

www.burmeseclassic.com

www.burmeseclassic.com









ချမ်းသာသည် ဖြစ်စေ

ဆင်းရဲသည် ဖြစ်စေ

စိတ်ချမ်းသာမှုကို ပိုင်ဆိုင်ချင်တဲ့ အလိုဆန္ဒကတော့

အဆင့်အတန်း ခွဲခြားမှုမရှိတဲ့

မျှော်လင့်ချက်ပဲလေ...။

www.burmeseclassic.com

www.burmeseclassic.com







## (၁၂)

နိစ္စဓူဝ အိမ်မှာ မျက်နှာငတိ မျက်နှာထားတွေဖြင့် စကားပြော အဖက်လုပ်ခြင်း မခံရတဲ့ဘဝမှာ အကြည်ဟာ ကြိတ်မှိတ်ခံစား မျိုသိပ်နေရတာတွေ များလွန်းတာကြောင့် မခံနိုင်တော့ဘဲ ရင်ဖွင့်ဖို့ အမှတ်ရမိလိုက်တဲ့သူဟာ မပော့်ကိုပဲ ဖြစ်သည်။ မပော်ဟာ ဘာပဲဖြစ်ဖြစ် အကြည့်အတွက်တော့ မိတ်ဆွေသူငယ်ချင်းကောင်းပဲဖြစ်၏။

အကြည့်ရဲ့ ဝမ်းနည်းမှုတွေအတွက် သူ့ကို ဖုန်းဆက်ချိန်းကာ ရင်ဖွင့်ပြောပြလိုက်လျှင် မပော်က စိတ်မကောင်းဖြစ်စွာ နှစ်သိမ့်ပေးလေသည်။

www.burmeseclassic.com

"စိတ်မကောင်း မဖြစ်ပါနဲ့ဟာ၊ ငါ့မိသားစုတွေက မာန ကြီးကြတယ် ဆိုပေမယ့် ဒီလောက်အထိ နင်နဲ့ ပြဿနာ တွေ ရှိနေလိမ့်မည်လို့ ထင်မထားမိဘူး"

"ဒေါက်တာက အကြည့်ကို အဲဒီလောက်ထိ အထင်သေး ရှုမှန်းနေတာ ငါ အခုမှ သိတယ်၊ ငါ့ဘဝမှာ တစ်သက်လုံး ဒေါက်တာ အမုန်းတွေနဲ့ ငါ့အပြစ်တွေကို ပေးဆပ်နေရ တော့မှာလားဟာ၊ ငါ့မှာ အမှားပြင်ဆင်ခွင့် ဆိုတာလည်း မရှိဘူး"

ပြောရင်းနဲ့ လိုက်ဆို့တက်လာသော ခံစားချက်တွေ ဟာ မျက်ရည်တို့အဖြစ် ပြောင်းလဲကာ ဘာကိုမှ ဂရုမစိုက်နိုင် ဘဲ ငိုမိလေသည်။ တကယ့်ကို မွန်းကျပ် ပိတ်လှောင်နေကာ အချစ်ဆိုတာ အရမ်းကို ပင်ပန်းနွမ်းနယ်မှန်း သိရတဲ့အချိန်မှာ အကြည့်အတွက်ကတော့ ကြေကွဲစရာတွေချည်း ဖြင့်နေရလေ သည်။

"မင်း အရမ်းခံစားနေရတာ ငါ သိပါတယ် အကြည် စိတ်မကောင်း မဖြစ်ပါနဲ့"





နှစ်သိမ့်မှုဟာ အတိုင်းအတာ တစ်ခုထိတော့ ဖြေ သာနိုင်စရာ ဖြစ်ပေသည်။ ဒါပေမဲ့လည်း ရင်ထဲက နာကျင်မှုက ပျောက်ပျက်မသွားချေ။

အကြည့်ကို အခုဆိုရင် ဖြစ်ခဲ့တဲ့ ပြဿနာကြောင့် ဒေါက်တာ့အမေကော အစ်မကောဟာ လုံးဝကို သိသိသာသာ စကားလည်း မပြောတော့တာကြောင့် အကြည့်မှာ တကယ့်ကို နေရထိုင်ရ ခက်တာပဲဖြစ်သည်။ အကြည့်မှာ မဟော့ကိစ္စ ပြော ပြမယ် ကြိုးစားဖို့နေနေသာသာ အကြည်ကိုယ်တိုင်တောင် တကယ် နေရခက်သော အခြေအနေမှာဖြစ်၏။

"မမလေး... တစ်ခုခုစားပါလား၊ မနုကို ပြောလေ၊ မနု ဘာလုပ်ပေးရမလဲဟင်"

"ရပါတယ် မနုရယ်၊ အကြည် မဆာပါဘူး"

"တစ်ခုခု လိုအပ်တာရှိရင် မနုကို ပြောနော်၊ မမလေး အပြင်ထွက်သွားတော့ မနုက မမလေး စိတ်ညစ်ပြီး အပြီး ထွက်သွားပြီဆိုပြီး စိုးရိမ်နေတာ"

www.burmeseclassic.com



အကြည့်ရဲ့ ခံစားချက်တွေကို နားလည်ပေးတာက မနုပဲရှိတာမို့ မနုရဲ့ စိတ်ပူပေးမှုအတွက် အကြည်က အပြုံးတစ်ခုဖြင့် အားကိုးစွာ မနု လက်တွေကို ဆုပ်ကိုင်ရင်းက ...

"ကျေးဇူးတင်ပါတယ် မနုရယ်၊ အကြည့်ကို နားလည်ပေးနိုင်တာဆိုလို့လည်း မနုပဲရှိတာလေ၊ ဒီအိမ်ကနေ အကြည်ထွက်သွားချင်ပါတယ်၊ ဒါပေမဲ့ အကြည့်မှာ တာဝန်လေးတွေ ရှိနေသေးတယ်"

"တာဝန် ...ဘာတာဝန်လဲဟင်"

အကြည်က ပြောပြဖို့ ရည်ရွယ်လိုက်ပေမယ့် မြတ်မဟော်က မပြောပါနဲ့ ဆိုသော ကတိတောင်းထားတာကြောင့် အကြည်က ပြောပြမယ့် ကိုယ့်ပါးစပ်ကို ပိတ်လိုက်ကာ ခေါင်းအသာယမ်းလိုက်ရင်း ...

"မနု ...တစ်နေ့တော့ သိလာမှာပေါ့"

"ဖြူဖြူကြည်"

အံနောက်ကနေ လှမ်းအော်ခေါ်လိုက်တဲ့ လေသံမာတစ်ခုက အကြည့်ကို တုန်ခနဲဖြစ်သွားအောင်ကို တုန်ယင်လှုပ်





ခတ်သွားရတာကြောင့် အကြည်က ထိတ်လန့်စွာ ကြည့်မိလိုက်လျှင် ကြောက်စရာကောင်းအောင် သွေးအေးနေသော ဒေါက်တာ့မျက်နှာထားကို မြင်လိုက်ရလျှင် အကြည်က အေးစက်စက်လေတိုးတိုးဖြင့် မေးမိသွားသည်။

"ဒေါက် ...ဒေါက်တာ"

"မင်း လာခဲ့ ...လာ"

အကြည့်ရဲ့ လက်ကောက်ဝတ်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ တရွတ်တိုက် ဆွဲခေါ်လေလျှင် အကြည်ဟာ နာကျင်လွန်းတဲ့ ဒဏ်ကြောင့် မျက်ရည်တွေတောင် ဝဲလာသော်လည်း ဒေါက်တာဟာ အပေါ်ထပ်အခန်းထိ အတင်းကို တရွတ်တိုက်ဆွဲခေါ်လာကာ တစ်ရှိန်ထိုး ခုတင်ပေါ်သို့ ဒေါသတကြီး တွန်းချပစ်လျှင် အကြည်ဟာ ဒီလောက်အထိ ဒေါသတကြီး ပေါက်ကွဲမှုတွေအတွက် အကြည်က အံ့အားသင့်စွာဖြင့် ငေးမောကြည့်မိသွားသည်။

"ဒေါက် ...ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို တစ်ခွန်းမှ ပြန်မပြောနဲ့၊ ရော ...အဲဒီမှာကြည့်၊ မင်းရဲ့ ဖောက်ပြန်နေတဲ့ ဓာတ်ပုံတွေ"

အကြည့်ရဲ့ မျက်နှာတည့်တည့်ကို ဓာတ်ပုံတစ်ထပ်ဖြင့် ပစ်ပေါက်လိုက်လျှင် အကြည်က အံ့သြစိတ်တွေ ထိတ်လန့်စိတ်တွေဖြင့် အဲဒီပုံတွေကို ကြည့်လိုက်မိလေသည်။ ဒီ ...ဒီပုံတွေက၊ မနက်က မယော်နှင့် အကြည် တွေ့တုန်းက ...။

"မင်း ဖောက်ပြန်ချင်နေတယ် ဆိုရင်လည်း ငါ့ကို ပွင့်ပွင့်လင်းလင်းပြောပေါ့၊ မင်းကို ငါ အသာတကြည် ကွာပေးမှာပေါ့၊ မင်းက ငါ့တို့မိသားစု တစ်ခုလုံးရဲ့ သိက္ခာကို တစ်စစီ ဖျက်ချိုးနေတာ"

နှစ်နှစ်နဲ့နဲ့ကို စွပ်စွဲပြောနေတဲ့ စကားလုံးတွေအတွက် အကြည်က ဒီလိုအဖြစ်မျိုး ဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့တာကြောင့် မျက်ရည်တွေက အဆီးအတားမရှိ ကျလာကာ ခေါင်းကို တွင်တွင်ခါယမ်းရင်း ငြင်းဆိုလိုက်သည်။

"မဟုတ်ဘူး။ အကြည် မဖောက်ပြန်ဘူး"





"မင်းပုံတွေလေ မဟုတ်ဘူးလား၊ မင်း ဘာငြင်းမှာလဲ"

ဓာတ်ပုံတွေဟာ ထူးဆန်းလှစွာ အကြည့်မျက်နှာတစ်ဖက်ကသာ ထင်ရှားနေ၍ မယော်ဟာ နောက်ကျောဘက်ခြမ်းကသာ ပါနေတာကြောင့် အကြည်ဟာ အဲဒီအတွက် ရှင်းချက်ထုတ်ဖို့ရာနှင့် မယော် မသေဘူးဆိုတာ ပြောပြပေးဖို့ ဒါဟာ အချိန်ကောင်းမို့ အကြည့်က အလျင်အမြန် ပြောလိုက်တော့သည်။

"အဲဒါ အကြည် ဖောက်ပြန်တာ မဟုတ်ရပါဘူး၊ သူ ... သူက ဒေါက်တာ့ရဲ့ညီ မြတ်မယော်ပါ"

အကြည့်ဘက်က သတ္တိရှိရှိ ဖွင့်ပြောပြလိုက်လျှင်တော့ ဒေါက်တာ့ရဲ့ မျက်နှာအရိပ်အယောင်ဟာ တစ်မျိုးပြောင်းသွားပြီး အံ့သြမှင်သက်သွားပုံပေါ်၏။ ပြီးတော့ ချက်ချင်းပင် မျက်နှာထားက တင်းထန်လာကာ အကြည့်ကို ဒေါသတကြီး စူးစိုက်ကြည့်၍ ...

"မင်းပါးစပ်ကို ပိတ်လိုက်စမ်း၊ မြတ်မယော်ဆိုတာ သေသွားခဲ့ပြီ၊ ငါတို့မိသားစုနဲ့ဘာမှ မသက်ဆိုင်တော့တဲ့ကောင်၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ဖောက်ပြန်နေတဲ့ကိစ္စကို ဖုံးချင်တာနဲ့ လှာမပြောနဲ့၊ မြတ်မဟော်ကို မင်း ဘယ်လို သိနေတာလဲ"

ဒေါက်တာ့စကားသံတွေဟာ ပိုမိုပြင်းထန်လာကာ သွေးအေးလေသံ ပေါက်နေတာမို့ အကြည်က စိုးရိမ်ထိတ်လန့်မှုတွေဖြင့် ပိုဆိုးကုန်မှာကို ကြောက်နေပေမယ့် မဟော့ကို ခါးခါးသီးသီး အခုလို ပြောတာကြီးကိုတော့ အကြည် လက်သင့်မခံနိုင်ပေ။ အကြည်က ဒေါက်တာ လက်သင့်ခံသည်အထိ ပြောပြဖို့အတွက် အကြည်က ရအောင် စကားဆက်လေ၏။

"အကြည် ရှင်းပြတာကို နားထောင်ပေးပါ၊ မြတ်မဟော် မသေပါဘူး၊ သူက ဒေါက်တာတို့ဆီကို ပြန် ..."

"မင်း ရူးနေပြီ၊ ဒီမှာ ဖြူဖြူကြည် ...မင်းကို ငါ့ဘက်က သစ္စာမဖောက်ဘူး၊ မင်းကသာ အိမ်ထောင်ရေးဖောက်ပြန်တဲ့အလုပ်ကို လုပ်တာ၊ မင်းလို မူယာမာယာများတဲ့ မိန်းမျိုးကို ငါ ဆက်ပြီး မပေါင်းနိုင်တော့ဘူး၊ မင်းက ငါ့ကို အမိဖမ်းပြီး အရချိုင်ပြီးသွားတာတောင် နောက်မီး ထပ်လင်းတာ၊ မင်းကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"





ဒေါက်တာ့ရဲ့ စကားတွေဟာ အကြည့်အတွက်တော့ နလုံးခုန် ရပ်သွားမတတ် ပြင်းထန်လွန်းအား ကြီးတာကြောင့် အကြည် ရင်တွေ တလှပ်လှပ်ခုန်လာကာ ကတုန်ကယင်တွေ ဆောင် ဖြစ်လို့လာလေသည်။ ဒေါက်တာ အရမ်းရက်စက်တယ်။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အကြည် မှားတယ်ဆိုရင်တောင် ဒီလောက်ကြီး ရက်စက်ပြင်းထန်လွန်းအားကြီးတဲ့ စကားလုံးတွေနဲ့တော့ နှိုင်းမပြောသင့်ပါဘူး။ အကြည်က ကိုယ့်ဘဝကိုယ် ဝမ်းနည်းကြေကွဲရလွန်းစွာဖြင့် မျက်ရည်များဖြင့် အရူးတစ်ယောက်လိုမျိုး ခေါင်းတွေ တွင်တွင်ခါယမ်းပစ်ရင်းက ...

"မဟုတ်ဘူး ...လုံးဝ မဟုတ်ဘူး၊ အကြည် ရှင်းပြတာကိုတော့ ဒေါက်တာ နားထောင်ရလိမ့်မယ်၊ အကြည် အစ်ကိုကြီး စီစဉ်တဲ့အတိုင်း လိုက်နာခဲ့မိလို့ ဒေါက်တာနဲ့ လက်ထပ်ခဲ့ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိတဲ့သူမှန်း သိပါတယ်၊ ဒါကြောင့်လည်း အမြဲ သည်းခံပြီး နေခဲ့တယ်၊ အစ်ကိုကြီး သူ့ဘာသာသူ ငွေဘယ်လောက်ရော



www.burmeseclassic.com

www.burmeseclassic.com



မက် အကြည် ဒေါက်တာ့ကို လက်ထပ်ခဲ့တာ ချစ်တဲ့ စိတ်တစ်ခုတည်းအတွက်ပဲ၊ အခုလည်း ဒေါက်တာတို့မိသားစုကို ပြန်သင့်မြတ်သွားစေချင်လို့ မြတ်မယော်ကို ပြန်လက်ခံစေချင်တာကြောင့် မြတ်မယော်နဲ့ ခင်မင်တာ၊ အကြည်က အိမ်ထောင်ရေး ဖောက်ပြန်တဲ့သူ မဟုတ်ဘူး၊ ဒီကိစ္စကို ရအောင်ရှင်းပြမယ်”

အကြည်က ငုံ့လျှိုးနေတဲ့ သတ္တိတွေက ပေါ်ပေါက်လာရကာ ဒီနေ့က တကယ်ပဲ ကိစ္စတွေ အမှန်ကို သိချိန်တန်ပြီမို့ မယော့်ကို ဖုန်းခေါ်ဖို့ရာအတွက် ဖုန်းကို လှမ်းယူလိုက်လျှင် ဒေါက်တာက အကြည့်လက်ထဲက ဖုန်းကို အတင်းဝင်လုရင်းက …

“ဖြူဖြူကြည် …ငါ့ကို အဲဒီဖုန်းပေးစမ်း၊ မင်း ဘာလုပ်တာလဲ”

ဒေါက်တာက အကြည့်လက်ထဲက ဖုန်းကို ဘာမပြော ညာမပြော အတင်းဝင်လုတာကြောင့် အကြည်က စိတ်ထဲက အံ့အားသင့်မှုနဲ့အတူ ဒေါက်တာ့ကို ပြန်ဖြေလေသည်။





“ဒီကိစ္စက မယော် ရှင်းမှ ဖြစ်တော့မှာ”

အကြည်က ခေါ်နေကျ နံပါတ်တစ်ခုကို ဒေါက်တာ ဖုန်းကို အတင်းဆွဲလုနေတဲ့ကြားက ခေါ်မိသွားလိုက်လျှင် ဖုန်းသံသဲ့သဲ့လေး တစ်ခုက ဘေးဗီရိုထဲမှ ထွက်လာ၏။ အကြည်က သတိထားမိစွာ အာရုံတွေက အကြည့်ဘေးဘက်က စာအုပ်ဗီရိုလေးဆီ ရောက်သွားလေလျှင် ဒေါက်တာ့ဆီက မကျေမနပ်တောက်ခေါက်လိုက်သံကို ကြားရလေသည်။

မဟုတ်သေးဘူး။ အကြည် ဖုန်းခေါ်နေချိန်မှာ အဆက်မပြတ်ကို မြည်လာတဲ့ ဗီရိုထဲက အဲဒီဖုန်းသံအတွက် အဲဒါဟာ အကြည့်မှာ တာဝန်ရှိစွာ အကြည်က ဖုန်းကို ဆက်ခေါ်ထားရင်း ဗီရိုအံဆွဲကို လှမ်းဖွင့်လိုက်သည်။ ဖုန်း Ring သံလေးဟာ စည်းချက်ကျကျမြည်နေ၍ Display မှာ ပေါ်နေတဲ့ နံပါတ်ဟာ အကြည့်ရဲ့ ဖုန်းနံပါတ်။ ဒါ …ဒါဆို။ အကြည်က ထိတ်ခနဲ ဖြစ်သွားသောစိတ်ဖြင့် ဗီရိုရဲ့ အတွင်းထဲမှ စာအုပ်ကြားထဲက အစွန်းထွက်နေတဲ့ ဓာတ်ပုံစလေးကို ဆွဲထုတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင်တော့ အကြည့်မှာ ပြောပြစရာ စကားလုံးမရှိတော့လောက်အောင် မျက်လုံးတွေကော ပါးစပ်တွေပါ အဟောင်းသားဖြစ်သွားရ၏။

ဒီဓာတ်ပုံ ...ဒီဓာတ်ပုံဟာ။ အကြည့်နဲ့ ဒေါက်တာမင်္ဂလာဆောင်နေ့က ရိုက်ထားတဲ့ပုံ။ အဲဒီပုံမှာ အကြည့်ပုံ့ကိုပဲ သီးသန့်ကတ်ကြေးနှင့် ကိုက်ထား၍ အကြည့်မျက်နှာကို မင်နီဖြင့် အမှားခြစ်, ခြစ်ထားလေသည်။ အဲဒါ ...အဲဒါဟာ။ အကြည့်ဟာ ဘာကို အံ့အားအသင့်ရဆုံးပဲ ဝေခွဲမရတော့လောက်အောင် ရှုပ်ထွေးကုန်၍ ဒေါက်တာ့မျက်နှာကို ကြည့်မိလိုက်လျှင် ဒေါက်တာက ပြတ်သားအေးစက်သော မျက်လုံးတို့ဖြင့် ကြည့်၍ တစ်ခွန်းချင်း လေကိုခွင်း၍ ပြတ်သားစွာ ပြောပြလေသည်။

"မင်း သိသွားပြီ ဆိုတော့လည်း ငါ ဝန်ခံရတော့မှာပေါ့၊ ဟုတ်တယ်၊ မင်းနဲ့ တွေ့နေခဲ့တဲ့ မြတ်မဟော် ဆိုတာလည်း ငါပဲ၊ သေသွားတဲ့ ငါ့ညီရဲ့နာမည်ကို ငါ သုံးခဲ့တာ"

ဘုရားရေ ...။





အခုပြောနေတဲ့ စကားတွေရယ်၊ အခုကြားနေရတဲ့ အသံတွေရယ်ဟာ တကယ်ပဲ လက်တွေ့မှာ ဒေါက်တာပြောလိုက်တာလား။ အကြည့်ဟာ ကိုယ့်နားကိုယ်တောင် မယုံနိုင်တော့စွာ အံ့အားတသင့်ဖြင့် ဒေါက်တာ့ကို ကြည့်မိရင်း ...

"ဒေါက်တာက ဘာဖြစ်လို့ ..."

"မင်းက မေးပဲ၊ အခုထိ ဘာလို့မုန်း မင်း မသိဘူးလား၊ မင်းကို အိမ်ထောင်ရေး ဖောက်ပြန်တဲ့ မိန်းမအဖြစ် ဖန်တီးပြီး ကွာရှင်းမလို့၊ မင်းဘဝကို အိမ်ထောင်ရေး ဖောက်ပြန်တဲ့ မိန်းမလို့ လူတွေသိအောင် ကြေညာပြီး မင်းဘဝကို ရိုက်ချိုးမလို့၊ ငါ့ရဲ့ ပျော်ရွှင်မှုတွေ၊ ငါ့ရဲ့ အနာဂတ်တွေ အားလုံးကို ထောင်ချောက်ဆင် သိမ်းပိုက်ခဲ့တဲ့ မင်းတို့မောင်နှမ ခေါင်းမဖော်ရဲအောင်လို့၊ ဖောက်ပြန်စရာရှားလို့ ဆက်မဟော်ရဲ့ညီ မြတ်မဟော်နဲ့မှ ဖောက်ပြန်တယ်ဆိုတဲ့ အဖြစ်ကို ရောက်အောင်လို့ ငါကိုယ်တိုင် သေချာစီစဉ်ပြီး မင်းကို တွန်းပို့ခဲ့တာ၊ ငါ့ဘက်က မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းစရာ မလိုဘဲနဲ့ မင်း အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး မင်း ထွက်သွားရမယ့်အဖြစ်ရောက်အောင် ငါ ဖန်တီးခဲ့တာ ...

အခုလိုမျိုး မင်း စောစော သိသွားတာကိုတော့ ငါ စိတ်မကောင်း အဖြစ်ဆုံးပဲ"

အကြည်ဟာ အံ့သြလွန်း၍ မှင်သက်နေမိကာ ကိုယ့်ပါးစပ်ကိုတောင် လက်ဝါးဖြင့် ပြန်အုပ်ထားမိသွားသည်။ ဒေါက်တာက ...ဒေါက်တာက ဒီလောက်အထိကို ရက်စက်စွာ ကြံစည်ခဲ့တယ်။ အကြည် ယုံကြည်စွာ စကားတွေ ပြောခဲ့တာကလည်း ဒေါက်တာ့ကို။ ဒေါက်တာဟာ သူ့ကိုယ်သူ မြတ်မဟော်ပါလို့ အသွင်ခွဲထုတ်ပစ်ပြီးတော့ အကြည့်ကို အိမ်ထောင်ရေးဖောက်ပြန်တဲ့ မိန်းမဆိုတဲ့ အဖြစ်မျိုးရောက်အောင် သိမ်မွေ့စွာ သွေးအေးစွာ ကြံစည်ခဲ့တာပေါ့။

အဲဒါတွေဟာ တကယ်ပဲ အကြည်က သိပ်ချစ်ပြီး အကြည့်ကို သိပ်မုန်းတဲ့ ဒေါက်တာ လုပ်တာတွေပဲပေါ့။





"ဟာ ...ဟ ...ကြောက်စရာကောင်းလိုက်တာ၊ ဒေါက်တာ အဲလောက်တောင်မှ မုန်းနေရတာလား"

မျက်ရည်တွေက ဆီးလို့ တားလို့မရ တရဟော သွန်ကျလာကာ သိပ်အံ့သြဖို့ကောင်းလွန်းလှတဲ့ အဖြစ်ကို ဖန်တီးယူခဲ့တဲ့ ဒေါက်တာ့ကို နှင့်နှင့်နဲနဲ မေးခွန်းထုတ်မိလိုက်လေလျှင် ဒေါက်တာက အကြည့်ကို သွေးအေးသော အပြုံးတစ်ခုဖြင့် ဝန်ခံလေသည်။

"အေး ...မုန်းတယ်၊ ဒီထက်ကို ပိုတဲ့စကားလုံးရှိရင် ပြောချင်သေးတယ်၊ မင်းကြောင့် ငါချစ်သူ လင်းနဲ့ ဝေးရတယ်၊ မင်းကြောင့်ပဲ ပတ်ဝန်းကျင်မှာ မင်းကို ယူလို့ လက်ညှိုးထိုးခံရတယ်၊ ငါ့ရဲ့သိက္ခာ ငါ့မိသားစုသိက္ခာတွေနဲ့ရင်းပြီး မင်းကို ငါ လက်ထပ်ခဲ့ရဟာတွေ အတွက် လက်စားချေလိုက်တာ"

အခုပြောနေတဲ့ စကားတွေကို တကယ်ပဲ ဒေါက်တာ အစစ် ပြောနေတာမှ ဟုတ်ရဲ့လားဟု သံသယရှိရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပင် ဒေါက်တာဟာ ရက်စက်စွာ ခါးသီးစွာသော အမုန်းတွေဖြင့် အကြည့်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောနေတာဖြစ်သည်၊ အကြည့်ကို မုန်းနေတယ်ဆိုတာ သိပေမယ့် ဒီလောက်အတိုင်းအတာထိ အငြိုးအင်အားထုထည်တွေဟာ ကြီးမားနေလိမ့်မယ်လို့ အကြည် ဘယ်တုန်းကမှ မတွေးမထင်မိခဲ့ပေ။ ဒီလောက်ထိအောင် နာကျင်နေသော အမှတ်သည်းခြေကြီးမှုအတွက် အကြည်က စိတ်ကိုတင်းကာ နောက်ဆုံးသောစကားကို ကြေကွဲစွာ ပြောလိုက်တော့သည်။

"အကြည့်လို ဘာမဟုတ်တဲ့ မိန်းမအတွက်နဲ့ ဒေါက်တာရဲ့ ပညာတတ် ရက်စက်မှုတွေ ထုတ်သုံးဖို့တောင် မလိုပါဘူး၊ မိန်းမတစ်ယောက်ကို မုန်းတယ်လို့ တရားဝင် ဖွင့်မပြောဘဲ ကောင်းချင်ယောင်ဆောင်ပြီး အသေသတ်ဖို့ သွေးအေးအေးနဲ့ နှစ်ကိုယ်ခွဲပြသွားတာနဲ့တင် ဖောက်ပြန်တယ်ဆိုတဲ့ အရှက်ခွဲခြင်း မပါသေးဘဲနဲ့ အကြည် သေပါတယ် ဒေါက်တာရယ် ...





အကြည် ကိုယ်တိုင် အလိုတူအလိုပါ ထောင်ချောက်ဆင်ပြီး ဒေါက်တာ့ကို အရယူမိခဲ့တာဟာ ဒေါက်တာ့ဆီမှာ ခြေသုတ်ပုဆိုး မြေစွယ်ကျိုးလို ခစားပြီး ချစ်မနေချင်ရုံသက်သက်ပါ၊ ဒေါက်တာ့မှာ မမလင်းနှင်းဆီ ရှိတယ်ဆိုတာကိုလည်း အကြည် အဲဒီတုန်းကမှ မသိခဲ့တာ ...

အားလုံးအတွက် တကယ်ကိုပဲ အကြည် တောင်းပန်ပါတယ်"

အကြည်က ပြောနေရင်းကမှ အသံတွေဟာ သဲသိသာသာ တုန်ယင်လာလျက် တောင်းပန်စကားအဆုံးမှာ အသံဟာလုံး၀ကို တိမ်ကျသွားလေသည်။ ဒေါက်တာဟာ အမုန်းတွေဆင့်ကဲနေသော မျက်ဝန်းတွေဖြင့် ကြည့်ကာ ခနဲ့ပြုံးတစ်ချပြုံးရင်း ...

"မင်းက အဲဒီလို အိုက်တင်တွေနဲ့ အပိုင်ဖမ်းတတ်တာ ငါကောင်းကောင်းသိပါတယ်"

"ဒေါက်တာ ...အကြည်က မိန်းကလေးပါ၊ သူချစ်တဲ့ ချစ်သူအပေါ်ကို ဘာပဲဖြစ်ဖြစ် သည်းခံနိုင်တယ်ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ အတိုင်းအတာ ရှိတယ်၊ အကြည် မှားခဲ့တယ်ဆို ဘာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ဒေါက်တာ ယုံကြည်ပေးဖို့ တစ်ခုက အကြည် ဘာကိုမှ မမက်မောဘဲ ဒေါက်တာ့ကို အရာရာ နားလည်ခဲ့တာပါ၊ ဒေါက်တာ ဒီလောက်ထိ မုန်းနေတယ်ဆိုတာ အကြည် သိခဲ့ရင် အကြည် ဒီလမ်းကို မလျှောက်ခဲ့ပါဘူး ...

အစစအရာရာ တောင်းပန်ပါတယ်"

"တောက်"

ပြင်းထန်စွာသော တောက်ခေါက်သံဟာ အကြည့် နားထဲမှာတော့ မိုးခြိမ်းသံကြီးအလား မြည်ဟိန်းလို့နေလေသည်။ ဒေါက်တာဟာ အကြည့်ကို ခါးသီးသထက်ခါးသီးစွာ ပို,ပို မုန်းနေတာပဲဖြစ်၏။

အရင်ကတော့ အကြည့်မှာ ရင်ဖွင့်စရာ မြတ်မဟော် ရှိဖူးသည်။ မြတ်မဟော်ဆိုတာ ဒေါက်တာက အကြည့်ကိုမုန်းလို့ ဖန်တီးထားတဲ့ ကိုယ်ပွားတစ်ခုလေ။





အရာရာဟာ အားလုံး ပြီးဆုံးသွားသလို ဘာမှ မရှိတော့ဘူးလို့ပဲ ခံစားမိတာကြောင့် မျက်ရည်တို့ဟာ အဆီးအတား မရှိ ကျလာ၍ ဒီနေရာဟာ အကြည့်အတွက် ဘာမှ အသုံးမဝင် ဘယ်သူမှ အဖက်လုပ်ခြင်း မခံရသော နေရာတစ်ခုအဖြစ် အားလုံးဟာ ကြေကွဲစရာတွေ ဖြစ်လို့နေလေသည်။

ဒီကမ္ဘာကြီးဟာ အကြည့်အတွက် စစ်မှန်တဲ့နေရာ ဆိုတာ ...။ မျက်ရည်တွေ အားလုံ ကုန်ခန်းသွားအောင် ငိုမိချင် စိတ်က တားလို့လည်း မရတော့ချေ။

○❤○

www.burmeseclassic.com

www.burmeseclassic.com









လူတစ်ယောက်က

သူချစ်တဲ့သူတစ်ယောက်ကို

အရှိုးသားဆုံး ဆက်ဆံလိမ့်မယ်။

သူမုန်းတဲ့သူတစ်ယောက်ကို

ပြုံးနေပြီ ဆိုရင်တော့

ရင်ထဲက မပါတဲ့ အပြုံးအတွက်

အဲဒါ ရင်ထဲကမပါမှန်း သိတဲ့နေ့ဟာ

ရေရေလည်လည် ခံစားရတဲ့နေ့ပါပဲ။

○❤○

www.burmeseclassic.com





www.burmeseclassic.com

(၁၃)

မနုဆီက ဖုန်းဝင်လာသည်က ဖြူဖြူကြည် တစ်ယောက် အိမ်ပေါ်က ဆင်းသွားသည် ဆိုတာပဲဖြစ်၏။ အဲဒီအတွက် သူဟာ စိတ်ရှုပ်ထွေးမှုတွေ စိတ်ပင်ပန်းမှုတွေအတွက် ဘီယာတွေကို တစ်ကျိုက်တည်း မော့သောက်လိုက်ပြီးတာနဲ့ ရေကူးကန်ထဲ ဒိုင်ဗင်ပစ်ဆင်းကာ ကူးပစ်လိုက်သည်။

သူဖြစ်ချင်နေတဲ့ အနေအထားတစ်ခုကို ရောက်ခဲ့ပြီဆိုသော်ငြား ဘာကြောင့်မို့ သူ မပျော်မှန်းလည်း မသိပေ။ တစ်ကိုယ်လုံးကို နစ်နေအောင် ရေထဲစိမ်နေသော်လည်း ရှိန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ပူလောင်မှုတွေ ငြိုးတော့ မျက်ရည်တွေနဲ့ ပြည့်နှက်နေတဲ့ ဖြူဖြူကြည် မျက်နှာကိုသာ ပြန့်ပြန်မြင်နေတာဟာ တကယ်ပဲ စိတ်ရှုပ်ထွေးစရာပဲဖြစ်၏။

မဟော်က အားခနဲ အသံကုန် အော်ဟစ်ကာ ရေတွေကို လက်ဝါးဖြင့် ရိုက်ချလိုက်လျှင် ရေတွေက သူ့မျက်နှာတွေကို ပိတ်ရိုက်စဉ်ကာ စိတ်ရဲ့ရှုပ်ထွေးမှုတွေက ပို၍ များလာတာပဲ အဖတ်တင်လေသည်။

သူဟာ ရေထဲမှာ စိတ်ရှိသလို စိမ်နေရင်း အတော်အတန်ကြာလာတော့ လင်းနဲ့ သွားတွေ့ကာ ရင်ဖွင့်ဖို့ပဲ ဆုံးဖြတ်၍ လင်းရှိနေတဲ့ဆီ လိုက်သွားလျှင်တော့ လင်းက အဲဒီမှာ ရှိမနေတာကြောင့် လင်းဆီ ဖုန်းဆက်ကာ ကန်တော်ကြီးဘက်ကို လာခဲ့ဖို့ ချိန်းရတော့သည်။ သူက တစ်နာရီကျော်ကျော်လောက် ရင်ဖွင့်ရဖို့ရာအတွက် လင်းကို စောင့်နေ၍ လင်း ရောက်လာခဲ့လျှင် သူဟာ လင်းကို သတိကင်းလွတ်စွာ ဖက်လိုက်မိသည်။ လင်းက သူ့ကို အတင်းရုန်းကန်ရင်း ...





"မဟော် ...ဘာဖြစ်နေတာလဲ၊ အဲဒီလို မလုပ်ပါနဲ့၊ နင် သောက်ထားတာလား"

"ဟုတ်တယ် ...ငါ ပျော်လို့သောက်တာပါ၊ လင်း ... ကိုယ်တို့ ပြန်နီးစပ်တော့မယ်၊ သိရဲ့လား"

သူ့စကားကြောင့် လင်းက အံ့အားသင့်စွာ သူ့ကို အကဲခတ်ကြည့်ရင်း ...

"မဟော် ...ဘာ ...ဘာတွေ ပြောနေတာလဲ"

"ဒီနေ့ပဲ ဖြူဖြူကြည်နဲ့ ကိုယ့်ကိစ္စ ငြိုးသွားပြီ၊ သူလည်း အိမ်မှာ မရှိတော့ဘူး"

"ဘာဖြစ်တယ်၊ မဟော် ...နင် ဘာတွေ ဘယ်လို ..."

"ကိုယ် ရှင်းပြပါ့မယ်၊ ဒီလိုလေ ..."

မဟော်က လင်းကို သေသေချာချာလေး ပြောပြလိုက်သည်။ သူ မြတ်မဟော်အဖြစ် ဖန်တီးခဲ့ကြောင်း၊ မြတ်မဟော်နှင့် ရင်းနှီးမှုရအောင် လုပ်ခဲ့ကြောင်း စသဖြင့် ကြိုးစားခဲ့သမျှအားလုံးဟာ ဝေးသွားခဲ့ရတဲ့ လင်းနှင့် နီးစပ်မှုဆိုတဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြချက်ဖြင့် အစအဆုံးရှင်းပြမှု အပြီးမှာတော့ သူ့ပါးတစ်ဖက်ဟာ ပူခနဲဖြစ်သွားကာ မျက်နှာက လည်ထွက်သွားလေသည်။

"လင်း ...မင်း ...ငါ့ကို ..."

"ဟုတ်တယ် ... ငါ နင့်ကို ပါးရိုက်လိုက်တာ၊ သိပ်ပြီး ကြောက်စရာကောင်းလွန်းတဲ့ နင့်အတွက်အတွက် ငါရိုက်တာ၊ နင် တော်တော်ကြောက်စရာကောင်းတာပဲ မဟော်၊ နင်က ကြင်နာစိတ်ရှိတဲ့ ဆရာဝန်တစ်ယောက်ကော ဟုတ်သေးရဲ့ လား"

လင်းက သူ့ကို ဒေါသသံတွေစွက်ကာ ပေါက်ကွဲ၍ ပြောလေလျှင် သူ့ရဲ့ ရှုပ်ထွေးနေတဲ့ စိတ်တွေဟာ ပိုပြီး အတိုင်းအဆမရှိ ပေါက်ထွက်ကုန်၍ သူ့ရင်ထဲက ခံစားချက်တွေကို ရင်ဖွင့်မိသည်။

"ကိုယ့်ကို အလကားကောင်ဖြစ်သွားအောင် ထောင်ချောက်ဆင်ပြီး မယူလို့မရတဲ့ အခြေအနေဖြစ်အောင် လုပ်ခဲ့တဲ့ သူတွေကို ကိုယ်က မေတ္တာစိတ် ထားရဦးမှာလား။ လင်းနဲ့ ကိုယ်နဲ့ ဝေးရတာ အဲဒီ ဖြူဖြူကြည်တို့ မောင်နှမကြောင့်"





"နင်က ငါနဲ့ ဝေးရတာကို ရမယ်ရှာတာ။ နင် တကယ်ခံပြင်းနေတာ နင် ဂုဏ်သိက္ခာတွေ ပွန်းပဲ့သွားတယ်လို့ ထင်နေလို့။ အကြည့်ကို နင် ဒဏ်ရာတွေ တစ်စစီရအောင် ရက်စက်ခဲ့တာကမှ နင့်သိက္ခာတွေ ပွန်းပဲ့ကုန်မှာ။ ကိုယ် လက်ထပ်ထားတဲ့ မိန်းမဟာစ်ယောက်ကို မုန်းလို့ အငြိုးတကြီး လက်စားချေနေတာကမှ နင် သိပ်တန်ဖိုးထားတဲ့ ဂုဏ်သိက္ခာဆိုတဲ့ အရာကြီး ကျဆင်းကုန်မှာ။ နင် သိပ်မှားတယ်။ အရှုံးပေးထားပြီး နင်တို့ဆီမှာ ဝင်ရောက်ဆပ်နေတဲ့ အကြည့်ကိုမှ နင် ရက်ရက်စက်စက် လုပ်ခဲ့တာ"

လင်းက သူ့ကို ဒေါသတကြီး တရစပ် အော်ဟစ်ပေါက်ကွဲ ပြောလျှင် သူဟာ အနည်းငယ်တော့ ငြိမ်သက်သွားရလေသည်။ သူ့စိတ်တွေဟာ ဘာကိုပြောလို့ ပြောရမယ်မှန်းမသိအောင် ရှုပ်ထွေး နောက်ကျိနေတာကတော့ ဘာနဲ့မှ နှိုင်းယှဉ်ပြလို့ မရချေ။ လင်း ပြောသမျှကို ခေါင်ငိုက်စိုက်ချ၍ နားထောင်နေသောအခါ လင်း ကိုယ်တိုင်လည်း မျက်ရည်တွေ ဝဲလို့လာကာ



www.burmeseclassic.com

www.burmeseclassic.com



မပော့်ကို နှစ်သိမ့်ပေးချင်တဲ့ စိတ်ကော နားလည်စေချင်တဲ့ စေတနာတွေပါ ရောပြွန်း၍ မပော့် ပခုံးတစ်ဖက်ကို ခပ်ဖွဖွ ပုတ်၍ နှစ်သိမ့်ပေးရင်းက ဖျောင်းဖျရလေသည်။

"ငါလည်း ငါ့အတ္တနဲ့ ငါပဲ။ နင် အဲဒီလိုလုပ်ပြီး နင်နဲ့ အကြည် ကွဲသွားကြတော့ရော ငါက နင့်ကို လက်ထပ်မယ်လို့ နင်ထင်နေလို့လား။ နင့်ကို ငါပြောပြီးသား။ နင် အိမ်ထောင်သည် ဖြစ်တဲ့နေ့ကတည်းက နင်ဆိုတာ ငါ့သူငယ်ချင်းပဲ။ အကြည့်ကို နင် တောင်းပန်ပြီး ပြန်အဆင်ပြေအောင် တည်ဆောက်ပါ...

တခြေ သိပ်တတ် ဂုဏ်သိက္ခာတွေ သိပ်ကြီးနေလည်း မိန်းမတစ်ယောက်ကို ယူထားပြီး အမှားမရှိဘဲ စွန့်ပစ်လိုက်တဲ့သူကို ငါကတော့ ပညာတတ်လို့ သတ်မှတ်မှာ မဟုတ်ဘူး မပော်။ ငါလည်း နယ်မှာ ပို့စတင်ကျလို့ ပြောင်းတော့မယ်...

နင့်ကို နှုတ်ဆက်ခဲ့ပါတယ် မပော်"





လင်းဟာ သူငယ်ချင်းကောင်း ပီသစွာ သူ့ကို နှစ်သိမ့်အားပေးစကားတွေ အများကြီးပြောရင်း သူ့ပခုံးကို ခပ်တင်းတင်း ဖျစ်ညှစ်ဆုပ်ကိုင်ပြီးသွားလျှင်တော့ ကျောခိုင်းထွက်သွားလေသည်။

ဒီတစ်ကြိမ် ကျောခိုင်းခြင်းဟာ လင်း သူ့ကို လုံးဝတစ်ဘဝစာ ငြင်းဆန်ထွက်သွားခဲ့ပြီဆိုတာ သူ့ရင်ထဲမှာ သံမှိုရိုက်ခွဲထားသလို သိသွားလေသည်။ သူတို့ ဆုံစည်းခဲ့ရတာ ကြေကွဲဖို့လား။ မပော်က နင့်နေအောင် ချစ်ခဲ့ဖူးသော နှလုံးသားအတွက် မျက်ရည်တစ်စက်တော့ ကျရကာ မျက်လုံးတွေကို မှိတ်ပစ်လိုက်သည်။

သူ့အာရုံတွေထဲမှာ သူ့ကို မျက်ရည်တွေဖြင့် ကြည့်နေလေသော ဖြူဖြူကြည်ရယ်၊ သူ သိပ်ချစ်ရတဲ့ လင်းရယ်က ဘစ်လှည့်စီ စိုးမိုး၍ တစ္ဆေလို ခြောက်လှန့်နေကြလေသည်။

○ ❤ ○



www.burmeseclassic.com

www.burmeseclassic.com







"တောက်... အမိပွာယ် မရှိတာဟာ။ နင်က ဒီအတိုင်း ဘာကိစ္စ အိမ်ပေါ်က ဆင်းလာရတာလဲ။ နင် ရသင့်ရပိုင်ခွင့်တော့ ရ,ရမှာပေါ့"

အစ်ကိုကြီးက အကြည့်အတွက် ကြိတ်မနိုင် ခဲမရ ဒေါသတို့ဖြင့် ပြဿနာရှာမယ် တကဲကဲလုပ်ကာ သွားဖို့ထလျှင် အကြည်က အစ်ကိုကြီးလက်ကို ဆွဲကာ တောင်းပန်ရလေတော့သည်။

"တော်ပါတော့ အစ်ကိုကြီးရယ်။ သူတို့ကို ဒီလောက်ထိ နှိပ်စက်ပြီးရင် ကျေနပ်ပါတော့။ အစ်ကိုကြီး စိတ်တိုင်းကျ ထောင်ချောက်ဆင်ပြီး အရဖမ်းခဲ့ပြီးပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ .. ငါက နင့်ကို တစ်ဘဝလုံး ကောင်းစားဖို့အတွက် မေတ္တာနဲ့ ဆရာဝန်ပညာတတ်နဲ့ ညားအောင် ဖန်တီးပေးတာ။ နင် ဒီလို ကွဲလာဟယ်ဆိုလည်း နင့်အတွက် နစ်နာကြေး..."

"အစ်ကိုကြီး"

ပြောနေရင်းကမှ ပိုဆိုးလာကာ အကြည့်ကို ရှောင်ကုန်တစ်ခုလို သဘောထား၍ ငွေပဲ စဉ်းစားနေသော အစ်ကိုကြီးကိုလည်း ကြားလာတော့ စိတ်နာလာမိသည်။ အကြည့်ဘဝမှာ ဘာကြောင့်များ အခုလောက်ထိ မျက်ရည်ကျစရာတွေ ပေါများရတာလဲ။

ကိုယ့်သွေးရင်းဖြစ်တဲ့ အစ်ကိုကြီးကတောင် အကြည့်ရင်ထဲက ခံစားချက် ဘာဖြစ်နေတယ်ဆိုတာ နားမလည်ပေးဘွာ ငွေတစ်မျက်နှာကိုသာကြည့်၍ အကြည့်ကို ရက်စက်နေတာ ဖြစ်၏။ အကြည့်မှာ ကိုယ့်ရင်ထဲက ခံစားချက်တွေအတွက် ရင်ဖွင့်ရာ အရင်းအချာ သူငယ်ချင်း မရှိပေ။ တစ်ခုခုဆို အားကိုးတကြီး





ငိုရှိုက် ပြေးခိုဝင်မယ့် မိဘရင်ခွင် ဆိုတာလည်း မရှိခဲ့။ ဘဝမှာ ဒီအစ်ကိုကြီးရဲ့ စောင့်ရှောက်မှုအောက်မှာပဲ ကြီးပြင်းလာရကာ ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းခဲ့ရတာ ဖြစ်သည်။

ရွာကို ရန်ကုန်က ဆရာဝန်ကြီးတွေ ပရဟိတဆေးခန်းလာထိုင်ပေးသော အခါမှာတော့ အစ်ကိုကြီးက အကြံကြီးလှစွာ ဒေါက်တာ့ကို ထန်းရေအမူးတိုက် အကြည့် အခန်းထဲ အတင်းပို့ခဲ့ဟာကို ချစ်စိတ်ဖြင့် လွယ်လွယ်တွေးကာ လက်ထပ်ပြီးရင် အဆင်ပြေမှာပဲလေ ဆိုတဲ့ အတွေးမှားတွေဖြင့် လက်သင့်ခံမိတာဟာ အကြည့်အတွက် တစ်ဘဝလုံးစာ အမှားပဲ ဖြစ်လေသည်။

မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာ သူရွေးတဲ့ အိမ်ထောင်ရေးဆိုတာ ဘယ်လောက်ထိ အရေးပါတယ်ဆိုတာ ဒုက္ခရောက်မှ သိရတာဖြစ်သည်။

"နင်က တုံးပဲ အကြည့်ရဲ့။ ငါကွာ... နင့်ကြောင့်။ နင် အခုလိုလုပ်တာ အရပ်ထဲမှာ ငါ ဘယ်လောက် သိက္ခာကျမလဲ။ နစ်နာကြေးလည်း တစ်ကျပ်တောင် မရဘဲ..."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး… တော်ပါတော့။ အကြည့်ကိုလည်း နည်းနည်းလေးဖြစ်ဖြစ် ကိုယ်ချင်းစာပေးပါဦး။ အကြည်က လူပါ။ ရောင်းကုန်ပဒ္ဒည်း မဟုတ်ဘူး။ အကြည် အစ်ကိုကြီးကို အလုပ်ထွက်လုပ်ပြီး ရှာကျွေးပါ့မယ်။ ဘဝပေး မကောင်းလို့ ဆင်းရဲရတဲ့ကြားထဲ စိတ်ဓာတ်တွေပါ မနှိမ့်ချလိုက်ပါရစေနဲ့ အစ်ကိုကြီးရယ်။ ဝေးသွားလက်စနဲ့ အားလုံး ပြီးပါစေတော့။ ထားလိုက်ပါ"

အကြည်က ငိုရလွန်း၍ မျက်လုံးတွေတောင် အစ်ဖောင်းမို့နေပေမယ့် မျက်ရည်တွေဟာ ကျနိုင်လွန်းစွာ ရင်ထဲက စကားတွေကို အပြတ်ပြောပြီး နောက်မှာတော့ ချောင်တစ်ချောင်မှာကပ်ကာ ငိုသာငိုနေမိသည်။

အကြည့် ဝဋ်ကျွေးတွေ ဒီနေရာမှာတင် တော်ပါရစေတော့။ တကယ်တော့ ဒေါက်တာ မုန်းတာ မမှားပါဘူး။ သူ့ဘဝအတွက် သူရွေးခဲ့ပြီးသားတွေကို အကြည် ဝင်တားမိသလိုဖြစ်ခဲ့လို့ အရာရာ လွဲခဲ့ရတာပါ။ မုန်းပါစေလေ။ ဒေါက်တာ စိတ်တိုင်းကျ မုန်းလိုက်ပါစေ။





"နင် စိတ်ကုန်တဲ့ အကြောင်းကို xxx ငါ xxx သိပါတယ်။ လမိုက်လို့နေတဲ့ xxx အနာဂတ်လမ်းပေါ် xxx ရင်ချင်းအပ်ပြီး xxx ရုန်းကန်ဖို့ xxx စိုးရိမ်ဆဲ xxx အလင်းမဲ့တဲ့ ညထဲ xxx နင် ချန်ခဲ့ပြီ…

ငါ့အကြောင်းနဲ့ ငါ့ကံ xxx ခံလိုက်မယ် xxx ဒီလူကို ချန်ထားပြီး xxx အဝေးကို xxx ထွက်သွားခဲ့ xxx ဘဝပေးလည်း xxx မကောင်းတာ ငါသိတယ် xxx အတိတ်ကို xxx ပြန်လည်ဖတ်ကိုင်း xxx ငါ ငိုချင်မိ…

နင် ငါ့ကို xxx ဒဏ်ရာတွေနဲ့ xxx ထားခဲ့ချိန် xxx တစ်ကိုယ်ရည် xxx စိတ်ကူးနွံထဲမှာ xxx အလွမ်းများနဲ့ နစ်မြုပ်နေပါပြီ xxx ဒီ ဝဋ်ကြွေး xxx လည်စင်းပြီးတော့ ငါခံမယ် xxx မျိုသိပ်ရင်နဲ့ xxx ကြေကွဲချိန် xxx ဝေးပြီ xxx ငါတို့ ဝေးခဲ့ပြီ"

အရင်တုန်းကတော့ "ငါ့အကြောင်းနဲ့ငါ့ကံ" သီချင်းကို နားထောင်သော်လည်း အဓိပ္ပာယ် နားမလည်ခဲ့။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးဆိုတဲ့ ဟည်ဆောက်ခြင်း နိယာမသဘောတရားတွေလည်း သိခဲ့ပြီဖြစ်ရာ ဒီသီချင်းဟာ အကြည့်အတွက်တော့ နှစ်သိမ့်စရာသီချင်းအဖြစ် နားထောင်ရင်း နားလည်ပေးမိသည်။

တကယ်ဆိုရင် လောကကြီးမှာ ကိုယ်ချစ်တာနဲ့ ကိုယ့်ကိုပြန်ချစ်မယ့်စိတ်မျိုး ဖန်တီးပေးနိုင်မယ့် စက်တစ်လုံးရှိရင် အသည်းကွဲတယ်၊ ခံစားရတယ်ဆိုတာ မြန်မာဝေါဟာရထဲမှာ မပါတဲ့ စကား ဖြစ်လိုက်ရင် သိပ်ကောင်းမှာပဲလေ။

○❤○







လွမ်းတယ်ဆိုတာ

အချိန်ပြည့်နိုးပါး နာကျင်နေသလို ခံစားပြီး

ဦးနှောက်ထဲက အသိတရားတွေက

သူ့ဆီရောက်နေတာပါ။

○❤○

www.burmeseclassic.com

www.burmeseclassic.com







(၁၄)

ဦးလွင်မော်က သိပ်ကို over confident တွေဖြစ်ကာ မိုးပေါ်ခေါင်ခိုက်နေသော ဘဝင်တွေ မာနတွေ ပြည့်လျှမ်းနေတဲ့ ဇနီး၊ သမီးနှင့် သားတို့ကို ကြည့်ကာ တကယ်ပဲ စိတ်ပျက်မိလေသည်။ သူဟာ အိမ်ထောင်ဦးစီးကောင်းတစ်ယောက် မပီသစွာ ကြပ်ကဲထိန်းချုပ်မှုပဲ ညံ့ခဲ့လို့လား။ ဒီလောက်အထိ အိမ်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေအတွက် သူဟာ လွန်ကုန်ခု သိလိုက်ရတဲ့အတွက် တကယ်ပဲ ကြိတ်မနိုင်ခဲမရစွာဖြင့် ဆောက်ခေါက်မိလိုက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တာကွာ... သိပ်ကို ကောင်းတယ်။ မအေနဲ့ အစ်မက သားကို မထိန်းတဲ့အပြင် မြှောက်ပေးကြတယ်။ သားငယ် မြတ်မဟော်တုန်းကလည်း မထားအပ်တဲ့ မာန တွေထားပြီး ကလေးကို စွန့်လွှတ်လိုက်လို့ နောက်ဆုံး သူများသတ်လို့ သေရတယ်။ အခုလည်း မင်းတို့က သားကြီးကို မှိုင်းတိုက်နေပြန်ပြီ။ မင်းတို့ပြောနေတဲ့ အဆင့်အတန်းဆိုတာ ဘာလဲ...

ဖြူဖြူကြည်က ငါတို့သားလေးကို ထောင်ချောက်ဆင်ပြီး အရချိုင်တယ်ပဲ မင်းတို့ စွပ်စွဲနေတယ်။ ဖြူဖြူကြည် ဒီအိမ်ပေါ် ရောက်လာတော့ မင်းတို့ ပြောသမျှ ဆိုသမျှ အားလုံးကို သည်းခံနေတာကျတော့ မင်းတို့ချီးကျူးဖို့ မေ့နေကြတာလား"

"ကျွန်မက သားကို အဆင့်မတူတဲ့ မိန်းကလေး"

"အေး... အဲဒီ အဆင့်မတူတဲ့ မိန်းကလေးကို မင်း,သားက ကွဲပြီး အဆင့်အတန်း မြင့်ပါတယ်ဆိုတဲ့ လင်းနှင်းဓိ





ကို ယူမယ်သွားပြောတော့ ဟိုက ပါးရိုက်တာပဲ မင်း,သားခံလာရတာမှလား"

သူက စိတ်ပေါက်ပေါက်ဖြင့် ပြောလိုက်လျှင် သားအမိနှစ်ယောက်လုံး ပါးစပ်ပိတ်ကာ ငြိမ်သက်သွားလေသည်။ သားငယ်ဟာ စိတ်ဖိစီးမှုတွေ ဘယ်လောက်အထိကို ပြည့်နှက်များပြားနေတယ်ဆိုတာ သိသာလွန်းစွာ ခေါင်းငိုက်စိုက်ချ၍ ငြိမ်သက်နေရှာသည်။

ဒီအိမ်မှာ အခုလိုမျိုး မပျော်မရွှင် အဖြစ်တွေ ဖြစ်နေတာကို သူလည်း ဘယ်လိုမှ မခံစားနိုင်ပေ။ အမြဲတစေ ဘယ်သောဖြစ်ဖြစ် Active ဖြစ်ကာ တက်ကြွနေသော သားဟာ အခုသော့ အတော်ကြီး စိတ်ဓာတ်ကျဆင်းနေပုံ ပေါက်နေတာမှန်း သိသာလွန်းနေတာကြောင့် သူက သားကို အားပေးနှစ်သိမ့်ရင်းက...

"မဟော်... သား... မင်း ညီလေးမြတ်မဟော် နာမည်သုံးပြီး ဖြူဖြူကြည်ဆီ ချဉ်းကပ်ခဲ့တုန်းက သူ မင်းကိုသစ္စာ

www.burmeseclassic.com



ဖောက်တဲ့ အပြုအမူများ လုပ်ခဲ့လို့လား။ မိန်းကလေးတစ်ယောက်ကို ဒီလိုမလုပ်သင့်ပါဘူးကွာ။ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် အဲဒါ သားလက်ထပ်ထားတဲ့ မိန်းမလေ"

အဲဒီစကားတွေအတွက် မဟော်က အဖေ့ကို ကြည့်မိသွားသည်။ တကယ်ပဲ ဒီအချိန်မှာ သူ့ရင်ထဲက ခံစားချက်တွေဟာ ရှုပ်ထွေးနေတာပဲ ဖြစ်သည်။ ဘာကို အလိုမကျလို့ ဖြစ်နေမှန်း မသိရလောက်အောင်ပင် ဝေခွဲမရတွေဖြစ်ကာ တကယ့်ကို နာကျင်နေရတာပဲ ဖြစ်သည်။

သူ့ကို မြတ်မဟော်လို့ မြင်တုန်းက ပြောဖူးခဲ့တဲ့ ဖြူဖြူကြည်ရဲ့ စကားတစ်ခွန်းကို နားထဲ ကြားယောင်မိတိုင်း နှံးချိသွားတဲ့ ကိုယ့်နှလုံးသားဟာ အင်မတန်မှကို ဆန်းကြယ်လှလေသည်။

"အဲဒါက ပြန်ပြောလို့ ကောင်းတဲ့ကိစ္စမျိုးတော့ မဟုတ်ပါဘူး မဟော်ရယ်။ အကြည့် အစ်ကိုက ဒေါက်တာနဲ့ အတင်းလက်ထပ်ပေးချင်တဲ့စိတ်မှာ အကြည် ကိုယ်တိုင်





က အလိုတူ အလိုပါ လက်သင့်ခံမိခဲ့တာပါ။ သူ့ကိုချစ်တဲ့စိတ်နဲ့ အဆင်ပြေလာမှာပဲဆိုပြီး လွယ်လွယ်လေး တွေးခဲ့ပေမယ့် လက်တွေ့ကျတော့ ကိုယ့်ကို မုန်းသွား စိတ်နာသွားတဲ့ လူတစ်ယောက်ဆီက အချစ်ကို မျှော်လင့်ရတာဟာ အရမ်းကို ခက်ခဲလွန်းပါတယ်"

သူပြောတဲ့ စကားတွေဟာပဲ မှားသလား၊ ဖြူဖြူကြည် ပြောတာတွေကပဲ မှားနေသလား သူ မသိတော့။ ဖြစ်နိုင်ရင်တော့ အရာအားလုံးကို ဒီမှာတင်ပဲ 'နိဂုံးချုပ်ပစ်ချင်မိသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com







အကြည့် အတွက်တော့ ဒီမှာ ဖြတ်သန်းရတဲ့ နေ့ ရက်တွေအတွက် ဝင်ငွေလေးရအောင် ရွာထိပ်က စားသောက်ဆိုင် က ငွေကိုင်သဘော ဝင်လုပ်ပေးနေခြင်းဟာ အထိုက်အလျောက် တော့ အစ်ကိုကြီး အသုံးစရိတ် လောက်ပေမယ့် အကြည့်အတွက် တော့ လောကဓံဆိုတဲ့ ဒဏ်ကြီးကို ကြံ့ကြံ့ခံနိုင်အောင် အလူး လဲ ကျင့်နေတာပဲ ဖြစ်သည်။

မမှီမကမ်းနဲ့ လှမ်းတော့ ပြုတ်ကျတာပေါ့။ သူဌေး သားစုက ကန့်ထုတ်လိုက်ပြီလေ စသဖြင့် မေးငေါ့နေတဲ့ ကောင်းအဖျင်းတွေကြားမှာ အဆင်ပြေအောင် နေဖို့ဆိုတာ အကြည့် တွက်ကတော့ တကယ့်ကို အရည်ထူနိုင်မှ ဖြစ်၏။ အဲဒီစကား



www.burmeseclassic.com

www.burmeseclassic.com



တွေ ကြားရတိုင်း အစ်ကိုကြီးဟာ မှုးမှုးနဲ့ အားလုံးကို ပတ်ရမ်းရင်း သောင်းကျန်းတော့တာမို့ အကြည့်မှာ လိုက်ဆွဲရတာ အကြိမ်ကြိမ်။

"အကြည် တောင်းပန်ပါတယ် အစ်ကိုကြီးရယ်။ ဘာဖြစ် လို့ ဒီလောက်အထိ ဒုက္ခပေးနေရတာလဲ"

"ဟား… နင့်ကို ဒီလောက် အတင်းတွေ အဖျဉ်းမျှ ပြောဆိုနေတာ ငါက ငြိမ်ခံနေစရာလား။ မိကြည်… ငါ တော့ လူသတ်မိတော့မယ်နော်။ နင့်ကောင်ဆီက နစ်နာ ကြေး တစ်ပြားမှလည်း မရဘဲ ဒီအတိုင်း ပြန်လာတော့ အရပ်ထဲက နင်မှားလို့ ဟိုက ကန်ချလိုက်တာပဲ ပြော ပြီပေါ့"

အစ်ကိုကြီးဟာ စကား ဘယ်က စပြော စပြော နောက်ဆုံး အဆုံးသတ်ရင် ဒီဘူတာပဲ ဆိုက်တာမို့ အကြည့် လည်း တကယ်ပဲ စိတ်တွေပင်ပန်းကာ အစ်ကိုကြီးကို အမြဲ တကြည့်ကြည့်, ကြည့်နေရတာပဲ ဖြစ်သည်။ မဝေတ် အကြည့် မျက်စိအောက်က လွတ်သွားတာနဲ့ ရန်ကုန်ထွက်သွားပြီး ဒေါက်တာ တို့ဆီ သွားပြဿနာရှာနေမှာ စိုးကာ နစ်နာကြေးတွေ သွားတောင်း





နေမှာစိုး၍ အကြည့်မှာ အမြဲ တကြည့်ကြည့် လှမ်းကြည့်နေရတာ ဖြစ်၏။

"အစ်ကိုရယ်… အကြည် တကယ့်ကို အနူးအညွတ် တောင်းပန်နေတာပါ။ ဘာမှ ပြဿနာထပ်ပြီး သွားမရှာ ပါနဲ့တော့။ အကြည် ပြောတာကို လက်ခံပါ"

"နင် ငါ့ကို ဒီလောက်ထိ တားနေလို့ ငါ စိတ်လျှော့ထား ရတာ အကြည်။ ငါ နစ်နာကြေး ပိုက်ဆံတွေ လိုချင်လို့ ရန်ကုန်သွားမယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ငါ့ညီမ အခု လို အသည်းတွေကွဲပြီး မျက်ရည်ကျနေရလို့ အဲဒီ ဆရာဝန် ကောင်ကို ငါက မှတ်လောက်သားလောက် ဖြစ်သွားအောင် ဆုံးမချင်တာ"

"အကြည့်ကို အစ်ကိုကြီး ညီမအဖြစ် သတ်မှတ်သေးတယ် ဆိုရင် အဲဒီစကား ထပ်မကြားပါရစေနဲ့တော့။ ပြီးသွားပါ ပြီဆိုတဲ့ ကိစ္စတစ်ခုအပေါ်ကို အစ်ကိုကြီးက ဘာတွေများ ပြဿနာထပ်ရှာချင်သေးလို့လဲ။ အကြည် တောင်းပန်ပါ တယ် အစ်ကိုကြီးရယ်။ အကြည်တို့ ဒီလိုမျိုးလေး အေး အေးဆေးဆေး နေရတာပဲ အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးက အကြည်ရဲ့စကားကြောင့် အတန် ငယ် ငြိမ်သက်သွားကာ အကြည့်ကို သနားစရာ ကောင်းနေသော မျက်ဝန်းတို့ဖြင့် ကြည့်ရင်း ဘက်ပြင်းချလေသည်။ အစ်ကိုကြီး အနေနှင့်လည်း သူစီစဉ်ခဲ့တဲ့ ကိစ္စအတွက် အပြစ်ရှိတယ် ဆိုသော် ငြား အဲဒီ လုပ်ဆောင်မှုမှာ ညီမကို ကောင်းစားစေချင်သော မေတ္တာအရင်းခံ စေတနာကြောင့် ဖြစ်ခဲ့ရသည် ဆိုတာကို အကြည် ဘက်က ညီမဖြစ်နေသောကြောင့် နားလည်ပေးနိုင်ပေမယ့် တစ် ဖက်က သူစိမ်းဖြစ်တဲ့ ဒေါက်တာကတော့ ဒါဟာ တမင်တကာ ကြံစည်ခဲ့သည့်အတွက် သူ့ဘဝပျက်ရပါသည်ဟု အကြိမ်ကြိမ် ကြွေးကြော်ကာ အမုန်းကြီး မုန်းနေလို့ ကောင်းတုန်းပဲ ဖြစ်သည်။

ဒီအချိန်ဆိုရင် ဒေါက်တာ တစ်ယောက် မမလင်း နှင်းဆီနှင့် ပြန်လည်သင်မြတ်သွားကာ ရွှေလက်တွဲလို့ ပျော်နေ ကြပြီလား ? ။ ဖြစ်သင့်ပါတယ် ဒေါက်တာရယ်။ အကြည်က ခပ်လေးလေး သက်ပြင်းတစ်ခုကို ချလိုက်ရင်း မေ့မေ့ပျောက် ပျောက် ထားလိုက်ကာ လုပ်စရာရှိတာ ဆက်လုပ်နေတော့သည်။

○❤○







သတိရတယ်ဆိုတာ
အချိန်တိုင်းတော့ မဟုတ်ပေမယ့်
တိုက်ဆိုင်တာမျိုး ရှိလာတိုင်းမှာ
ရှိရင် ကောင်းမှာပဲလို့
တွေးလိုက်မိရုံ လွမ်းမိခြင်းပဲ။

○❤○

www.burmeseclassic.com

www.burmeseclassic.com







(၁၅)

"အကြည်... အကြည် မဟုတ်လားဟင်"

လှမ်းခေါ်လိုက်သော ခေါ်သံကြောင့် အကြည်က လှည့်ကြည့်မိလိုက်လျှင် ထင်မှတ်မထားသောသူကို တွေ့တွေ့ဆိုင်ဆိုင် သွားဆုံတာကြောင့် အကြည်ဟာ တစ်ခဏတော့ တွေဝေမိန်းမောသွားပြီးမှ သတိပြန်ဝင်လာကာ မမလင်းနှင်းဆီကို ပျာပျာသလဲ နှုတ်ဆက်လိုက်သည်။

"မမ... မမက ဘယ်လိုက ဘယ်လို ရောက်နေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မမက ဒီတိုက်နယ်ဆေးရုံမှာ ပိုစတင်နဲ့ လာတာ၊ အကြည်ကတော့ မတွေ့တာတောင် ကြာပြီနော်"

"ဒီကနေ နှစ်မိုင်လောက် ဆက်မောင်းသွားရင် အကြည်တို့ နေတဲ့ရွာကို ရောက်ပြီ။ အခု အစ်ကိုကြီးအတွက် လိုအပ်တဲ့ ဆေးလေးတွေ ကုန်သွားလို့ လာဝယ်တာပါ"

"ဪ... အကြည်က ဒါဆိုရင် ဒီမှာပဲ နေနေတာလား"

"ဟုတ်တယ်... မမ"

မမလင်းနှင်းဆီကို ကြည့်ရတာ အကြည့်ကို တစ်ခုခု ပြောချင်ပုံရသည်။ အကြည်က စကားတွေ သိပ်အရှည်ကြီး ပြောနေမှာစိုးသောကြောင့် မြန်မြန်ရှောင်ထွက်ဖို့အတွက် နှုတ်ဆက်ကာ ထွက်မည်အပြုတွင် အကြည့်ကို လှမ်းပြောလိုက်သော စကားက ခြေလှမ်းတို့ကို တုံ့ခနဲ ရပ်တန့်သွားစေသည်။

"အကြည် အိမ်ပေါ်က ဆင်းသွားလို့ သူ တော်တော်စိတ်ထိခိုက် ခံစားနေရတယ်"





"မဖြစ်နိုင်ပါဘူး မမရယ်၊ အကြည်က ဒေါက်တာ့အတွက်တော့ အပြစ်တွေ အများကြီး ကျူးလွန်ထားတဲ့ သူတစ်ယောက်ပါ...

ဒီအချိန်လောက်ဆို ဒေါက်တာက သူ့ဆေးရုံကို ဂရုစိုက် နေရတာနဲ့တင် အားမယ်မထင်ပါဘူး"

"အဲလိုတော့လည်း မဟုတ်ပါဘူး၊ မဟော်က အကြည့်ကို သတိရနေပါတယ်။ သူမှားခဲ့တဲ့ တချို့အမှားလေးတွေအတွက်လည်း စိတ်မကောင်း ဖြစ်နေတာပါ။ တကယ်တော့ လင်းနဲ့ မဟော်တို့က အကြည်နဲ့လက်ထပ်လိုက်တဲ့ နေ့ကစပြီး 'ဒို့ရင်ထဲက သူ့အပေါ်ကိုထားတဲ့ မေတ္တာစေတနာ တွေ ရပ်ခဲ့ပြီးသားပါ...

မမ အနေနဲ့ အကြည့်ကို မိန်းမချင်း ကိုယ်ချင်းစာလို့ အကြံတစ်ခု ပေးပါရစေ။ မဟော်က အေးအေးဆေးဆေးသမားပါ သူ့ကို စိတ်ရှည်ရှည်ထားပြီး အကြည့်ရင်ထဲက မေတ္တာတွေ မပျက်စေချင်ဘူး။ တစ်နေ့တော့



www.burmeseclassic.com

www.burmeseclassic.com



ရောင်ပြန်ဟပ်မှာပါ။ အကြည့်စိတ်ထဲမှာလည်း မမနဲ့မဟော်ကို စိတ်စနိုးစနောင့် မဖြစ်ပါနဲ့နော်”

မမလင်းနှင်းဆီရဲ့ ရဲရဲတောက် တက်ကြွနေသော သူ့ရဲ့ပုံစံတွေကို မြင်ယောင်လာကာ အားကျမိသည်။ တစ်နေ့တော့လည်း မမ ပြောသလို ဖြစ်ကောင်း ဖြစ်လာပါစေလို့ အကြည့်ဘက်က မျှော်လင့်ရုံမှလွဲ၍ မတတ်နိုင်ချေ။

○❤○





ဖုန်းသံ ring မြည်လာသည်နှင့် သူက ထုတ်ကြည့်လိုက်လျှင် ထင်မှတ်မထားသော နာမည်တစ်ခု ဖြစ်တာကြောင့် ချက်ချင်းပင် ဖုန်းကိုင်လိုက်ကာ အမောတကော ပြန်ပြောရလေသည်။

“ဟလို... ဟလို... လင်း... နင် အခု ဘယ်ရောက်နေတာလဲ။ ကိုယ်က လင်းကို စိတ်ပူနေတာ”

“လင်းအတွက် ဘာမှစိတ်မပူပါနဲ့ မဟော်ရယ်။ ဒီက ဒေသခံတွေက အစစအရာရာ လိုလေသေးမရှိအောင် ငါ့ကို ကူညီပေးကြပါတယ်။ ငါ အခု ဖုန်းဆက်လိုက်တာ အရေးတကြီးကိစ္စ ပြောစရာရှိလို့ မဟော်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲဟင် ! "

"ငါ ဒီမှာ အကြည့်ကို တွေ့တယ်။ ဒီလောက်ဆိုရင်တော့ ငါ ဘယ်ရောက်နေတယ်ဆိုတာ နင် ရိပ်မိလောက်ပြီပေါ့။ နင့်ကို အဆင်ပြေ ပျော်ရွှင်တဲ့ မိသားစုလေး ဖြစ်စေချင်တယ်၊ နင် အကြည့်ကို အတိုင်းအတာတစ်ခု အထိလည်း ထားခဲ့ပြီးပြီဆိုတော့ ဒီအချိန်မှာ အသစ်က ပြန်စသင့်ပြီ ထင်တယ်"

ဒီအချိန်အထိ သူ့ကို စေတနာတွေပိုစွာ နားလည်အကြံပေးနိုင်သော လင်းကို အမှန်အတိုင်း ပြောရလျှင် သူတကယ်ကို အားနာမိသည်။

လင်းဟာ ထင်ထားတာထက် ပိုသဘောထားကြီးပေးနိုင်သည်။

"အေးပါဟာ... အဲဒီကို လာခဲ့ပါ့မယ်"

"ကောင်းပြီ မဟော်၊ နင်တို့ နှစ်ယောက် အဆင်ပြေမယ့်နေ့ကို ငါ စောင့်နေမယ်"





လင်း ဖုန်းချသွားလျှင် သူက လေပူတစ်ချက်မှုတ်ထုတ်လိုက်ရင်း ပြန်ပြီး စဉ်းစားခန်း ဝင်မိသွားသည်။ အိမ်ကနေအဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် သတ္တိရှိရှိ ဆင်းသွားခဲ့သောအကြည့်ကို စိတ်ထဲကနေ ချီးကျူးမိသလိုလို လွမ်းမိသွားလေသည်။ ထို့အတွက်ကြောင့် မဟော်က ဖေဖေ မေမေတို့ စိတ်ပြေလက်ပျောက်လည်းဖြစ်အောင် ခေါ်သွားဖို့ ဆန္ဒရှိလေသည်။

○❤○



www.burmeseclassic.com

www.burmeseclassic.com







သူ လာခဲ့ဖူးသောအိမ်သို့ တန်းတန်းမတ်မတ် ရောက်လာကာ ကားပေါ်က ဆင်းလိုက်တာနဲ့ ဝါးကွပ်ပျစ်ပေါ်မှာထိုင်ပြီး အရက်သောက်နေတဲ့ ကိုမိုးကြီးကို လှမ်းမြင်လိုက်လေသည်။ ဟိုတုန်းက သူ့ဆီသို့သွားဖို့ ခြေလှမ်းအပြင်မှာတင် သူ ရောက်နေခန်း လှမ်းတွေ့လိုက်တဲ့ ကိုမိုးကြီးက ဒယီးဒယိုင်ဖြင့် မဟော့ဆီသို့ ပြေးဝင်လာကာ...

"ဟော့ကောင်... မင်း ဒီကို ဘာလာလုပ်တာလဲ။ ဒီနေရာမှာ မင်းနဲ့ ပတ်သက်တာ ဘာမှမရှိဘူး။ ငါ့ညီမကို ဒုက္ခပေးတဲ့ မင်းလိုအကောင်ကို ဒီလောကကြီးထဲမှာ အသက်ရှင်ခွင့် မပေးနိုင်ဘူး"

www.burmeseclassic.com



ဒယီးဒယိုင်ဖြင့် မူးနေသော ကိုမိုးကြီးသည် ဒေါသ အရှိန်ဖြင့် မဟော်ကို လှချင်းပူကပ်လိုက်ကာ သူ့နောက် ခါးကြား မှ ဓားကိုထုတ်ကာ မဟော့် ရင်ဘတ်အောက်နားဆီသို့ ထိုးသွင်း လိုက်ချိန်တွင် နာကျင်သွားသော ဝေဒနာက စူးခနဲ အော်မျ ကာ အိမ်ပေါ်ကနေ "အစ်ကိုကြီး... ဒေါက်တာ..." ဟု အကျ ကြီး လှမ်းအော်လိုက်တဲ့ အကြည့်ရဲ့အသံကို ကြားလိုက်လျှင် ဟာ နာကျင်မှုထဲမှ ရအောင် တစ်ချက်ကြည့်လိုက်ကာ မြေပြ ပေါ်သို့ ခွေခနဲ လဲကျသွားပြီး နောက်တွင် ဘာဆိုဘာမှ မ တော့ချေ။

○❤○







မပြောင်းလဲနိုင်လို့
မတားဆီးနိုင်လို့
မုန်းခဲ့မိတယ် ဆို။
မုန်းမိတဲ့ အမုန်းဟာ
အချစ်တို့ ဖြစ်မလာစေဖို့
တောင်းဆုပြု။

○❤○

www.burmeseclassic.com

www.burmeseclassic.com

ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
**မယ်မင်းဘုံ**
အမှတ်–၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Fácebook on "Mae Min Bon"



စိတ်ထဲကနေ ဘုရား တရား သံဃာကိုသာ အာရုံပြု၍ ဒေါက်တာ့မျက်နှာကို မြင်ယောင်ကာ ဆုတောင်းနေမိသည်။ ဘုရား ... ဘုရား ... ဒေါက်တာ ဘာမှ မဖြစ်ပါစေနဲ့။ ကြောက်ရွံ့ တုန်လှုပ်စွာ ဆုတောင်းမှုဟာ လွဲချော်သွားမှာကို အရမ်းစိုးရိမ်စွာ ဆုတောင်းနေမိတာပဲ ဖြစ်သည်။

မမလင်းနှင်းဆီက operation ခန်းထဲက ထွက်လာချိန်မှာ အကြည်က စိုးရိမ်မှုနဲ့ မတ်တတ်ထရပ်လိုက်လျှင် ထလိုက်သော်လည်း ခြေထောက်တို့က ရှေ့သို့ဆက်မတိုးရဲဘဲ တန့်နေမိသည်။ ဒေါက်တာ့မိဘတွေနဲ့ အစ်မက မမလင်းနှင်းဆီသို့ သွားသာမေးတဲ့ စိုးရိမ်တကြီးမေးတဲ့ မေးခွန်းကိုသာ နားစွင့်နေမိသည်။

www.burmeseclassic.com



"သမီး… သမီး… အန်တီ့သားလေး"

"ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး အန်တီ"

"တော်သေးတာပေါ့။ ကျေးဇူးအများကြီး တင်ပါတယ် လင်းရယ်"

ရင်ထဲကနေ လှိုက်ဆူနေအောင် ပွလုသော အပူလုံးကြီးဟာ အခုမှ ဟုန်းခနဲ ငြိမ်းကျသွား၍ ထိုင်ချလိုက်နိုင်သည်။ ဒေါက်တာ ဘာမှမဖြစ်လို့ တော်သေးတာပေါ့။ ဒေါက်တာသာ တစ်ခုခုဆိုရင် အကြည်တော့ ဘယ်လိုမှ ဖြေမဆည်နိုင်အောင် ရူးတော့မှာပဲ။

"မမ… ခဏလေးနော်။ လင်း သူ့ယောက်ျား ဘာခုအန္တရာယ်မရှိတော့ကြောင်းကို အကြည့်ကို သွားပြောလိုက်ဦးမယ်"

မမလင်းနှင်းဆီက အကြည့်ဘက်သို့ လျှောက်လာတာကြောင့် အကြည်က သေချာချင်သော သတင်းစကားအတွက် မျှော်လင့်တကြီး မေးမိလေသည်။





"မမ"

မမ လင်းနှင်းဆီဟာ အင်မတန်မှ သဘောထားကြီးစွာသော အပြုံးဖြင့် အကြည့်ရဲ့လက်တွေကို ဆုပ်ကိုင်ကာ…

"မဟော် အသက်အန္တရာယ် ကင်းပါတယ်။ ဘာမှ မစိုးရိမ်ပါနဲ့တော့။ အကြည် ဆေးရုံကို အချိန်မီပို့ပေးနိုင်လို့ ဘာမှ မဖြစ်တာပါ"

"ကျေးဇူးများကြီး တင်ပါတယ် မမရယ်"

အကြည်က ရှိသေစွာ လက်အုပ်တောင် ချီလိုက်မိလျှင် မမက အကြည့်ကို တားလိုက်ရင်း…

"မလိုပါဘူး ညီမရယ်။ ကျေးဇူးတင်ဖို့ မလိုပါဘူး"

အကြည့်ကို နားလည်မှု မေတ္တာတရားတွေအတွက် အကြင်နာပေးလေသော မမလင်းနှင်းဆီရဲ့ နောက်နားကို ဒေါက်တာ့သားစု ရောက်လာလျှင် အကြည်က အကြည့်ရဲ့ မှားစွာသော အမှားများအတွက် ရိုကျိုးစွာ တောင်းပန်မိသွားသည်။

"ဒေါက်တာ အခုလို ဖြစ်သွားရတဲ့အတွက် တောင်းပန်ပါတယ်။ အစ်ကိုကြီးကိုလည်း သက်ဆိုင်ရာက ဖမ်းသွားကြ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ အကြည့်ကြောင့် ဒေါက်တာတို့မိသားစု ဂုဏ်သိက္ခာတွေ ကျဆင်းခဲ့ရတာ အနှုးအညွတ်ကို တောင်းပန်ပါတယ်"

"ဒီကိစ္စမှာ ဘယ်သူ့ပ မမှားခဲ့ကြပါဘူး။ တကယ်တော့ သားနဲ့အတူ အန်တီတို့ ဒီမှာရှိနေကတည်းက မင်းကို လာပြန်ခေါ်တာဆိုတာ မင်း သိသင့်တယ် ဖြူဖြူကြည်"

"ရှင်"

အန်တီပြောတဲ့စကားက ထူးဆန်းအံ့အားသင့်စရာကောင်းလောက်အောင် ဆန်းကြယ်လှတာကြောင့် အကြည့်မှာ ဘာပြောရမှန်း မသိတော့စွာ အံ့အားသင့်နေတုန်း မမမိုးမဟော်က အကြည့်ကို ထပ်မံပြောလေသည်။

"မင်းကို မမတို့ဘက်ကလည်း ဆိုးခဲ့မိတာတွေ ရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အာဃာတတွေ ကင်းလိုက်ကြတာပေါ့။ ကြားဖူးနေတဲ့ သမီးယောက္ခမ ဘို့ သမီးယောက်မတို့ အဲဒီပုံပြင်တွေ အားလုံးကို ရုပ်သိမ်းလိုက်ပါပြီ။ မင်းကို တို့ရဲ့ညီမလေးအဖြစ် နားလည်ပေးလိုက်ပါပြီ"





ကြားနေရတဲ့ အခုအဖြစ်အပျက်ဟာ အိပ်မက်များ မက်နေသလား ထင်မှတ်မှားရအောင် အံ့သြလွန်းနေရှာတာပဲ ဖြစ်သည်။

"အကြည်... အကြည်... ဘာပြောရမှန်းတောင် မသိတော့ဘူး"

"အခုလို အားလုံး သင့်မြတ်သွားတာ လင်း တကယ် ဝမ်းသာတယ်။ မဟော်ကလည်း သိပ်ပျော်မှာ သေချာကယ်"

ဘာပဲဖြစ်ဖြစ် အဆင်ပြေမှု ရောင်ခြည်တွေဟာ ပြာလင်းလာတာကြောင့် ပျော်ရွှင်ပီတိ ဖြစ်မှုများဖြင့် ဘာပြောရမယ်မှန်းတောင် မသိတော့ချေ။

ဘဝဟာ အဆိုးတွေပြီးရင် အကောင်းတွေ လာပြီဆိုတာ အကြည် အခုသိခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com







"အားလုံး အိုခဲတယ်။ မဟော်… နင်ကလည်း ဒီဒဏ်ရာလောက်နဲ့ သိပ်နုပြမနေနဲ့နော်"

လင်းက သူ့ကို စမ်းသပ်ပြီးသွားလျှင် နောက်ရွှတ်ရွှတ် ပြောလိုက်တာကြောင့် သူက သဘောတကျ ပြုံးမိသွားသည်။ ဗိုက်နားက နာကျင်မှုဝေဒနာကို မေ့လောက်အောင်ကို စိတ်ထဲက ကြည်နူးမှုက ကျော်လွန်နေတာကြောင့် အားလုံး ပျော်ရွှင်မှုတွေ ဖြစ်နေလေသည်။

"မောင်လေး ဆန်ပြုတ် အရင်စားလိုက်ဦး။ ပြီးရင် ဆေးသောက်ရတော့မယ်မှလား လင်းရေ"

"ဟုတ်… အစ်မ"

www.burmeseclassic.com



မမက ဆန်ပြုတ်တိုက်ဖို့ သူ့နံဘေးသို့ ဝင်ထိုင်လေလျှင် သူက ခေါင်းအုံးကိုမှီကာ ခပ်လျော့လျော့လေး မှီထိုင်လိုက်သည်။ မမက သူ့အတွက် ဘဲသားဆန်ပြုတ်ကို အအေးခံပေးနေရင်းက လက်တို့က ရုတ်တရက် သိသိသာသာကို တန့်သွားတာကြောင့် မပျော်က ဘာလဲဆိုပြီး အကဲခတ်မိချိန်မှာ မမမျက်နှာက အပြုံးတစ်ခုနှင့်အတူ မလှမ်းမကမ်းနားမှာ ရပ်နေလေတဲ့ အကြည့်ဘက်သို့ ကြည့်ကာ လှမ်းပြောလိုက်တဲ့ စကားက သူ့ကိုတောင် အံ့အားသင့်သွားစေတာပဲ ဖြစ်သည်။

"အကြည်… မောင်လေးကို ဆန်ပြုတ်တိုက်ပေးပါဦး"

ဒီစကားလုံးလေးဟာ ဘာမှမဟုတ်ဘူး ဆိုပေမယ့် အဲဒီထဲမှာ အနက်အဓိပ္ပာယ် ဘယ်လောက်ပါတယ်ဆိုတာ တအားသိသာနေပေသည်။ အကြည်က ကြည်နူးဝမ်းသာမှုနဲ့အတူ သူ့နံဘေးသို့ ရောက်လာကာ မမဆီမှ ဆန်ပြုတ်ပန်းကန် လွှဲယူလျှင် လင်းဆီက ပီတိဖြစ်နေသော အပြုံးကိုလည်း သူ မြင်နေရလေသည်။ အကြည်က သူ့ကို ဆန်ပြုတ်တစ်ဇွန်း ခွံ့တိုက်ချိန်မှာ





သူက ပျော်ရွှင်မှုဖြင့် သောက်လိုက်မိသည်။ အခြေအနေတွေဟာ သူ နိုးထအလာမှာ စိတ်ချမ်းသာစရာတွေနှင့် ကြုံလိုက်ရတာကြောင့် တကယ်ပဲ စိတ်ချမ်းသာရလေ၏။

အားလုံးက သူနဲ့ အကြည့်အတွက် နားလည်သိတတ်စွာ ရှောင်ထွက်သွားကြလျှင် သူကလည်း လျင်မြန်စွာ လှုပ်ရှားရလေသည်။

"ကိုယ့်ကို စိတ်မဆိုးတော့ဘူးပေါ့နော် အကြည်"

သူ့ရဲ့မေးခွန်းအတွက် အကြည်က သူ့ကို ဆန်ပြုတ်နောက်တစ်ဇွန်း ခွံ့တိုက်ပြီးမှ…

"အကြည်က မေးရမယ့် မေးခွန်းပါ။ ဒေါက်တာ အကြည့်ကို မုန်းမနေတော့ပါဘူးနော်"

အဲဒီမေးခွန်းအတွက် သူက ဟက်ဟက်ပက်ပက် ရယ်မောမိသွားသည်။ တကယ်လည်း အဲဒီမေးခွန်းရဲ့အဖြေကို သူ့ကို ကိုမိုးကြီး ဓားနဲ့မထိုးခင် နာရီပိုင်းအလိုမှာ သေချာလေး သိသွားခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြည်က ကိုယ့်အတွက် မုန်းလို့မရအောင် ချစ်မိသွားတဲ့ အမျိုးသမီးပါ။ ကိုယ့်ကိုကော ချစ်တယ်မှုလားဟင်"

သူ့စကားအတွက် အကြည်က ပျော်ရွှင်ကြည်နူးမှုက သိသာစွာ ရှက်ရိပ်သန်း မျက်နှာဖြင့် ခေါင်းပြန်ညိတ်ပြသွားသည်။

တကယ်တော့ အမုန်းဆိုတာ အချစ်ရဲ့ လက်တစ်ကမ်း အနေအထားမှာ ရှိနေတာ သူ သဘောပေါက်ပြီဖြစ်၏။

မဟော်က ပျော်ရွှင်ကြည်နူးမှု များစွာဖြင့် ရှေ့ဆက်လျှောက်ရမယ့် လမ်းတွေအတွက် သူဟာ ခေါင်းထဲ ရောက်လာတဲ့ အတွေးတစ်ခုအတွက် မေးခွန်းပြန်ထုတ်လိုက်မိသွားသည်၊

"ဩော်... နေဦး။ အကြည်က ဆက်မဟော်ကို ချစ်တာလား၊ မြတ်မဟော်ကို ချစ်တာလားဟင်။ ကိုယ်က အကြည်ချစ်အောင် ဘယ်လိုနေရမှာလဲ"

"အကြည်က အကြည့်ကို မုန်းတဲ့ ဒေါက်တာဆက်မဟော်တစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာပါ"





အဖြေစကားနဲ့အတူ သူ့ကို ဆန်ပြုတ် နောက်တစ်ဇွန်း ခွံ့တိုက်လေ၏။ ပျော်ရွှင်သွားသော အိမ်ထောင်ရေးကို စတင်တော့မယ့် သူတို့အတွက် အမုန်းဆိုတာ တစ်ချိန်က အချစ်ဖြစ်ဖို့ တည်မြဲရာ အကြောင်းတရားအဖြစ် အမြဲတသသ ပြောဖို့ကျန်သည့် စကားလုံးပဲ ဖြစ်နေတော့၏။

○❤○



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စွာဖြင့်

**မယ်မင်းဘုံ**

24-11-2015

7:05 A.M.

ဝေဖန်စာ၊ အကြံပေးစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
**မယ်မင်းဘုံ**
အမှတ်-၃၉(မြေညီ)၊ မွေ့စိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"

BURMESE CLASSIC
www.burmeseclassic.com